



Book Sharing

Scanned by CamScanner

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | – | ၅၀၀၂၆၀၀၃၀၇ |
| မျက်နှာဖုံးခွင့်ပြုချက် | – | ၅၀၀၃၅၄၀၄၀၇ |
| အကြိမ် | – | ပထမအကြိမ် |
| | | ၂၀၀၇–ခုနှစ်၊ မေလ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀ိ/– |
| ထုတ်ဝေသူ | – | ဒေါ်ကေခိုင်ဦး (မြဲ–၀၃၇၆၉) ရွှေသမင်စာပေ ၃၇/၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။ |
| အတွင်း/အဖုံးပုံနှိပ်သူ | – | ဒေါ်မြင့်မြင့်ကြူ (မြဲ – ၀၈၁၀၈) မိုးကောင်းကင်အော့ဖ်ဆက် အမှတ် (၁၂၁)၊ ၃၈ လမ်းအောက် ကျောက်တံတားမြို့နယ်။ |


Book Sharing

# ၁ ဖြူဥလေးသွယ်

☆ ☆ ☆

ညသည် တိတ်ဆိတ်နေပေမယ့် ယနေ့ထက်တိုင် အိပ်မပျော်သူ တစ်ယောက်ကတော့ ရှိလေ၏။ သူမကတော့ ယနေ့မှလက်ထပ်လိုက်သော အသစ်စက်စက် သတို့သမီးလေး နွယ်ဝတီဖြစ်သည်။

ကြည့်စမ်း သူမနှင့် ဆန့်ကျင်ဘက်မင်္ဂလာဦးနှစ်ယောက်အိပ် ခုတင်ကြီးပေါ်မှာ နှစ်ခြိုက်စွာအိပ်ပျော်နေသူက အသစ်စက်စက် သူမ၏ ခင်ပွန်းလောင်း ဒေါက်တာစေတုန်းဖြူလေ။

ခမ်းနားထည်ဝါသော ပရွည်းတွေစုံလင်သည့် ကျယ်ပြန့်သော မင်္ဂလာခန်းမကြီးထဲမှာ ညဦးအလယ်တိတ်တိတ်ဆိတ်ဆိတ်ရှိနေသည့် သူမတို့ နှစ်ယောက်ဟာ အသစ်စက်စက် ဇနီးမောင်နှံတွေတဲ့လား။

ညတုန်းက ညစာစားပွဲဝတ်စုံအဝိုင်း ဒေါက်တာစေတုန်းဖြူဟာ အိပ်မောကျနေခြင်းပင်။ သူ၏ မိတ်ဆွေသူငယ်ချင်းတွေက မင်္ဂလာဦးညမှာ မူးအောင်တိုက်လိုက်တာလား။ ဒါမှမဟုတ် သူကိုယ်တိုင်က ပင် မူးအောင်သောက်လာတာလားမသိ။ သည်အခန်းထဲ ရောက်တာ

နှင့် စုတင်ပေါ်မှောက်လျက်ထိုးကာ နှစ်မြို့က်စွာ အိပ်ပျော်သွားခြင်း ပင်။

"ဒီည နွယ်ရဲ့ မင်္ဂလာဦးညကိုတော့ သိပ်ရင်ခုန်စရာကောင်းမှာ ပဲနော်"

"သေချာတာပေါ့ နွယ်က ဒေါက်တာစောဘုန်းဖြိုးဆိုတဲ့ ပို့တိုင်း ကြိုက်တဲ့ နှင်းဆီပိုင်ကို ရထားတာပဲ"

"အမယ်မယ် ဒီလိုတော့ မပြောပါနဲ့ကွယ်၊ တို့နွယ်ကလည်း အရ ါနေ့ပဲ၊ ဒေါက်တာ စောဘုန်းဖြိုးနောက်ပါသွားလို့ ဆိုပြီး ကြိတ်မနိုင်ခဲမရ ကျန်ခဲ့တဲ့ ကိုကိုကာလသားတွေက အများကြီး"

"ဘာပဲဖြစ်ဖြစ် ဒေါက်တာစောဘုန်းဖြိုးနဲ့ နွယ်ဝတီတို့ဟာ နေနဲ့လ ရွှေနဲ့မြလို အင်မတန်လိုက်ဖက်တဲ့ စုံတွဲဆိုတာတော့ ဘယ်သူမှ ငြင်း မရပါဘူးလေ"

မင်္ဂလာပွဲမှာ မိတ်ဆွေတွေ သူငယ်ချင်းတွေက သူမနှင့်သူ ကို အားကျစွာ ပြောလိုက်တဲ့ စကားများပါ။ ထိုလူတွေသာ သူမတို့ နှစ် ယောက်၏ တကယ်အဖြစ်အပျက်အမှန်ကိုသိလျှင် ဘာပြောကြမ လဲ။

"နွယ်ဝတီ"

စီးပွားရေးတက္ကသိုလ်မှာ အလှဘုရင်မအဖြစ် သူမက ထင်ရှား ခဲ့သည်။ အရပ်မြင့်မြင့်လေးမှာ ဝင်းဝါသောအသားအရေ နက်မှောင် ဖြောင့်စင်းသော ဆံနွယ်၊ သွယ်လျပြည့်တင်းသည့် ခန္ဓာကိုယ်လေးမှာ အစိုးအစား ပြေပြစ်လျက်ကျော့ရှင်းလှပတဲ့ မိန်းကလေးတစ်ယောက်





အဖြစ် ယောကျ်ားသားတွေ စိတ်ဝင်စားကြတာ မဆန်း။

ဝိုင်းမယောင်နှင့်သွယ်သော မျက်နှာလေးမှာ ပြေပြစ်သောနဖူး၊ စင်ရော်တောင်မျက်ခုံး၊ ကော့ရှန်းသော မျက်တောင်များအောက်မှ ဝိုင်းစက်ကြည်လင်သည့် မျက်ဝန်းပြာတို့က အရည်တလက်လက် ရွှန်းပြနေ၏။

ဖြောင့်စင်းသောနှာတံအောက်မှ ထူအိနီထွေးသော နှုတ်ခမ်း အစုံ၊ ကျော့ရှင်းသည့်လည်တိုင်၊ ဆင်စွယ်လို ချောမွတ်သော လက် မောင်းသားလေးများဟာ ပြည့်တင်းလျက် တစ်ကိုယ်လုံးမှာ အပြစ်ဆိုစ စရာမရှိအောင် သူမအလှက ပြည့်စုံသည်။

"ဒီလောက်လှတဲ့ နွယ်ဝတီကိုရရင် ဒီဘဝ ငါတော့ ကျေနပ်ပြီ"

ဟု ပြောကြားသူတွေ အများကြီးထဲမှာ အံ့ဩစရာကောင်းစွာ ဒေါက်တာစောဘုန်းဖြိုး မပါဝင်ခဲ့ပေ။

"မေ... မေရေ"

"ဟင်"

နှစ်မြို့က်စွာအိပ်ပျော်နေရာမှ ဒေါက်တာစောဘုန်းဖြိုး ယောင် ရမ်းလိုက်တာက မေတဲ့။ မင်္ဂလာဦးညမှာ ဇနီးဖြစ်တဲ့ သူမအမည်ကို မခေါ်ပဲ တခြားမိန်းမတစ်ယောက်၏ နာမည်ကို တမ်းတနေသော ခင်ပွန်းလောင်းကို သူမခပ်စိုက်စိုက်လေး ကြည့်မိ၏။

မေတဲ့။

ဒါ ဟိုမိန်းမကို တမ်းတကာ၊ မေဆိုတာ ဘယ်သူ့ကိုရမလဲ၊ မေညို စိမ့်လေး



Scanned by CamScanner

သည်လိုအချိန်မှာ မေညိုစိမ့်ကို တမ်းတတာဟာ သူမကို စော်ကားသလိုပါပဲလား။

မိန်းမသားတစ်ယောက်၏မာနက သူမရင်ထဲမှာ နိုးကြားလာသည်။ ပြန်လည်သာ အိပ်ပျော်သွားသောသူ့ကိုတစ်ချက်စိုက်ကြည့် ပြီး အခန်းထဲမှာ ရှာခနဲလှည့်ထွက်ခဲ့၏။

ဘယ်မှာလဲ သူမတို့နှစ်ယောက်ရဲ့ မင်္ဂလာဦးည ရင်ခုန်မှုတွေ၊ တစ်ဖက်ခန်းမှာ တစ်ယောက်တည်းအိပ်နေပေမယ့် သူမ ချက်ချင်း အိပ်မပျော်။

မေတဲ့။ သည်အချိန်ထိ ထိုအမည်ကို တမ်းတနေတာဟာ သူ့ရင်ထဲမှာ ရှိနေသေးလို့ပဲ။ မကြာသေးခင်က အဖြစ်အပျက် တချို့ သူမ မျက်စိထဲ မြင်ယောင်လာ၏။

ထိုနေ့က ကလပ်ပြီးချိန်ဖြစ်သည်။ သူငယ်ချင်းတွေနှင့် အတူ သူမကော်ရစ်တာမှ ထွက်လာစဉ်ထောင့်ချိုးအရောက်

"အင့်"

"အို"

"ဟာ"

ကမန်းကတန်း တစ်ဖက်မှ ထွက်လာသော လူတစ်ယောက်နှင့် မရှောင်လင့်ဘဲ သူမတည့်တည့်တိုးတော့၏။

အရှိန်ပြင်းတာမို့ နှစ်ယောက်သား အင့်ခနဲ သူမမျက်လုံး ပြာခနဲ ဖြစ်သွားသည်။

"ရှင် ရှင် လူတစ်ယောက်လုံး မမြင်ဘူးလားဟင်"





"ဆောရီး ဆောရီးဗျာ ကျွန်တော်လည်း အရေးကြီးသွားလို့"

ပြောရင်း ကျဲပြန့်သွားသော သူမစာအုပ်များကို သူကမန်းကတမ်း ကောက်ပေး၏။

"ဟင်"

ယခုမှ ထိုလူကို သေချာကြည့်မိတော့ အတော်ချောတဲ့ လူတစ်ယောက်ပါလား။ အသားဖြူဖြူ အရပ်မြင့်မြင့် ကိုယ်ဟန်ကျစ်ကျစ်နှင့် မျက်လုံးမျက်ခုံးကောင်းကောင်းဖြစ်သည်။

"ဟို ဒါခင်ဗျားစာအုပ်တွေ အကုန်ပါပဲနော်"

"အင်း"

"ဒါဆို ကျွန်တော့်ကိုခွင့်ပြုပါဦး၊ သွားစရာလေးရှိလို့ပါ"

သူမထံ စာအုပ်တွေအားလုံးပေးပြီး ခပ်သွက်သွက်ထွက်သွားသော သူ့ကျောပြင်ကို ကြည့်မိ၏။

ကြည့်စမ်း သိပ်လှတဲ့သူမကိုတောင် တစ်ချက်ကြည့်မသွားဘဲ ထွက်သွားလိုက်တာ ဘာကိစ္စတွေများ အရေးကြီးနေလဲမသိ။

သေချာတာကတော့ သူ့နေရာမှာ တခြားယောကျ်ားတစ်ယောက်သာဆိုလျှင်တော့ သူမအလှကို မြင်တာနှင့်ရှာကြံပြီး မိတ်ဖွဲ့မှာပါပဲ။

သည်လူကျမှ ထူးထူးဆန်းဆန်း။ သူမကို တစ်ချက်လေးတောင် ကြည့်မသွားပါလား။

"ဟယ် နွယ် ဘယ်လိုဖြစ်တာလဲ"

"ဟိုလူ ရှင်နဲ့ တိုက်မိတာ မဟုတ်လား"



Scanned by CamScanner

နောက်မှရောက်လာသော သူငယ်ချင်းတွေကမေးသည်။ သူမ ခေါင်းလေးညိတ်ကာ

"ဟုတ်တယ် ဒီလူ ဘာတွေအရေးကြီးနေတယ် မသိဘူး၊ လူတစ်ယောက်လုံး တိုက်သွားလိုက်တာ"

"ဟင် နွယ် သူ့ကိုမသိဘူးလား၊ အဲတာ ဆေးက စောဘုန်းဖြူလေ"

"ဘာ"

စောဘုန်းဖြူတဲ့။ သည်အမည်ကို သူမ ကြားမိတာ ရက်ပိုင်းပဲရှိသေး၏။ ဆေးက "ကင်း"တဲ့။ သို့သော် သူမနှင့်တစ်ခါမှ မတွေ့ဖူးလိုက်ပါ။

ယခုတော့တိုက်တိုက်ဆိုင်ဆိုင်လာတွေ့နေပါလျက်တစ်ယောက်ကိုတစ်ယောက် မသိလိုက်ပါလား။

သူမထင်ထားတာက စောဘုန်းဖြူဟာလည်း တစ်နေ့ တစ်ခြားယောကျ်ားတွေလို သူမထံရောက်လာမည်ဟုပင်။

သို့သော် ယခုတော့ သူမအထင်နှင့်အမြင်လွဲအောင် နွယ်ဝတီဆိုတဲ့သူမကို လှည့်တောင်မကြည့်သွားတဲ့အဖြစ်။

"နေပါဦး သူ့ဒီကို ဘယ်သူ့ဆီလာတာလဲ သင်းသင်း"

"ဟိုမှာလေ ဟိုမှာ"

"ဟင် မေညိုစိမ့်"

ယခုမှ ကလပ်ထဲက ထွက်လာဟန်ရှိသော မေညိုစိမ့်ဘေးမှာ စောဘုန်းဖြူသည် ပြုံးပြုံးရယ်ရယ်နဲ့ပါလား၊ သူတို့နှစ်ယောက် မြင်





ကွင်းကိုကြည့်ကာ သူမရင်ထဲတစ်မျိုးဖြစ်သွား၏။

"ကြည့်စမ်း ထင်တောင်မထင်ထားဘူး၊ မေညိုစိမ့်က ကြည့်တော့ အေးအေးလေးနဲ့ ပိုင်လိုက်တာ"

"ဟုတ်ပ့ါဟယ် မေညိုစိမ့်ဆိုတဲ့အတိုင်း အသားကညိုစိမ့်စိမ့်နဲ့ လူကပိန်ပိန် ဝတ်တာစားတာကလည်း အဘွားကြီးအတိုင်း အရောင်မှိန်မှိန်နဲ့ စောဘုန်းဖြူနဲ့ ဘယ်လိုမှ မလိုက်ဖက်ပါဘူး၊ ဟိုတစ်ယောက်ကလည်း နာမည်နဲ့လိုက်အောင် ဖြူဖွေးနေတာ အရပ်မြင့်မြင့်ကြီးနဲ့ နိုင်ငံခြားမင်းသားကျနေတာပဲနော်"

သူမကို အနားထားကာ သင်းသင်းတို့က မေညိုစိမ့်နှင့် စောဘုန်းဖြူကို ဝေဖန်နေကြ၏။ သူမမျက်စိထဲမှာတော့ စောဘုန်းဖြူက ရယ်မောပြောနေသလောက် မျက်လွှာလေးချကာ မပြုံးတပြုံး ဟန်နှင့် လုပ်နေသော မေညိုစိမ့်ကို စိုက်ကြည့်မိ၏။

တကယ်ဆို မေညိုစိမ့်ထက် အများကြီးသာကာ လှပသော သူမကို စောဘုန်းဖြူအာရုံစိုက်ရမှာ ယခုတော့ သူမကိုတောင် မမြင်နိုင်လောက်အောင် သူက အရေးတကြီးဖြင့် လာတွေ့တာ မေညိုစိမ့်ကိုပါလား။

သာမန်အားဖြင့်ဆိုလျှင်တော့ သူမက မေညိုစိမ့်ကို သတိထားခြင်း မရှိပါ။ တခြားမိန်းကလေးတွေနှင့်မတူ အစွန်းထောင့်တစ်နေရာ တစ်ယောက်တည်းရှိနေတတ်သော မေညိုစိမ့်သည် အားလပ်ချိန်များမှာ စာအုပ်တစ်အုပ်သာ အဖော်ပြုနေတတ်၏။

ဝတ်တော့လည်း ယောကျ်ားရှပ်များကို ပြောင်ငုံ့ချည်နှင့်



Scanned by CamScanner

တွဲဝတ်ယုံကလဲ့ပြီး ဘာအလှအပမှမရှိ။ ဆံပင်ကုတ်ဝဲ မျက်နှာမှာ သနပ်ခါးရေကျဲသာရှိသည်။ သည်လို မိန်းကလေးတစ်ယောက်ကို စောဘုန်းဖြူက အရေးတကြီးရှိနေတာ အံ့သြရော။

"ဘယ်လိုလဲ နွယ်၊ ဆေးက ကင်း တစ်နေ့မင်းရှေ့ရောက်လာလိမ့်မယ်ဆို စုတော့ မင်းကိုကျော်ပြီး မေညိုစိမ့်ဆီ ရောက်သွားပါလား"

သင်းသင်းတို့က သူမကို မထိတထိစ၏။ သည်တော့ သူမ ရင်ထဲဖြန်းခနဲ မခံချင်စိတ်ဝင်ကာ

"အို ဓာတ်လမ်းက စုမှအစပဲရှိပါသေးတယ်လေ၊ အဆုံးထိကြည့်မှပေါ့။ စောဘုန်းဖြူ တို့ဆီ ရောက်လာရမယ်"

"အဟင်း ကြည့်ကြသေးတာပေါ့ နွယ်၊ ဒါပေမဲ့ တို့နွယ်က တော့ကေရိပဲလေ၊ အထင်မသေးဝံ့ပါဘူး အဟင်း ဟင်း"

ထိုစဉ်မှာပင် စောဘုန်းဖြူနှင့် မေညိုစိမ့်တို့ အနားရောက်လာ၏။

"ဟော ယူ"

"အော် ခင်ဗျား"

သူမက ဖျတ်ခနဲ ရှေ့ထွက်ပြီး စောဘုန်းဖြူကို ခေါ်လိုက်သည်။ ယခုကြတော့လည်း သူက သူမကို သတိထားမိသွားပဲ။

"ဒါ ယူ့လက်ကိုင်ပုဝါလား"

"ဟာ ဟုတ်တယ် စောစောက ကျွန်တော် ကျန်ခဲ့တာထင်တယ်"

အပြာရောင် ယောကျ်ားလက်ကိုင်ပုဝါ သူမပြလိုက်သည်။ သူမက လက်ကိုင်ပုဝါကို မပေးသေးဘဲ





"ဒီလက်ကိုင်ပုဝါထောင့်မှာ စောလို့ စာထိုးထားတယ်"

"ဟုတ်ပါတယ် ကျွန်တော့်နာမည် အတိုကောက်ပါ"

"ဒါဆို ရှင့်နာမည်က"

"စောဘုန်းဖြူ"

"အော် ဒါဆို ရှင့်လက်ကိုင်ပုဝါ အစစ်ပဲ ရော့"

ယခုမှ သူမက သူ့ဆီလက်ကိုင်ပုဝါလှမ်းပေးလိုက်၏။ သူတို့နှစ်ယောက်အပြုအမူကို မေညိုစိမ့်က နားမလည်သလို ကြည့်နေသည်။ သူမပြုံးကာ

"စောဘုန်းဖြူက မေညိုစိမ့်ညီသည်လား"

မေညိုစိမ့်ကို တိုက်ရိုက်မေးလိုက်၏။ ဖျက်ခနဲ မေညိုစိမ့် မျက်နှာလေး ရဲကာ

"ဟို ဘာဖြစ်လို့လဲ နွယ်"

အမယ် မေညိုစိမ့်က သူမကိုတော့ သိနေပါလား။ အေးလေ ကလပ်တစ်ခုတည်းတက်တယ်ပြီးတော့ သူမကလည်း လူသိများ သူမဟုတ်လား။

"အော် အဟင်း မင်းညည်သည်နဲ့ စောစောက တို့ဝင်တိုက်မိတာလေ စောဘုန်းဖြူလည်း မှတ်ထားပေါ့ တို့က မေညိုစိမ့်နဲ့ ကလပ်အတူတူပဲ နွယ်ဝတီတဲ့"

သူမပြုံးပြုံးလေးပြောလိုက်၏။ သူက ခေါင်းညိတ်ကာ

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ် မနွယ်ဝတီ"

"အို အဟင်း သူငယ်ချင်းတွေ ခေါ်သလိုပဲ နွယ်လို့ခေါ်ပါ မ



Scanned by CamScanner

ဟုတ်ဘူးလား မေ"

တစ်ဆက်တည်း မေညိုစိမ့်ဘက်ကိုလှည့်၍ သူမအပြုံးဖြင့်ပြောတော့ မေကယောင်ရမ်းခေါင်းညိတ်၏။ စောဘုန်းဖြူစိတ်ထဲ သူမနှင့်မေ့ကို ကလပ်တူ သူငယ်ချင်းတွေဟု ထင်သွားပုံ။

"ဟုတ်တယ်မေ စောစောက မေ့ဆီလာရင်း ဟော့ဒီက မနွယ်အယ် နွယ်နဲ့ ကိုယ်ဝင်တိုက်မိတာ"

"စောကလည်း လုပ်လိုက်ရင် အရာရာနဲ့အကြောင်းကြောင်းပဲ၊ စောကိုယ်စား မေ တောင်းပန်ပါတယ် နွယ်"

"အို ရပါတယ် မေရယ် တောင်းပန်စရာလူတွေမှ မဟုတ်တာကဲ သူငယ်ချင်းတွေ စောင့်နေလို့ နွယ်သွားဦးမယ် စောနဲ့ မေ"

တမင်ပင် သူတို့နာမည်တွေကို ရင်းရင်းနှီးနှီးခေါ်နှုတ်ဆက်ပြီး ထွက်ခဲ့၏။ နောက်မှ ကျန်ခဲ့သော စောဘုန်းဖြူက

"ဒီအမျိုးသမီး မဆိုးဘူး လှသလောက် သဘောထားပြည့်တယ်နော် မေ"

"အင်း"

မေ ခေါင်းညိတ်လိုက်ရပေမယ့် စိတ်ထဲမှာ တစ်စုံတစ်ရာကို နားမလည်သလိုပါပဲ။ တကယ်ဆို နွယ်ဝတီကို မေသိတာကြာပြီ အင်မတန်လှပကာ ချမ်းသာပြည့်စုံသော နွယ်သည် ကျောင်းကို ကိုယ်တိုင်ကားမောင်းတက်၏။ လှသော ဥစ္စာပြည့်စုံသော နွယ်ကို ကွင်းဟု ဘွဲ့ပေးထားကြတာ မဆန်းပေ။

နွယ်ဝတီနှင့်ပေါင်းသူတွေက သူမလိုအဆင့်အတန်းရှိသူတွေ





များ၏။ အားလုံး ဝတ်နိုင် စားနိုင်ကာ ကလပ်လည်း မှန်မှန် မတက်ကြပေ။

သူတို့၏ ယောကျ်ားလေး အပေါင်းအသင်းမိတ်ဆွေတွေကလည်း ပေါလှသည်။ ကလပ်မပြီးသေးခင် စောင့်နေကြပြီ။

"နွယ်ဝတီတို့ အုပ်စုက ပိုက်ဆံကိုရေလို ဖြုန်းနိုင်ကြတယ် ပေါင်းသင်းဆက်ဆံရေးကလည်း ခေတ်မီပွင့်လင်းကြတော့ တို့လိုလူမျိုးတွေနဲ့ တစ်ခြားစီပဲ မေ"

သူမ၏ တစ်ယောက်တည်းသော သူငယ်ချင်းတိုးတိုးက ပြောသည်။ တိုးတိုးဆိုတာကလည်း သူမလို သာမန်မိဘားစုက မွေးဖွားသူ၊ မေတို့အတွက် တက္ကသိုလ်တက်တယ်ဆိုပေမယ့် ဘွဲ့ရဖို့အဓိက ထား၏။

ပေါသမျှ ထည်လဲမဝတ်နိုင်တာကြောင့် ဘယ်တော့မှ မရိုးသည့် ယောကျ်ားရှပ်လေးများကို ပြောင်လုံချည်လေးများနှင့်တွဲကာ တစ်နှစ်လုံးတက်၏။ ဆံပင်ပုံစံ အမျိုးမျိုး မပြောင်းနိုင်သူမို့ ကုတ်ပေါ်က မဆင်းစေရ တစ်ပုံစံတည်းသာ သူမပင်ကိုစတိုင် ဖြစ်နေသည်။

"ဒီမှာ မေ ကိုယ့်ဘဝကဈေးဝယ်လည်း မထွက်နိုင်၊ ကင်တင်းနဲ့လည်း ထွက်မစားနိုင်ဆိုတော့ ဒီစာအုပ်တွေနဲ့ထမင်းဗူးကိုပဲ အားကိုးရမယ်"

စာဖတ်ဝါသနာပါတာကြောင့် ကလပ်အားချိန်တွေမှာ တခြားစာအုပ်တွေ ယူကာဖတ်ကြ၏။ ပိုက်ဆံအပိုမသုံးနိုင်တာကြောင့် အိမ်ကထမင်းဗူးထုတ်ယူလာကြသည်။



Book Sharing

Scanned by CamScanner

"ဘာလဲ တိုးတိုးက ဒီဘ၀ကို စိတ်ပျက်နေသလားဟင်"

မေက ထမင်းဗူးဖွင့်ရင်းမေးတော့ တိုးတိုးခေါင်းခါပြ၏။

"ဘာလို့ စိတ်ပျက်ရမှာလဲ ဒါ ဘ၀ပေးကုသိုလ်ကံပဲ၊ ဒါပေမဲ့ တစ်နေ့ တို့အမြင့်ကိုလည်း ရောက်နိုင်တာပဲ မဟုတ်လား မေ"

"ဒါပေါ့ တိုးတိုး အဓိက ကိုယ့်ရည်ရွယ်ချက်အတိုင်း ကြိုးစားဖို့ပဲ"

"ပြောသာ ပြောရတယ် နွယ်၀တီတို့ ဘ၀ကို တစ်ခါတစ်ခါတော့ အားကျသားမေ၊ ရုပ်လေးကလှ ပိုက်ဆံကချမ်းသာနဲ့ ကြိုက်လိုက်ကြတဲ့ လူတွေကလည်း ဝိုင်းဝိုင်းလည်နေတာပဲ"

မေနှင့် တိုးတိုးသည် လူသားတွေထဲ လူသားတစ်ယောက်မို့ ပြီးပြည့်စုံချမ်းသာသော နွယ်၀တီ၏ဘ၀ကို တစ်ခါတစ်ခါ အားကျတာမဆန်းပါ။

"ကိုယ့် ကုသိုလ်နဲ့ကိုယ်ပေါ့ကွယ်၊ မေကတော့ နှလုံးအေးသမားမို့ တိုးတိုးကိုသာ ဖြေသိမ့်ပေးလိုက်၏။ နွယ်၀တီတို့ကလည်း မေတို့လိုလူမျိုးတွေကို ရှိတယ်လို့မထင်ခဲ့သမျှ ယနေ့ကြမှ လိုက်လိုက်လဲ့လဲ့ နှုတ်ဆက်စကားပြောလာတာ အံ့ဩစရာ မဟုတ်လား။





☆ ☆ ☆

သည်နေ့တော့ သူမက စွန့်စားခန်းဖွင့်၏။ စောဘုန်းဖြိုးရှိရာ ဆေးတက္ကသိုလ်သို့ သူမလိုက်သွားသည်။ သူမကို ဂရုမစိုက်တဲ့ ယောကျ်ားအား အရေးစိုက်လာအောင် ဆောင်ရွက်ရမည် မဟုတ်လား။

"စောဘုန်းဖြိုး"

"ဟင် နွယ်"

ကံကောင်းချင်တော့ သူ့ကိုတိုက်ရိုက်တွေ့ရလေ၏။ မမျှော်လင့်ဘဲ သူမကိုတွေ့တော့ သူလည်းအံ့ဩနေပုံ၊ သူမက အလှပဆုံး ပြုံးလိုက်သည်။

"နွယ့်ကို တွေ့လိုက်ရလို့ ယူ အံ့ဩနေလားဟင်"

"ဟုတ်တယ် နွယ် ဒီကို"

"အဟင်း နွယ့် သူငယ်ချင်းရှိတယ်လေ၊ သူဇာတဲ့ သူနဲ့ တောင် မတွေ့ရသေးဘူး၊ စောကို အရင်တွေ့လို့ နှုတ်ဆက်တာ"

ဝင်းဝါသော အသားအရေမှာ ပိတောက်ခြောက်ရောင် လက်



Scanned by CamScanner

ဖြတ် ဝမ်းဆက်ကြောင့် နက်မှောင်သော ဆံပင်များမှာ သူမ ပိုမို ဝင်းဝါကာ လှပနေ၏။

"အော် သူ့ဇာလား သူ ဒီနေ့ ကလပ်မတက်ဘူးထင်တယ်၊ သူ့မားသားကြီး နေမကောင်းလို့တဲ့"

"အို ဟုတ်လား နွယ်တောင်မသိဘူး သူကမရှိတော့ နွယ် ပြန်ရတော့မှာပေါ့လေ"

မျက်နှာလေးမကောင်းဟန်ဖြင့် သူမပြောလိုက်၏။ သည်တော့လည်း စောဘုန်းဖြူအားနာရသည်။

"ရောက်လာမှတော့ နေ့ပါဦးဗျာ ကျွန်တော်နွယ့်ကို တစ်ခုခု လိုက်ကျွေးပါရစေ"

"အဟင်း ဒါဆိုသင့်ဓိ"

တစ်ချက်လေးပင် သူမ မငြင်းတော့ပါ။ သည်လို အခွင့်အရေးမျိုးက ရခဲတယ် မဟုတ်လား။

"ဒါဆို ကျွန်တော်တို့ ကင်တင်းန်သွားကြတာပေါ့ နွယ်"

"ကောင်းတာပေါ့ စော"

နှစ်ယောက်သား ကင်တင်းန်သို့လာခဲ့ကြ၏။ ထိုအခါ ပတ်ဝန်းကျင်ရှိ မျက်လုံးတို့က သူမတို့ထံ ရောက်လာသည်။

"ဟယ် တို့ဆေးက ကင်းတော့ အဲကိုကွင်းနဲ့ပါလား"

"အေးဟယ် ဒါကြောင့် သူက တို့ကိုဘာမှဂရုမစိုက်တာကိုး"

"ဒါပေမဲ့ သူတို့နှစ်ယောက်က လိုက်တော့ အလွန်လိုက်တယ်နော်"

"အေးဟယ်"





. ထိုစကားတွေကို သူနှင့်သူမပြိုင်တူကြားလိုက်ရသည်။ သူမက ထိုသို့ အထင်ခံရတာ စိတ်ထဲကြိတ်ကာ ကျေနပ်သွားသလောက် သူက ခပ်မှန်မှန်။

"နွယ် ဒီကိုလာတာသိရင် မေလိုက်ချင်လိုက်လာမှာ"

"အင်း ဟုတ်မယ် ကျွန်မလည်း ကလပ်တောင် မရောက်သေးဘူး သူလိုက်မယ်မှန်းသိရင် အဖော်ညှိတာပေါ့"

အပြုံးမပျက်ပြောလိုက်ရပေမယ့် သူမလို လှပသော မိန်းကလေးတစ်ယောက်လုံး အနားမှာထားပြီး ဘာမဟုတ်တဲ့ မေညိုစိမ့်ကို သူသတိရနေတာ ခံပြင်းစရာပါ။

"ကျွန်တော်မေ့ကို လာလည်ဖို့ခေါ်တာကြာပြီ၊ သူ ဘယ်တော့မှ မလာဘူး ဒါကြောင့် ကျွန်တော်ပဲ သူ့ဆီသွားရတယ် နွယ်"

"အော်"

သူမနဲ့ စတွေ့ချိန်မှာ သူပြောစရာက မေညိုစိမ့် အကြောင်းပဲ ရှိသတဲ့လား။ သူ့ရင်ထဲမှာ မေညိုစိမ့်ဟာ ဘယ်လောက်များ လွှမ်းမိုးထားပါသလဲဟု သိချင်လာ၏။

"ကျွန်တော်က နွယ်နဲ့မေ့ကို သူငယ်ချင်းဆိုလို့ အံ့သြနေတာ"

"ဘာဖြစ်လို့"

မျက်လုံးလေးဝိုင်ကာ သူမမေးလိုက်၏။ သူ အနည်းငယ်ပြုံးကာ

"ဟိုဗျာ မေက ခပ်အေးအေး မဟုတ်လား၊ နွယ်ကတော့"

"အင်း ဘာဖြစ်လဲ ပြောလေ"

သူစကားဆက်ရခက်မည်ဆို၍ သူမကောက်မေးလိုက်၏။ သူမ



Scanned by CamScanner

အပေါ်ထားတဲ့သူ၏ ထင်မြင်ချက်ကို သိချင်ပါသည်။

"ဟို နွယ်ကတော့ သွက်လက်ပွင့်လင်းတယ် မဟုတ်လား"

"အဟင်း ဟုတ်တယ် နွယ်က သိပ်ဟန်မဆောင်တတ်ဘူး။ လွတ်လွတ်လပ်လပ် နေတတ်တယ်လေ"

"အဲဒါလည်း တစ်မျိုးတော့ ကောင်းပါတယ် ဘဝကိုပေါ့ပေါ့ ပါးပါး ဖြတ်သန်းတာပေါ့။ မေကတော့ ဘယ်အရာမဆို အလေးအနက်ထားလွန်းတယ် နွယ်"

ကြည့်စမ်း ဘာပြောပြော နောက်ဆုံးတော့ မေညိုစိမ့် အကြောင်း ရောက်တာပါပဲလား၊ သူမကြိတ်ကာ သက်ပြင်းချလိုက်၏။

"ဟာ စောဘုန်းဖြူ စုံတွဲခုတ်လာပါလားကွ၊ လက်စသတ်တော့ မင်း အိကိုကိုသွားနေတာ နွယ်ဝတီဆီကိုး"

"ဟာ ကျော်ကျော်"

သူမတို့ ကင်တင်းနီးထဲရောက်တော့ သူ့ သူငယ်ချင်းတွေနှင့် ဆုံ၏။ သူမတို့နှစ်ယောက်ကိုဖြုံးဖြုံးကြီးကြည့်ကာပြောတော့ သူမျက်နှာရဲခနဲဖြစ်သွားသည်။

"ယူက တို့ကိုသိတယ်"

"ဟဲ ဟဲ သိတာပေါ့ဗျာ အိကိုကွင်းပဲလေ မသိရှိပါ့မလား မနွယ်ဝတီ"

"အို အဟင်း"

သူ့ရှေ့မှာ ဒီလိုအပြောခံရတာကို သူမ ကျေနပ်သွားသည်။ တကယ်တော့ သူမကို ကြိုးစားနေသူများထဲမှာ ဆေးကလူတွေ ပါပေမယ့်





စိတ်မဝင်စားတာမို့ လှည့်မကြည့်ဖြစ်ခဲ့ပေ။

"စောဘုန်းဖြူကတော့ ပန်းကုံးစွပ်ခံရသူဖြစ်သွားတာပဲကိုး၊ ဂုဏ်ယူပါတယ်ဗျာ ကျွန်တော်တို့ ဆေးကပဲမို့ ဟဲ ဟဲ"

"ဟိတ်လူ ခင်ဗျားဘာတွေပြောနေ"

"အို စောကလည်း သူတို့စတာကိုး ကဲပါ အားလုံးခင်မင်တဲ့ အထိမ်းအမှတ်အနေနဲ့ နွယ်ကကျွေးပါရစေ"

လက်ရှိအခြေအနေကို ပေါ်လွင်မသွားစေရန် သူမက အမြန်အုပ်ဆီးကာကွယ်လိုက်၏။

"ကြည့်စမ်း စောဘုန်းဖြူ မနွယ်က ဘယ်လောက်သဘော ကောင်းလဲ မင်းနဲ့ တစ်ခြားစီ"

"ကဲပါကွာ တို့သာသနာဖျက် ဖြစ်ပါ့မယ် သူတို့ဘာသာ နေပါစေ သွားကြစို့"

"စောဘုန်းဖြူ ငါတို့ အလိုက်သိတယ်နော်"

"ဟာ ဒီကောင်တွေ"

တစ်ယောက်တစ်ပေါက် ပြောကာထွက်သွားကြသော အုပ်စုကို ကြည့်ပြီး သူမကြိတ်ပြုံးလို့၊ သူကတော့ မျက်နှာတွေရဲပြီး သူမကို အားနာနေသည်။

"ဆောရီးပဲ နွယ် ဒီကောင်တွေ သိပ်အနှောက်သန်တယ်"

"အဟင်း သူငယ်ချင်းတွေဆိုတော့ ဒီလိုပါပဲ စောရယ် နွယ် နားလည်ပါတယ်"

"နွယ်က သဘောထားကြီးလို့ တော်သေးတာပေါ့"



Scanned by CamScanner

သူ့အပြောကြောင့် မေညိုစိမ့်က သဘောထားမကြီးဘူးလားလို့ တွေးမိ၏။ ထိုစဉ်းစားရောတို့ ရောက်လာသည်။

"အို အသည်းဖတ် နှယ် မကြိုက်လို့ ယူ့ပန်းကန်ထဲထည့်ပေးမယ်နော်"

"ရပါတယ် နှယ်"

သည်တော့ သူ့ပန်းကန်ထဲက အသည်းဖတ်ထည့်ပေးလိုက်၏။ ရိုးသားသော သူက သူမပေးသော အသည်းကိုစား၏။

"မေက စာတွေအဖတ်များတယ်နော် စော"

"ဟုတ်တယ် နှယ် ငယ်ငယ်လေးကတည်းက ဒီလိုပဲ သူက စာရေးဆရာဖြစ်ချင်တာလေ"

"အော် ဒါဆို ယူနဲ့မေက ငယ်ငယ်လေးထဲက သိကြတာပေါ့နော်"

သူတို့အကြောင်းကိုသိအောင် သူမတာမင် အစဖော်လိုက်ခြင်းပါ။

"ဟုတ်တယ် နှယ် နယ်မှာသိခဲ့ကြတာ၊ နောက်တော့ သူတို့ပြောင်းသွားကြပြီး ခုမှ ပြန်တွေ့တာ မကြာသေးဘူး"

"မေကလည်း ပြောပါတယ်"

သူမနှင့်မေ တကယ်ခင်မင်ရင်းနှီးဟန်ဖြင့် ပြောလိုက်တော့ သူယုံသွား၏။ သူတို့နှစ်ယောက်ပြန်တွေ့တာ မကြာသေးဘူးဆိုတော့ သူငယ်ချင်းအဆင့်ထက် ပိုသေးပုံမရပါ။ ဒါကိုက သူမအတွက် အခွင့်အရေးလေ. . .။

"မနက်ဖြန် စော ကျောင်းကိုလာဦးမှာလား"

"ဘာဖြစ်လို့လဲ နှယ်"





"အော် စောလာမယ်ဆိုရင် ပေ့ကို ကြိုတင်သတင်းပေးရအောင်လို့ပါ. . အဟင်း"

အမှန်တော့ သူမကြိုတင်သတင်းရအောင်လို့ပါ။ သူယုံကာ. .

"ဒါဆို ပြောလိုက်ပါနှယ် မေ့ကို ကျွန်တော်လာမယ်လို့"

"အင်း အင်း. . မေက ယူလာရင် ဝမ်းသာမှာပါ"

"အဟွန်း ဝမ်းသာရင် အကောင်းဆုံးပေါ့ဗျာ"

သူဘာကိုဆိုလိုတာပါလိမ့်ဟု သူမတွေးမိ၏။ သိချင်စိတ် လွန်လာတာမို့ မွှင့်လင်းစွာမေးမိသည်။

"ဘာလဲ မေက ယူလာတာ မကြိုက်ဘူးတဲ့လား"

"အင်း အဲဒီလို ပြောရမယ်ထင်တယ် ဘယ်ကိစ္စမဆို မေက သိပ်လျှို့ဝှက်ချင်တာ ကျွန်တော် သူ့ဆီလာရင် လူတွေကြည့်လို့တဲ့"

ဟွန်း ကြည့်မှာပေါ့ သူက အသားဖြူဖြူ အရပ်မြင့်မြင့်နဲ့ ချောသလောက် မေညိုစိမ့်က နာမည်နဲ့လိုက်အောင် ညိုပိန်နေတာ မဟုတ်လား။

"အဟင်း မေကလည်း စက်လိုက်တာ သူက ပတ်ဝန်းကျင်ကို သိပ်ထည့်တွက်တာကိုး၊ ဒီလိုလုပ်လေ နောက်တစ်ခါ ယူလာရင် သူတစ်ယောက်တည်း မဖြစ်အောင် နှယ်လည်း နေပေးပါ့မယ်"

ယခုချိန်နောက်ပိုင်းမှစကာ သူနှင့် မေညိုစိမ့်ကို နှစ်ယောက်တည်း အတူမရှိအောင် ကြံစည်ရမည် မဟုတ်လား။

"ဟာ ဒါဆို အားနာစရာဖြစ်. . "

"အို ဘာမှ အားနာစရာမလိုပါဘူး စောရယ်၊ နှယ်က မေ့ကို



Scanned by CamScanner

အဝီက ကူညီတာပါ၊ ဟင်း ဟင်း . . မနက်ဖြန် စောလာရင် နှယ်ပါ စောင့်နေလိုက်မယ်"

အပြန်ကြတော့ သူမကားလေးမောင်းရင်း သီချင်းလေးပင် ညည်းမိ၏။

စောဘုန်းဖြူ၊

မေညိုစိမ့်၊

နှယ်ဝတီ။

သည်သုံးဦးကြားမှာ ဘာတွေဖြစ်လာမလဲဟု စောင့်ကြည့်ရမည် လေ။ အနီးကပ်တွေ့ရသော စောဘုန်းဖြူ၏ ယောကျ်ားပီသစွာ ချော မောပုံက သူမအတွက် ပို၍ခွဲလမ်းစရာ။

သူကများ သူမကိုချစ်တယ်ဟု ပြောလျှင်ချက်ချင်း ခေါင်းညိတ် လိုက်မည်လားပဲ။

ကလပ်ရောက်တော့ သူမနောက်ကျနေပြီ။ သင်းသင်းတို့က

"ဟိတ် နှယ် ဘယ်သွားလို့ နောက်ကျနေတာလဲကွ"

"အဟင်း စောဆီလေ"

"ဘာ"

"အော် ခုပဲ စောဘုန်းဖြူဆီက ပြန်လာတာ၊ သူ၊ သူ့သူငယ်ချင်း တွေကတောင် နောက်လိုက်သေးတယ်"

"ဟယ် ကြည့်စမ်း နင်တို့ဒီလောက်ခရီးရောက်ပြီ"

သူမပြုံး၍ မသိမသာ မေညိုစိမ့်ကိုကြည့်လိုက်တော့ မျက်နှာ လေး မသိမသာ ပျက်လို့ပါလား။





မေညိုစိမ့်ရေ ရှင့်ထက်အများကြီးသာတဲ့ ကျွန်မက စောဘုန်း ဖြူကို ပိုင်ဆိုင်သင့်တယ် မဟုတ်လား။

☆ ☆ ☆



Book Sharing

Scanned by CamScanner

"ဟော. . .စော"

"အေဉ်. . .နွယ်"

မနက်ကျတော့ သူက ကတိအတိုင်းရောက်လာ၏။ သူ ရောက်လာချိန်မှာ မေညိုစိမ့် မရောက်သေးပေ။

"မေ့ ကိုမတွေ့ပါလား နွယ်"

"အို ဟုတ်ပါရဲ့ မနေ့က ကလပ်နောက်ကျပြီးရောက်လို့ မေ့ကို တောင် စောလာမယ့်အကြောင်း မေ့ပြီး မပြောလိုက်ရဘူး။ဒါကြောင့် စုမနက်ပြောဖို့ နွယ် အိမ်ကစောစောထွက်လာတာ"

ဖြူစင်သော မျက်နှာလေးဖြင့် အပြစ်မရှိဟန် သူ့. -ပြာတော့ သူသက်ပြင်းချသည်။ မေညိုစိမ့်ရောက်မလာတဲ့အတွက် ဝမ်းသာနေတာ သူမ. . .။

"ဟော ဟိုမှာ တိုးတိုးပဲ နွယ် မေးလိုက်ဦးမယ်"

တိုက်ဆိုင်စွာပင် မေနဲ့တွဲနေတဲ့ တိုးတိုးကို တွေ့လိုက်တာမို့ သူမ အသင့်ဖြစ်သွား၏။





"ဟေး. . .တိုးတိုး"

"ဟင်. . .နွယ်ဝတီ"

သူမက စခေါ်၍ တိုးတိုးတစ်ယောက် အံ့သြနေပုံ။ သူမ ပြုံးဖြလိုက်သည်။

"တိုးတိုး တစ်ယောက်တည်းလား မေ. . .ရော"

တစ်ခါမှ ဒီလိုမမေးဖူးတာကြောင့် တိုးတိုးမှာ သူမ အပြုအမူကို ထူးဆန်းနေ၏။

"မေညိုစိမ့်ကို မေးတာလား နွယ်ဝတီ"

ကျွတ်. . .မေပါဆိုမှ မေညိုစိမ့်ကို မမေးလို့ ဘယ်သူ့မေးရမှာလဲ၊ ဒါကြောင့် အတန်းထဲမှာ သူတို့နှစ်ယောက်ကို အကြောင်းအတွဲဟု အမည်ပေးထားတာ ဖြစ်မည်။

ရင်ထဲမှာ စိတ်ပျက်စွာ တွေးပေမယ့် သူမနှုတ်ခမ်းက အပြုံးမပျက်။

"အဟင်း ဟုတ်တယ်လေ တိုးတိုး၊ မေညိုစိမ့် မမြင်ပါလား"

"သူ ဒီနေ့ကလပ်မတက်ဘူး နွယ်ဝတီ"

"အို ဟုတ်လား ဘာဖြစ်လို့လဲ"

"နည်းနည်း နေမကောင်းလို့ ပြောတာပဲ"

"အော် ကျေးဇူးပဲ"

သူမ လှည့်ထွက်ခဲ့၏။ ကြည့်စမ်း သူမတို့ ကံကောင်းလိုက်ပုံများ မေညိုစိမ့်ဒီနေ့မလာတဲ့။ စောဘုန်းဖြူထံရောက်တော့ . . .။

"စောရေ စိတ်မကောင်းပါဘူး မေ ဒီနေ့ ကလပ်မတက်ဘူးတဲ့"

"ဟင် ဟုတ်လား သူ ဘာဖြစ်လို့ပါလိမ့် ကလပ်ပျက်ခဲ့ပါတယ်"



Scanned by CamScanner

မေညိုစိမ့်ကို မတွေ့ရတာနှင့် သူမျက်နှာ ပျက်သွားလိုက်တာကြားထဲက သူမ မနာလိုဖြစ်မိ၏။

"အော် သူသိပ်နေမကောင်းလို့ ဆိုလားပဲ စော"

"ဟင် ဒါဆို သူ့အိမ်လိုက်သွားမှပဲ မေက ဆေးခန်းလည်း ကြောက်တယ်"

မေညိုစိမ့် နေရာမှာ သူမသာဝင်ဖြစ်လိုက်ချင်၏။ မိန်းမ တစ်ယောက်အပေါ် ဒီလောက်အသေးအမွှားကအစ ဂရုစိုက်တဲ့ ယောကျ်ားမျိုးရှားသည်။

"အို စောလည်းသွားမှတော့ နှယ်လည်း လိုက်မှာပေါ့ကွယ် အတူတူသွားစို့နော်"

သူကတစ်ချက် စဉ်းစားပြီးမှ ခေါင်းညိတ်၏။

"သွားတာပေါ့ နှယ်၊ နှယ်ပါလိုက်လာတော့ မေအားရှိတာပေါ့"

"အဟင်း မေ့အတွက် စာတ်စာတွေဝယ်သွားရဦးမယ်"

လွယ်လွယ်ကူကူခေါ်တဲ့သူကိုပဲ ကျေးဇူးတင်ရမည်။ သူမ ကားနှင့်ပဲ ထွက်ခဲ့ကြ၏။ လမ်းမှာ မေညိုစိမ့်အတွက် အသီးအနှံမျိုးစုံနှင့် မုန့်ဗူး၊ မိုင်လို၊ ဟောလစ် စသည်တွေ သူမဝယ်လိုက်၏။

"ဒီပစ္စည်းဖိုးတွေ ကျွန်တော်ပေးပါရစေ နှယ်"

"အို မဟုတ်တာ မေက နှယ့်သူငယ်ချင်းပါ စောရယ်၊ ဒီလောက်လေး နှယ်ပေးတာ ခွင့်ပြုပါ"

သူက သူမကို အထင်ကြီးလေးစားစွာကြည့်သည်။

"မေ့မှာ နှယ့်လိုသူငယ်ချင်းကောင်းရှိတာ ဝမ်းသာစရာပဲဗျာ"





သူမပြုံးနေလိုက်၏။ တကယ်တော့ သူမစိတ်ထဲတွင် သူ့စွဲလမ်းနေသော မေညိုစိမ့်ဟာ ဘယ်လိုအဆင့်အတန်းထဲကလဲဟု သိချင်နေသည်။

"အို လမ်းကလည်းကြမ်းလိုက်တာ"

"နှယ် မေ့အိမ်တစ်ခါမှ မရောက်ဖူးဘူးလား"

"ဟင့်အင်း"

သူမကားမောင်းရင်း ခေါင်းခါလိုက်၏။ ယခုလို သူမ လိုက်လာတာသိရင် မေညိုစိမ့်ဘာပြောမလဲ။ သူက အသံတိတ်သွား၏။

မေညိုစိမ့်တို့ အိမ်သည်သွပ်မိုး ပျဉ်ထောင်နှင့် ဟောင်းနွမ်းနေသော တစ်ထပ်လေးဖြစ်၏။ သူမတို့ ရောက်လာတော့ မေညိုစိမ့်အတော်အံ့သြနေပုံ . . .။

"ဟင် စော"

"ဟုတ်တယ် မေ လိုက်လာတာကို အပြစ်မပြောနဲ့၊ မေ နေမကောင်းဘူးဆိုလို့ ကိုယ်စိတ်ပူပြီး လိုက်လာတာ"

"ဟုတ်တယ် မေ တိုးတိုးမေးကြည့်ပော့ မေ နေမကောင်းဘူးဆိုတာနဲ့ နှယ်လည်း စောနဲ့လိုက်မေးတာ"

သူမကပါ အပြုံးလေးနှင့်ပြောလိုက်၏။ သူမတို့နှစ်ယောက် အတူတွဲလာတာကိုမြင်ကာ မေမျက်နှာလေး မသိမသာပျက်သွားပြီးမှ

"အို တို့က ခေါင်းနည်းနည်းကိုက်တာပါ ဘာမှ ကြီးကြီး ကျယ်ကျယ်ဖျားတာ မဟုတ်ပါဘူး။ ခုလို လိုက်လာတာကို စောနဲ့နှယ်ကို အားနာစရာ"

"ကျွတ် မေကလည်း ကိုယ့်ကိုများအားနာစရာလား။ ခုကော မေ ဘယ်လိုနေသေးလဲ၊ ဆေးသောက်ထားရဲ့လား"

မဟုတ်ပါဘူးဟု ပြောနေတာတောင် သူကခပ်ကဲကဲ နှုတ်မစမ်း ရုံတမယ် သူမ မသိမသာလေး မျက်စောင်းထိုးမိသည်။

"ဘာပဲဖြစ်ဖြစ် မေ နေကောင်းတာ နှယ်တို့က ဝမ်းသာပါတယ် ရော့ မေ ဒါက မေ့အတွက် နှယ်တို့ဝယ်လာတာ"

"အို ဘာလို့ဝယ်လာတာလဲ မေ့အတွက် မလိုအပ်ပါဘူး ပြန်ယူ သွားပါ"

သူမက အပြုံးလေးဖြင့် မေညိုစိမ့်ကို ကြည့်၏။

"ဟုတ်တာ မေရယ် ဝယ်လာကတည်းက မေ့အတွက်ပဲ ရော့ ယူသာထားလိုက်ပါ မဟုတ်ဘူးလား စော"

"ဟုတ်ပါတယ် မေ၊ ယူထားလိုက်ပါ စောတို့က မေ့အတွက် ဝယ်လာတာပဲ"

သူကပါ ဖွတ်ပေးနေတာကြောင့် မေညိုစိမ့် မတတ်သာဟန်ဖြင့် လက်ခံလိုက်၏။

"ဒါနဲ့ မေတို့အိမ်က ဘယ်သူမှ မရှိကြဘူးလား။ မေ တစ်ယောက် တည်းလားဟင်"

"ရှိပါတယ် အလုပ်တွေသွားကြ၊ ကျောင်းတွေသွားကြတာမို့ပါ မေပဲ ကျောင်းမသွားလို့ အိမ်မှာရှိနေတာ"

"အော်"

သည်နေ့ သူမပါလာတာကြောင့် သူနဲ့မေ နှစ်ယောက်တည်း





မဖြစ်တာဟု တွေးမိလေ၏။ တော်သေးတာပေါ့ မဟုတ်ရင် သူတို့ နှစ်ယောက်တည်း ဘယ်လိုဖြစ်ကြမလဲ။

"စောနဲ့နှယ် ခဏနော် မေ စောတို့အတွက် ကော်ဖီသွားဖျော် လိုက်ဦးမယ်"

"အို နေပါစေမေ၊ နှယ်တို့ ခုပဲပြန်တော့မှာ လမ်းမှာတစ်ခုခု စား ကြမယ်နော် စော"

"ဗျာ အင်း"

တကယ်တော့ သူကမေနဲ့စကားအနည်းငယ်ပြောချင်ပေမယ့် နှယ်ပါလာကာမို့ ထိုအစီအစဉ်ဖျက်လိုက်ရ၏။

မေရဲ့ အိမ်ကျဉ်းကျဉ်းလေးမှာ နှယ့်ပုံစံမနေတတ်ဟန်၊ အေးလေ နှယ်ဝတီဆိုတာက ပြီးပြည့်စုံချမ်းသာတဲ့ သူဌေးသမီးတစ်ယောက်ပဲ။

"ကဲ မေရေ နှယ်တို့ပြန်တော့မယ်"

"မနက်ဖြန် ကျောင်းတက်မှာ မဟုတ်လား မေ"

စောက မေ့ကိုလှမ်းမေးသည်။ မေခေါင်းညိတ်ကာ

"တက်ဖြစ်မှာပါ ခုလို မေ့အတွက် စိတ်ပူပြီး လိုက်လာတာ ကျေး ဇူးတင်ပါတယ်"

"ရပါတယ် မေရယ်၊ သူငယ်ချင်းတွေပဲ နောက်လိုအပ်တဲ့ အကူ အညီရှိရင်လည်း ပြောပါ နှယ့်ကို အားမနာပါနဲ့"

စိတ်သဘောထားပြည့်ဟန်ဖြင့် သူမပြောတော့ မေအားနာ သွား ပုံ၊ စောကလည်း ကျေးဇူးတင်သွားပုံပင်။

"ဟုတ်တယ် မေ ဘာပဲဖြစ်ဖြစ် မေ ကိုယ်တို့ကို လိုအပ်တဲ့ အကူ



Scanned by CamScanner

အညီရှိရင် ပြောပါ"

"မလိုပါဘူး စော၊ မေ့ကို စလိုပြောတာပဲ ကျေးဇူးတင်ပါတယ်၊ ကဲ စောနဲ့နွယ် နောက်ကျမယ်"

"ဒါဆို သွားပြီမေ"

သူမတို့ကားနှင့် ပြန်လာခဲ့၏။ လမ်းမှာ သူတိတ်တိတ်နေတော့ သူမစကားစလိုက်သည်။

"မေ့ အခြေအနေကို နွယ်စုမှသိတယ်၊ စောစောကသာသိရင် မေ့ကို နွယ် ကူညီပါတယ်"

သူသက်ပြင်းချကာ ခေါင်းခါရမ်း၏။

"မေက အဲဒီလိုလူစားမျိုး မဟုတ်ဘူးနွယ်၊ ကိုယ် ကူညီပေးမယ်ဆိုရင်တောင် ကြိုက်တာ မဟုတ်ဘူး။ သူအား သူကိုးတာ"

"အင်း အဲတာတော့ ဟုတ်မယ်၊ ဒါပေမဲ့ နွယ်အမြင်ကတော့ ကိုယ်မှာလိုအပ်တဲ့အခါ အကူအညီယူသင့်ယူရမယ် မဟုတ်လား"

သူမက မေ့ကို ကူညီချင်သူတစ်ယောက်အနေဖြင့် ပြောလိုက်သည်။

"နွယ့်မှာ သူတစ်ပါးကို ကူညီတတ်တဲ့ စိတ်ရှိတာ ဝမ်းသာပါတယ်"

"အို မဟုတ်လည်း နွယ်ကအလှူဒါနပြုနေတာပဲ၊ ဆင်းရဲတဲ့ လူတွေကို ကူညီရတာလည်း ဒါနတစ်မျိုးမဟုတ်လား"

"ဟုတ်ပါတယ် နွယ်၊ ဒီလိုမျိုး စိတ်ဓာတ်ရှိတာ လေးစားပါတယ်"





"အို အဟင်း အဲဒီလောက်လည်း မဟုတ်ပါဘူး။ နွယ်တို့ တစ်ခုခု စားရအောင် စော"

"စားလေ နွယ်"

သည်လိုကြတော့ သူကမဆိုးပါလားဟု တွေးမိ၏။ သူမစိတ်ကြိုက်စားသောက်ဆိုင်သို့ ဝင်ခဲ့လိုက်သည်။

"စော . . .ဘာစားမလဲဟင်"

"နွယ် မှာချင်တာမှာပါ"

"အို စောစားချင်တာသာ ပြောပါ။ နွယ်လည်း စောကြိုက်တာ လိုက်စားချင်လို့"

ကဲ သူမအပြောကြောင့် သူအကြည့်ဖျတ်ခနဲ ရောက်လာ၏။ ထိုအခါ သူမက သူ့ကို အလှပဆုံး ပြုံးပြလိုက်လေသည်။

☆ ☆ ☆



Scanned by CamScanner

"စေ်ပံဘုန်းဖြူနဲ့ ရှင်နဲ့က အဆင်ပြေသွားကြပြီပေါ့လေ၊ ဟုတ်လား နွယ်"

ယခုနောက်ပိုင်း သူမကို စောဘုန်းဖြူနှင့် တွဲမြင်နေရတာကြောင့် သင်းသင်းက မေးလာ၏။ သူမဝတ်ယူဟန်လေးနှင့် ပြုံးလိုက်သည်။

"ရှင်တို့ကို ကျွန်မပြောထားသားပဲ စောဘုန်းဖြူဟာ တစ်နေ့ ကျွန်မရှေ့ ဝပ်ဆင်းရမယ်လို့"

"အင်း ဒါဆိုမေညိုစိမ့် ကျန်ခဲ့ပြီပေါ့နွယ်၊ ရှင်က ကေရိပီသ ပါပေတယ် နွယ်၊ နောက်ဆုံးတော့ စောဘုန်းဖြူလည်း နွယ့်အလှကို လျစ်လျူရှုလို့ မရတာပဲနော်"

သူမကို အထင်ကြီးစွာ ပြောနေသမျှ တကယ်တမ်း သူမနှင့် သူ၏ အခြေအနေသည် သာမန်ရှိသေးတာ မဟုတ်လား။

"မဖြစ်ဘူး မဖြစ်ဘူး စောဘုန်းဖြူကို လက်လွှတ်ခံလို့ လုံးဝ မဖြစ်ဘူး။ သူသာ မေညိုစိမ့်နောက်ပါသွားရင် သင်းသင်းတို့ အားလုံး ငါ့ကိုလှောင်ရော ဖြစ်တော့မယ်"

စောဘုန်းဖြူနဲ့ ပတ်သက်ပြီး နှုတ်ခမ်းကအနိုင်ရဟန်ဖြင့် ပြုံး





နေပေမယ့် စိတ်ထဲက စိုးရိမ်နေတာ သူမသာ အသိဆုံး မဟုတ်လား။

ထိုအချိန် သူမအတွက် ကံကောင်းချင့်တော့

"စောနဲ့မေ့ကို နွယ်အိမ်အလည်ခေါ်ရဦးမယ်"

"ဘယ်တော့လည်း နွယ်"

ယခုတလော စောဘုန်းဖြူလာလျှင် သူမက မေညိုစိမ့်နဲ့ အတူရှိနေတတ်၏။ ထို့ကြောင့် စောဘုန်းဖြူနဲ့ မေညိုစိမ့်နှစ်ယောက်တည်း လွတ်လွတ်လပ်လပ်တွေ့ဖို့ ခဲယဉ်းသွား၏။

"စောတို့ အားတဲ့ရက်လေ၊ နွယ်ဘယ်နေ့လာခေါ်ရမလဲ ပြော"

သူမမေးတော့ စောဘုန်းဖြူက မေညိုစိမ့်ကို လှမ်းကြည့်၏။

"ကိုယ်တော့ ဆန်းဒေးအားတယ် မေကော"

"ဟင် ဆန်းဒေးမှာ မေတို့မိသားစုအားလုံး စုံတာမို့ ဘယ်မှ သွားလို့မဖြစ်ဘူး။ မေတို့အားလုံး တစ်ပတ်လုံးဆုံဖြစ်တာ မဟုတ်ဘူးလေ"

ထိုအချိန် စောဘုန်းဖြူမျက်နှာ ပျက်သွား၏။ တကယ်ဆိုသူနဲ့ တွေ့ဖို့ မေ အားလိုက်ပါလား။

"စောလည်း လာမှာပဲ မေရယ်၊ မိသားစုဆိုတာ အမြဲဆုံနေ တာပဲ စောနဲ့က ဆုံခဲတယ် မဟုတ်လား၊ မေကြီးစားအားလိုက်ပါလားကွယ်"

သူမ ဝင်ပြောပေမယ့် မေညိုစိမ့်က ခေါင်းခါသည်။

"ဝမ်းနည်းပါတယ် နွယ်၊ စောနဲ့လည်း ကျောင်းမှာ မကြာခဏ ဆုံရတာပဲ ဆန်းဒေးတစ်ရက်ကိုတော့ မိသားစုအတွက် မေ ပေးရမှာ ကြောင့်ပါ"



Book Sharing

Scanned by CamScanner

သည်နေရာမှာ မေညိုစိမ့်၏ ခံယူချက်ပြင်းထန်ပုံပြနေသလိုပါပဲ။ သူမက စောဘုန်းဖြူကို ဖျတ်ခနဲကြည့်၏။ သူမျက်မှောင် တွန့်နေသည်။

"ဒါဆိုလည်း ဆန်းဒေးမှာ စောကို နှယ်လာခေါ်မယ်၊ မေ့ကိုတော့ မေအားတဲ့အချိန် ခေါ်ရမှာပေါ့"

"မေ့အတွက်က ရပါတယ် နှယ် အားမနာပါနဲ့"

စောဘုန်းဖြူ ငြင်းလိုက်မလားဟု သူမစိုးရိမ်နေစဉ် . . .

"ကောင်းပြီလေ ဒီဆန်းဒေး နှယ် လာခေါ်လိုက်ပေါ့"

ဟု ပြောတာကြောင့် ဝမ်းသာသွားရ၏။

ဒါ သူ့အနေဖြင့် မေ့ကို အရှုံးတိုက်တာဖြစ်နိုင်ပေမယ့် သူမ အတွက် အခွင့်အရေးမို့ လက်လွှတ်မခံပါ။

"ဒါဆို စော စောင့်နေလေ နှယ် ဘယ်နှစ်နာရီလာခေါ်ရမလဲ"

မေညိုစိမ့်က ဘာမှဝင်မပြောပေ၊ ထိုနေ့ လမ်းခွဲတော့

"မေက သူ့မိသားစုကို သိပ်ဦးစားပေးတာနော် စော"

"အင်း ဟုတ်တယ် ဒါကြောင့်လည်း သူ"

"ဘာဖြစ်လဲ စော"

"အော် ကိုယ်ရေးကိုယ်တာတောင် မစဉ်းစားဘူးလို့ ပြောတာပါ"

ပြောနေရင်း သူ့မျက်မှောင်ကြီးက အလိုမကျဟန်ဖြင့် တွန့်နေ၏။ သေချာတယ် မေညိုစိမ့်ကို သူတစ်ခုခု အလိုမကျ ဖြစ်နေပုံပါပဲ။

"နှယ်ကတော့ ဆန်းဒေးမှာ သူငယ်ချင်းသုံးယောက်ဆုံပြီး အိမ်မှာ တစ်ခုခုလုပ်စားဖို့ပါ စောရယ်၊ မေက ခုလိုခွဲထွက်တော့ နှယ်





စိတ် မကောင်းပါဘူး"

"ဒါကြောင့် နှယ်ခေါ်တာ ကိုယ်လာတာပေါ့၊ မေ့အတွက်နဲ့တော့ စိတ်မကောင်းမဖြစ်ပါနဲ့ သူက ဒီလိုပဲ နှယ်"

သူက မေညိုစိမ့်ဘက်မှ အနည်းငယ် ကာကွယ်စွာ ပြောလိုက်သေး၏။ သူမက သဘောထားကြီးစွာ ပြုံးပြသည်။

"ဘာပဲဖြစ်ဖြစ် စောလာတာကိုပဲ နှယ်က ကျေးဇူးတင်ရမှာ အဲဒီနေ့ စော အိမ်မှာ ထမင်းစားရမယ်နော်"

"ဟာ အားနာစရာကြီး"

"အို ဘာကြောင့် အားနာရမှာလဲ စောရယ်၊ မဟုတ်လည်း နှယ်တို့အိမ်က လူတစ်ယောက်နှစ်ယောက်စာ အမြဲပိုနေတာပါ"

နောက်ထပ် သူဘာမှ မပြောတော့ပေ။ သူ့ကို အိမ်ခေါ်တာ သူမရဲ့ နေထိုင်မှု ဘယ်လောက်ချမ်းသာ ပြည့်စုံလဲဟု သိစေချင်တာပါ။

ဆန်းဒေးကျတော့ သူမက လှပစွာ ပြင်၍သူ့ကို သွားခေါ်၏။

"ဒီနေ့ သမီးအထူးချည်သည် ဖိတ်ထားတယ် ဒယ်ဒီနဲ့ မာမီ"

"ဟော့ ဘယ်သူလဲ ကြည့်ရတာ ဒယ်ဒီနဲ့ မာမီက သမီးရဲ့ အထူးဧည့်သည်ကို အကဲခတ်ရမယ်ပေါ့"

ဆန်းဒေးမို့ ဒယ်ဒီနှင့်မာမီလည်း အိမ်မှာနားကာ လူစုံ၏။ စောဘုန်းဖြူကို မိသားစုဆုံတဲ့ဒီနေ့ တမင်ချိန်းတာပါ။

ဒယ်ဒီနှင့် မာမီက သူမကို ချစ်ကြသူများမို့ လွတ်လပ်ပေါ့ပါးစွာပဲ ဆက်ဆံကြ၏။ ဒယ်ဒီမေးတော့ သူမ ရှက်ပြုံးလေး ပြုံးလိုက်သည်။



Scanned by CamScanner

"အဟင်း ဒယ်ဒီကလည်း"

"အမယ် ငါ့သမီးက ရှက်လို့ပါလား တကယ်ပဲ အထူးစည့်သည် ဖြစ်နေပြီထင်တယ်"

"ဟုတ်လား သမီး ဒါဆို သမီးရဲ့အထူးဧည့်သည်အကြောင်း ကြို ပြောထားဦးလေ"

မာမီကပါပြုံး၍ဝင်မေးနေ၏။ ဒါဟာ သူမအတွက် အခွင့်အရေး ပဲ။

"စောဘုန်းဖြူတဲ့ မာမီ၊ ဆေးကပါ"

"အင်း ကြားရသလောက်တော့ မဆိုးပါဘူး၊ လူကိုတော့ လာမှ အကဲခတ်ရတော့မယ်"

စောဘုန်းဖြူကို မြင်လျှင်လည်း မိဘတွေက သဘောကျမှာ ဆိုတာ သူမသိ၏။ ဒယ်ဒီနဲ့ မာမီပြောသလို စောဘုန်းဖြူဟာ သူမရဲ့ အထူးဧည်သည်ဆိုလျှင် ဘယ်လောက်ကောင်းမလဲ။

"တီ တီ"

"ဟာ စောဘုန်းဖြူတို့က စွံတယ်ဟေ့ နွယ်ဝတီကိုယ်တိုင် လာ ခေါ်တာပဲ"

အဆောင်ထဲမှ ထွက်လာသော သူ့ကို သူငယ်ချင်းတွေက ဝိုင်းစ ကြသည်။ သူက နွယ့်ကို အားနာသလောက် သူမကတော့ စပ်ပြုံးပြုံး ပင်။

"ယူ့ သူငယ်ချင်းတွေက မလွယ်ဘူးနော်"





"ဒါကြောင့် နွယ့်ကို အားနာတာ"

"အို မလိုပါဘူး ကဲ သွားစို့"

သူမတို့ကားလေး ထွက်လာစဉ်

"စောဘုန်းဖြူရေ ဒီညပြန်လာမှာလားဟေ့"

"အဆောင်မှူးကို ကြိုတင်အကြောင်းကြားထားလိုက်မယ်"

တစ်ယောက်တစ်ပေါက်အသံတွေက နောက်မှာကျန်ခဲ့သည်။

"နွယ်ကော ဒီနေ့အိမ်မှာ မိသားစုတွေ မဆုံဘူးလား"

"အဟင်း ဆုံတာပေါ့ ဒယ်ဒီနဲ့မာမီတောင် စောကိုစောင့်နေ တယ်"

"ဟင် ဘာအတွက်လဲ နွယ်"

သူ အံ့သြဟန်လေးဖြင့် မေးတာကြောင့် သူမအသာပြုံးလိုက် ၏။

"အော် နွယ့်ရဲ့သူငယ်ချင်းလာမယ်ပြောထားလို့ပါ စော၊ ဒယ်ဒီနဲ့ မာမီက သဘောကောင်းပါတယ်"

"ကိုယ့်ကြောင့်များ နွယ်တို့မိသားစုဆုံတာ အနှောင့်အယှက် ဖြစ်နေမလားဗျာ"

သူက အားနာစွာဆို၏။ သူမ ခေါင်းလေးခါရမ်းကာ

"ဟင့်အင်း မဖြစ်ပါဘူး နွယ်တို့မိသားစုက ဧည့်သည်ရှိမှပိုပျော်တာ"

"တော်သေးတာပေါ့ဗျာ"

အိမ်ရောက်တော့ ဒယ်ဒီတို့က သူကို လှိုက်လှိုက်လှဲလှဲ ဧည့်ခံ၏။



Scanned by CamScanner

"ဒယ်ဒီနဲ့ မာမီ ဒါ သမီးပြောတဲ့ စောဘုန်းဖြူ စော ဒါ နွယ့်ရဲ့ ဒယ်ဒီနဲ့ မာမီ"

စောဘုန်းဖြူက လူကြီးတွေကို ရိုသေစွာပဲ နှုတ်ဆက်သည်။

"တွေ့ရတာ ဝမ်းသာပါတယ် အန်ကယ်နဲ့ အန်တီ၊ ကျွန်တော် စောဘုန်းဖြူပါ"

"အန်ကယ်တို့ကလည်း မောင်ရင်နဲ့ တွေ့ရတာ ဝမ်းသာပါတယ် ယှိုင်ပါ မောင်"

နွယ်ဝတီတို့ ချမ်းသာတယ်ဆိုတာ သိပေမယ့် ဒီလောက်ထိ အဆင့်မြင့်မား ပြည့်စုံမှန်းသူ မသိပါ။ ကျယ်ဝန်းသော ခြံကြီးထဲမှာ ခမ်းနားလှန်းသော တိုက်ကြီးက နောက်ဆုံးပေါ် ဒီဇိုင်းပစ္စည်း အစုံအလင်ဖြင့် ဧေးမောချင်စရာပါ။

"သားက စောဘုန်းဖြူဆိုတာ ရခိုင်လူမျိုးလား"

မာမီက ဝင်မေး၏။

"ဗျာ ဟုတ်ပါတယ် အန်တီ၊ ဒယ်ဒီနဲ့ မာမီက စစ်တွေမှာပါ"

"သို အန်တီတို့ အသိတွေများ ဖြစ်နေမလား၊ နာမည်တွေ ပြောပါဦးကွယ်"

"ဦးခင်မောင်ဖြူနဲ့ ဒေါ်နုဇံပါ"

ထိုအမည်တွေ ကြားလိုက်တော့ သူမ၏ ဒယ်ဒီနှင့် မာမီတို့ မျက်နှာတွေ ဝင်းလက်သွားကြသည်။

"ကြည့်စမ်း တို့မိတ်ဆွေတွေပဲ မောင်စောဘုန်းဖြူ"





"ကြည့်စမ်း တို့မိတ်ဆွေတွေပဲ မောင်စောဘုန်းဖြူ"

"ဟုတ်တယ် ကိုကြည့်စမ်း မနုဇံသားက ဒီအရွယ်ထိရောက်ပြီကိုး"

ဒယ်ဒီ မာမီတို့၏ အသိမိတ်ဆွေဟုဆိုတာကြောင့် သူမဝမ်းသာသွားသည်။

"ဒါကို ဒယ်ဒီတို့က စော မိဘတွေကို သိတယ်ပေါ့နော်"

"သိတာပေါ့ သမီး၊ ကွဲသွားကြတာကြာလို့ အဆက်အသွယ် မရှိတာ ကဲ သားရေ မင်းမိဘတွေရဲ့ လိပ်စာနဲ့ ဖုန်းနံပါတ်ပြော၊ အန် ကယ်တို့ လှမ်းဆက်မယ်"

မိဘချင်းသိတယ်ဆိုတာကြောင့် စောဘုန်းဖြူကိုယ်တိုင်ကလည်း အံ့သြနေ၏။

"အန်ကယ်တို့က ကျွန်တော်မိဘတွေသိတယ်"

"ဟုတ်ပါ့ကွာ ဦးကျော်တိနဲ့ ဒေါ်နွယ်သဇင်လို့ပြောရင် မင်းမိဘတွေ သိပါလိမ့်မယ်"

"စောရေ တိုက်တိုက်ဆိုင်ဆိုင် နွယ်တို့ မိဘချင်း သိနေကြတာ အံ့သြစရာပဲနော်"

"ဟုတ်တယ် နွယ်"

ဒယ်ဒီက ချက်ချင်းပင် သူ့မိဘများထံ လှမ်းဖုန်းဆက်၏။

"ကိုခင်မောင်ဖြူရေ ကျွန်တော်ပါဗျ ကျော်တိ ကျော်တိ"

ဓဏကြာတော့ တစ်ဖက်က ဘာပြောလိုက်တယ်မသိ ဒယ်ဒီ



Scanned by CamScanner

သည် တဟားဟားရယ်မောနေ၏။

"သဇင်ရေ ဒီမှာ မနုဇံနဲ့ လာပြောပါဦး"

"လာပြီ ကို"

မာမိတို့ အမျိုးသမီးကြီးချင်းလည်း ဖုန်းနဲ့စကားပြောကြ၏။

"ဟုတ်တယ် မနုဇံရေ မဇံသားက အခု အိမ်မှာလေ သမီးဆီ အလည်လာတာတဲ့ ဟင်း ဟင်း"

ထိုနေ့က သူမတို့အိမ်မှပင် စောဘုန်းဖြူသည်လည်း သူ့မိဘတွေနှင့် စကားပြောလေ၏။

"ကိုကျော်တီတို့ မသဇင်တို့က ဒယ်ဒီတို့ မိတ်ဆွေရင်းတွေပဲသားရဲ့"

ဟု သူ့ကိုပြောတော့ တိုက်ဆိုင်တဲ့အဖြစ်ကို အံ့သြကာ နွယ် ကိုသာ တစ်ချက်လှမ်းကြည့်တော့၏။

~ ~ ~





☆ ☆ ☆

ကံကြမ္မာက သူမဘက်မှာ ရပ်တည်ပေပြီ။ မကြာခင်မှာပဲ စောဘုန်းဖြူ၏ မိဘများ ရန်ကုန်ရောက်လာကြသည်။ လက်ဆောင် တွေက တပွေ့တပိုက်နှင့် မာမိတို့ကလည်း လှိုက်လှဲစွာ ကြိုဆို၏။

"အင်း ကိုယ်တို့လူကြီးချင်းကို အကြောင်းမစုံမိတာနဲ့ တစ်ယောက်နဲ့တစ်ယောက် ပြန်တွေ့ကြဖို့ မလွယ်ဘူး။ ခုတော့ သားနဲ့ သမီးကြောင့် ကျုပ်တို့လူကြီးချင်း ပြန်ဆုံရတာ ဝမ်းသာစရာပဲဗျ"

"သားကို ဒီရန်ကုန်သာ ပို့ထားရတယ် အမေတစ်ယောက် အနေနဲ့ စိတ်ကချတာမဟုတ်ဘူး သားကအေးတော့ မတော်တရော် မိန်းကလေးမျိုးနဲ့တွေ့မှာ စိုးရိမ်ခဲ့တာ။ ခုလို သဇင်တို့ရဲ့ သမီးလေးနဲ့ အကြောင်းဆုံတယ်ဆိုတော့ ကျွန်မဖြင့် ဘယ်လိုဝမ်းသာမှန်း မသိဘူး"

"အမယ်လေး မဇံရယ် ကျွန်မကလည်း အတူတူပါပဲ။ ကိုယ့်မှာကလည်း ဒီသမီးတစ်ယောက်ပဲရှိတာ ခုလို မဇံသားနဲ့ဆိုတော့ တယ်ကံစပ်ပါလား အောင့်မေ့မိတယ်"

လူကြီးတွေပြောသောစကားများကိုနားထောင်ပြီး သူမကြိတ်ကာ



Scanned by CamScanner

ဝမ်းသာသလောက် သူ မျက်လုံးပြူးသွား၏။

သေချာတယ် လူကြီးတွေက သူနဲ့နှယ်ကို တစ်ခုခုအထင်လွဲနေပြီဆိုတာ။

"ကဲ ကဲ သားလည်းကျောင်းပြီးတော့မှာဆိုတော့ ကျွန်မတို့က မိဘတွေပီပီ မင်္ဂလာရက်ကို အမြန်ဆုံးရွေးကြတာပေါ့"

"ကောင်းပါလေ့ရှင် မောင်စောဘုန်းဖြိုးလို လူမျိုးနဲ့မို့ ကျွန်မကလည်း သမီးအတွက် စိတ်အေးရပါတယ်"

ကဲ သူမရဲ့ ကံကြမ္မာဟာ ဘယ်လောက်ဆန်းကြယ်လဲ သူမရင်ထဲက ဆန္ဒကို လူကြီးတွေသည် ချက်ချင်းအကောင်အထည်ဖော်ကြတော့မည်။

"ခဏ ခဏ နေပါဦး ဒယ်ဒီ၊ မာမိနဲ့ အန်ကယ် အန်တီတို့ ဘာတွေ ပြောနေကြတာလဲ ခင်ဗျာ"

"ဟေ့ ငါ့သားနှယ် ဒယ်ဒီတို့ ဒီလောက်ရှင်းအောင် ပြောနေတာတောင် မသိဘူးလားကွ၊ မင်းနဲ့ သမီးကို ဒယ်ဒီတို့ အမြန်ဆုံး လက်ထပ်ပေးဖို့လေကွာ"

"ဗျာ"

ယခုမှ သူအံ့သြတုန်လှုပ်သွား၏။ ကြည့်စမ်း လူကြီးတွေက တကယ်ပဲ သူနဲ့နှယ့်ကို အထင်လွဲနေတာပါလား။ ထို့ကြောင့် သူ ခေါင်းသွက်သွက်ခါရမ်းလိုက်၏။

"မဟုတ်ဘူး မဟုတ်သေးပါဘူး ခင်ဗျာ၊ ကျွန်တော်နဲ့ နှယ် ဟာ





ဒယ်ဒီတို့ထင်ထားသလိုမျိုး မဟုတ်ပါဘူး"

"ဘာကွ"

"ဟင် ဒါကဘာစကားလဲ မောင်စောဘုန်းဖြိုး"

သုံးက သူမကိုလှမ်းကြည့်ပြီးမှ လူကြီးတွေဘက်လှည့်ကာ

"ကျွန်တော် တောင်းပန်ပါတယ်၊ တကယ်တော့ ကျွန်တော်နဲ့ နှယ် ဟာသာမန် သူငယ်ချင်းတွေပါ ခင်ဗျာ"

"ဟေ့"

"အို ဘာသူငယ်ချင်းလဲ"

လူကြီးတွေတစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြ၏။ ထို့နောက် ဦးခင်မောင်ဖြိုးက မျက်နှာကြီးရဲလာသည်။

"ဒီမှာ သား မင်းတို့ဘာသာ သူငယ်ချင်းပဲဖြစ်ဖြစ် ချစ်သူတွေပဲဖြစ်ဖြစ် ဒယ်ဒီတို့ကတော့ မင်းကို နှယ်ဝတီနဲ့ ပေးစားဖို့ ဆုံးဖြတ်လိုက်ပြီ"

"ဟုတ်တယ် ကျုပ်တို့ဘက်ကလည်း သမီးကို မောင်စော ဘုန်းဖြိုးနဲ့ လက်ထပ်စေမယ်"

"အို"

ဖခင်နှစ်ယောက်ပြတ်သားသော ဆုံးဖြတ်ချက်ကြောင့် သူ မျက်နှာပျက်သလောက် သူမက ခေါင်းလေးငုံ့လို့။

"ဒီလိုမလုပ်ပါနဲ့ ဒယ်ဒီ ကျွန်တော်တို့ လူငယ်တွေရဲ့ သဘောထားကိုလည်း ဒယ်ဒီတို့ လူကြီတွေ မေးသင့်ပါတယ်"

"အမယ် မင်းတို့ချင်းဆုံပြီးမှ ငါတို့လူကြီးတွေ ဆုံရတာပါကွ၊



Book Sharing

Scanned by CamScanner

စောဘုန်းဖြူ ကဲ မေးမယ်ကွာ၊ မင်း နှယ်ဝတီကို လက်ထပ်မှာ မဟုတ်လား"

"ကျွန်တော် သဘောထက် နှယ့်သဘောကို အရင်မေးကြည့်သင့်ပါတယ် ဒယ်ဒီ"

သည်တော့ ဒယ်ဒီက သူမကို လှမ်းကြည့်၏။

"ကဲ သမီးပြောစမ်း မောင်စောဘုန်းဖြူကို လက်ထပ်မှာ မဟုတ်လား"

"ဟို သူ့သဘောက"

"တော်ကြစမ်း ဒီမှာဦးကျော်တိ သားသမီးဆိုတာ လူကြီး မိဘ စီမံတာကိုပဲ နာခံရမယ်။ ဒီတော့ ကျုပ်တို့က သူတို့ နှစ်ယောက်ကို သဘောတူတယ် မင်္ဂလာပွဲကို အမြန်ဆုံးကျင်းပမယ်"

"ကျုပ်လည်း သဘောတူတယ်ဗျာ၊ သူတို့သဘောဘာမှ မေးစရာ မလိုဘူး"

လူကြီးတွေ ပြတ်သားတော့ သူတို့လူငယ်တွေ ဘာပြောနိုင်မှာလဲ။

"ကဲ မင်းတို့ဘာပြောချင်သေးလဲ"

"ကျွန်တော်နဲ့ နှယ့်ကို စကားပြောခွင့်ပြုပါ ဒယ်ဒီ"

သူဦးဆောင်ကာ ခြံထဲဆင်းခဲ့၏။ သူမလည်း နောက်မှ လိုက်ခဲ့သည်။ ယခုအခါ သူမျက်နှာသည် စောစောကလို မကြည်လင်တော့။ သူမကို မျက်မှောင်တွန့်ကာ ကြည့်၏။

"ဘာတွေက ဘယ်လိုဖြစ်ကုန်တယ်ဆိုတာ ကျွန်တော်တော့ လုံးဝနားမလည်ဘူး လူကြီးတွေက ကျွန်တော်တို့အကြောင်း မသိလို့





အထင်မှားတာပဲ ဒါပေမဲ့ နှယ်က ဒီကိစ္စကို ငြင်းသင့်တယ်"

"ရှင်"

"ဟုတ်တယ်လေ နှယ် တကယ်ဆို ကျွန်တော်တို့ ဘာမှ မပတ်သက်တာ နှယ်အသိဆုံးမဟုတ်လား"

ထိုစကားကြောင့် သူမမျက်လွှာချလိုက်၏။ တကယ်ဆို သူမကို စာနာထောက်ထားကာ ဒီလိုမမေးသင့်ဟု ထင်သည်။

"နှယ် သိပါတယ် စော"

"ဒါဆိုရင်လည်း"

"ကျွန်မက မိန်းမလေးပါ စော၊ ဒယ်ဒီဆုံးဖြတ်ချက်ကို ကျွန်မ တစ်ခါမှ မငြင်းခဲ့ဖူးဘူး ဒီတော့ ကျွန်မဘာအကြောင်းပြချက်နဲ့ ငြင်းရမှာလဲ"

"ကျွတ် ခက်တာပဲ"

အော် သူမကို လက်ထပ်ဖို့ ကိစ္စဟာ သူ့အတွက် အတော်ခက်နေပါလားဟု စိတ်မကောင်းစွာ သိလိုက်ရ၏။

"ကျွန်မ အကြံပေးချင်တာက ရှင်သာ ပြတ်ပြတ်သားသား ငြင်းလိုက်ပါ စော"

"ခက်တယ် နှယ် ကျွန်တော်ကလည်း မိဘစကားကို တစ်ခါမှ မဖယ်ရှားခဲ့ဖူးဘူး ပြီးတော့ ဒယ်ဒီကလည်း သူ့စကားနားမထောင်ရင် သိပ်စိတ်ဆိုးတာဗျ ဒါကြောင့် ဒီကိစ္စ ကျွန်တော်က ငြင်းလို့ မဖြစ်ဘူး"

ထိုစကားကြောင့် သူမတစ်ဖက်လှည့်ပြုံးလိုက်မိ၏။ သူကတော့ မျက်ခုံးထူထူကြီးကို တွန့်လျက် အကြံရကြပ်နေပုံ။



Scanned by CamScanner

"ဒါတော့ ကျွန်မလည်း မတတ်နိုင်ဘူးလေ စောကို ကျွန်မ အကြံ ပေးတာပဲ"

"ဟိုဗျာ နွယ့်မှာ ချစ်သူတို့ ဘာတို့မရှိဘူးလား။ ကျွန်တော် သိသလောက် နွယ်ကလှတော့ သဘောကျစိတ်ဝင်စားတဲ့ လူတွေ များမှာပါ"

သူမ စိတ်ပျက်စွာ သူ့ကိုကြည့်မိ၏။

"သေချာတာပေါ့ရှင် ကြွားပြောတာတော့ မဟုတ်ဘူးစော ကျွန်မကို သဘောကျတဲ့ ယောကျ်ားတွေ အများကြီးပါ၊ ဒါပေမဲ့ ကျွန်မက အဲဒီလူတွေကို တစ်ယောက်မှ စိတ်မဝင်စားခဲ့ဘူးလေ"

မျက်နှာလေး ခပ်မော့မော့ဖြင့်ကာ သူမအပြောကြောင့် သူ သက်ပြင်းချ၏။ မှန်တာပြောရလျှင် သိပ်လှတဲ့ မိန်းကလေးတစ်ယောက်မို့လည်း သူ လက်မထပ်ရဲပါ။ ရင်ထဲအမြဲပူပန်နေရမည့်အဖြစ် မဟုတ်လား။

"ခက်တာပဲဗျာ"

"အို ဘာကြောင့် ခက်မှာလဲ စော၊ ဒီမှာ ကျွန်မက အကြံပေးမယ် ရှင်က ယောကျ်ားပဲ။ ရှင်ချစ်တဲ့မိန်းမရှိရင် ခိုးပြေးသွားပေါ့ လူကြီးတွေ စိတ်ဆိုးလည်း ခဏပေါ့ စော"

အရွဲ့တိုက်ကာ အကြံပေးလိုက်ရပေမယ့် ရင်ထဲမှာတော့ နာချင်၏။ သည်တော့ သူခေါင်းခါရမ်း၏။

"ကျွန်တော့်မှာ မရှိသေးလို့ပေါ့ဗျာ"

မေညိုစိမ့်ဆီကလည်း ယခုထက်ထိ အဖြေမရသေးတာကြောင့် သူ့အတွက်ဆုံးဖြတ်ရခက်နေသည်။ သူ့အပြောအတွက် သူမကတော့ ဝမ်းသာနေ၏။





"အင်း ကျွန်မတို့က ဘဝတူတွေပဲ စော ဒါကြောင့် လာတာ ဖြစ်မယ်"

- "အေးဗျာ ဟုတ်တာပဲ နွယ်လို မိန်းမလှလေးမှာ ချစ်သူမရှိဘူးဆိုတာ အတော်အံ့သြစရာကောင်းတယ်"

"ဒါဆို စောကကော"

သူကလည်း ချောမောသော ယောကျ်ားမဟုတ်လား၊ ယခုချိန်ဘာကြောင့် ချစ်သူမရှိတာလဲ။ မေညိုစိမ့်ကကော၊ သူစိတ်ဝင်စားနေတဲ့ မိန်းကလေးဆိုတာ နွယ်သိ၏။

"အင်း ကျွန်တော့်အဖြစ်ကတော့ တစ်မျိုးဗျ၊ ချစ်သူရှိတော့ ရှိတယ် အဖြေမရသေးတာ နွယ်သိပါတယ် မေလေ"

"အော်"

သည်မျှ ပွင့်လင်းစွာ သူပြောလိမ့်မည်ဟု သူမ မထင်ခဲ့ပေ။ ရုတ်တရက် ပျက်သွားသောမျက်နှာကို မနည်းကြုံဖြေဆယ်လိုက်ရ၏။

"ကျွန်တော်က ဘဝကို ကိုယ်ချစ်တဲ့ မိန်းမနဲ့ပဲ တည်ဆောက်ချင်တယ် နွယ်၊ ဒီတော့ မေ့ကို ဇိရက်ပိုင်းကြိုးစားကြည့်လိုက်ဦးမယ်"

"မေ့ဆီက အဖြေရရင်ကော စော"

သူမ သွေးတိုးစမ်းကာ မေးလိုက်၏။ သူတစ်ချက်စဉ်းစား ဟန်ပြပြီးမှ

"ကျွန်တော်ပြတ်သားရမှာပေါ့ နွယ် ကျွန်တော်တို့နှစ်ယောက် မချစ်ပဲ လက်ထပ်ကြရင် မကောင်းဘူး မဟုတ်လား"

"အဲဒီလို အိမ်ထောင်ရေးတွေလည်း ရှိကြပေမယ့် ကြာတော့

သံယောဇဉ်ဖြစ်လာကြတာပါပဲ စော၊ နွယ်ကတော့ စောသဘော အတိုင်းပါပဲ"

ရင်ထဲက သူ့ကိုချစ်နေလျက်နှင့် ဟန်ဆောင်ပြုံးကာ သူမ သဘောထားကြီးပြလိုက်ရ၏။

"ကျေးဇူးပဲ နွယ် ကျွန်တော့်ကြောင့် နွယ့်ကိုလည်း မနှစ်နာစေချင်ပါဘူး"

"ရပါတယ် ကဲ ဒယ်ဒီတို့ စောင့်နေကြလိမ့်မယ် စော နွယ် အိမ်ထဲဝင်နှင့်တော့မယ်"

ပြောပြီး သူနားက ထွက်လာခဲ့သည်။ ရင်ထဲကတော့ အတော်လေး နာကျင်နေ၏။ သူမလို ချောမောလှပကာ အစစအရာရာ ပြည့်စုံတဲ့ မိန်းကလေးမျိုးကို စိတ်မဝင်စားပဲ သူမထက် နိမ့်ကျတဲ့ မေညို စိမ့်ကို ချစ်တယ်ပြောတာ မခံချင်စရာပါ။

"ဟော သမီးတို့ ဆွေးနွေးကြပြီလား"

သူမကိုမြင်တာနှင့် လူကြီးတွေက မေးသည်။ သူမ မချိသလို ပြုံးရင်း

"စော ပြောပါလိမ့်မယ်ရှင်"

ဟု သူ့ကိုလွှဲချထားလိုက်သည်။ မကြာခင် သူဝင်လာ၏။

"ကဲ ဘယ်လိုလဲဟေ့သား ရက်သတ်မှတ်ရတော့မလား"

"ကျွန်တော်နဲ့နွယ် ချစ်သူအဖြစ် တစ်လလောက်နေချင်ပါသေးတယ် ဒယ်ဒီ"

"ဟင်"





သူ့ကို အံ့သြသလို သူမဖျတ်ခနဲကြည့်လိုက်သည်။ ချစ်သူအဖြစ်တဲ့ ဒါလူကြီးတွေကို ပိပိရိရိလိမ်လိုက်တာပဲ။ ထိုအချိန် တစ်လအတွင်းမှာ မေညိုစိမ့်ကို သူကြိုးစားမှာဖြစ်သည်။

လူကြီးတွေကတော့ မသိပဲ ပြုံးပြုံးရယ်ရယ်ဖြင့်

"ကဲ ကဲ ဒီလောက်တော့ ခွင့်ပြုလိုက်ကြဗျာ" တဲ့။

"ဒါဆို မင်္ဂလာရက်ကို တစ်လခြားပြီး သတ်မှတ်မယ်"

"ဟုတ်ကဲ့ပါ ဒယ်ဒီ"

ခပ်တည်တည် ခေါင်းညိတ်နေသောသူ့ကို သူမတစ်ချက်သာ လှမ်းကြည့်လိုက်၏။



Scanned by CamScanner

☆ ☆ ☆

"မေ့ကို ကျွန်တော်ကြိုးစားကြည့်မယ်"တဲ့။

သူ့စကားသံပြန်ကြားယောင်ကာ သူမသက်ပြင်း မကြာခဏ ချမိ၏။ ဘယ်လိုမှ အိပ်မပျော်နိုင်ပေ။

မေညိုစိမ့်ထံမှ အဖြေရလျှင် သူ့လူကြီးတွေစကားကို ပယ်ရှားကာ သူမကို ထားခဲ့တော့မည်ဖြစ်သည်။

နွယ်ဝတီ

ငယ်စဉ်ကတည်းက လိုချင်တာရခဲ့တဲ့ မိန်းကလေး သူမကို ဘယ်သူတစ်ဦးတစ်ယောက်မှ ငြင်းဆန်ခဲ့တာမရှိ။

စောဘုန်းဖြိုးနဲ့ကျမှ သိပ်လှတဲ့သူမကို နည်းနည်းလေးတောင် စိတ်ဝင်စားမှုမပြပါလား။ ဒါဟာ သူမမာနအရှုံးခံရသလိုပါပဲ။ မိန်းမတစ်ယောက်၏ မာနကို သူ သိစေချင်သည်။

"ကျွန်မလည်း ရှင့်လိုလူမျိုးကို လက်မထပ်နိုင်ပါဘူး"

ဟု ခပ်ပြတ်ပြတ်ငြင်းပစ်ရမှာသိလျက်နှင့် ထိုစကားမျိုးမပြော





နိုင်။ သူမက သူ့ကိုတစ်ဖက်သက်ချစ်နေမိတာလေ။

"ဒီတော့ နွယ် ညည်းချစ်တဲ့ လူကိုမေညိုစိမ့်နောက် အပါခံမှာလား"

သူမစိတ်ကို ပြန်မေး၏။ ချက်ချင်း ကိုယ့်ဘာသာ ခေါင်းခါရမ်းမိသည်။

"ဟင့်အင်း လုံးဝအပါမခံနိုင်ဘူး စောဘုန်းဖြိုးဟာ နွယ်ဝတီအတွက်ပဲ ဖြစ်ရမယ်"

ပြတ်သားသောအတွေးတွေ ဝင်လာ၏။

"ဒါဆို နင်ဘာလုပ်မလဲ နွယ်"

မှန်ထဲမှ သူမပုံရိပ်ကို ပြန်ကြည့်ကာ မေးသည်။

"စောဘုန်းဖြိုးနဲ့ မေညိုစိမ့်ကို ရအောင်ခွဲရမယ်"

လောကမှာ သူမလိုချင်တာရဖို့ အဓိကလေ၊ မေညိုစိမ့်လို မိန်းကလေးမျိုး သူမနဲ့ပြိုင်ဘက်ဖြစ်ရတာကိုပဲ ရင်နာမိ၏။

စောဘုန်းဖြိုးနဲ့ မေညိုစိမ့်တို့ မနီးစပ်ဖို့ ထိုတစ်ညလုံး သူမအကြံထုတ် စဉ်းစားရ၏။ သူမဒီလိုကြံစည်တတ်တာကို စောဘုန်းဖြိုးလည်း မသိစေချင်ပေ။

ဟုတ်ပြီ လူကြီးတွေကို သတင်းပေးရမယ်။ သူ့မိဘကတော့ သူနဲ့ မေညိုစိမ့်ကို လုံးဝသဘောမတူမှာ သေချာ၏။

သည်တော့မှ သူမအိပ်ပျော်သွားရလေ၏။ မနက်ကျတော့ . . .

"ဟော မေ"

"အော် နွယ်ပါလား"

သူမက အပြုံးလေးဖြင့် မေညိုစိမ့်နားကပ်သွား၏။ ချည်သား ထမိမီးခိုးနုဝမ်းဆက်ဖြင့် မေညိုစိမ့်က သနပ်ခါးရေကျဲဖြင့် အေးချမ်းနေသည်။

သို့သော် လိမ္မော်ဖျော့ရောင်ဝမ်းဆက်ဖြင့် လင်းလက်တောက်ပစွာလှနေသည့် နှယ်ဝတီနဲ့ကျတော့ လမင်းနှင့် ကြယ်လို။

"ဒီနေ့ ကျူတိုရီရယ်ရှိတယ်နော် မေ"

"ဟုတ်တယ် နှယ် စာတွေကျက်ခဲ့ပြီလား"

နှစ်ယောက်သားစကားပြောရင်း လမ်းလျှောက်လာကြသည်။ မေညိုစိမ့်လက်ထဲမှာ စာအုပ်တွေ ပွေ့ပိုက်လျက် နှယ်ဝတီကတော့ သားရေအိတ်ကြီးကြီးတစ်လုံးလွယ်ကာ လှပသော ဖိုင်ဘာကက်ပြားလေးကိုင်ထား၏။

"အဟင်း နည်းနည်းပါးပါး ကျက်ဖြစ်တယ် မေရယ် ဒီရက်ပိုင်း အိမ်မှာကိစ္စလေးတွေ ရှုပ်နေလို့လေ"

"အော်"

"ညည်းသည်တွေ ရောက်နေလို့လေ စောရဲ့မိဘတွေ မေ၊ ဒယ်ဒီတို့နဲ့က လူကြီးချင်း မိတ်ဆွေလေ"

အခွင့်အရေးရတုန်း နှယ်ကထိုစကားကို မေညိုစိမ့်သိအောင် တည့်ပြောလိုက်၏။ ဖျတ်ခနဲမေညိုစိမ့်မျက်နှာ ပျက်သွားသည်။ ဒါကို နှယ်ဝတီကမြင်ကာ ကျေနပ်သွား၏။

"နှယ်ဖြင့် စောမိဘတွေနဲ့ နှယ်တို့မိဘတွေ သိနေကြလို့ အံ့ဩနေတာ၊ စော မိဘတွေက စစ်တွေမှာ သိပ်ချမ်းသာတဲ့ မြို့မျက်နှာဖုံးတွေ





တဲ့ မေ"

စောဘုန်းဖြူမိဘတွေချမ်းသာတာကို မေညိုစိမ့်သိပေမယ့် ဒီလောက်အတွင်းမနက်ခဲ့ပါ။

"မေ့ကို ဘာဖြစ်လို့ အဲဒီအကြောင်းတွေ လာပြောနေတာလဲ နှယ်"

"အော် စောနဲ့မေက သူငယ်ချင်းတွေဆိုတော့ စောမိဘတွေ အကြောင်း မေ သိမလားလို့ပါ"

"ဟင့်အင်း မသိပါဘူး၊ စောနဲ့ငယ်ငယ်က ကျောင်းတက်ရင်း သိခဲ့ကြတာပဲ နှယ်၊ နောက်ပိုင်းကွဲပြီး စုမှ ပြန်တွေ့တာ မကြာ သေးဘူး မှန်တာပြောရရင် မေတို့အသိုင်းအဝိုင်းနဲ့ စောရဲ့ အသိုင်းအဝိုင်းက ကွာခြားပါတယ် နှယ်"

ရိုးသားစွာပဲ မေညိုစိမ့်ဝန်ခံလိုက်၏။ ဒါကို နှယ်က ကြိတ်ကာ ရိုးကျူးမိသည်။ ဒါသို့ အဆင့်အတန်းကွာခြားတဲ့ စောဘုန်းဖြူနဲ့ မေညိုစိမ့် ဝေးဝေးနေသင့်တယ်ဟု တစ်ဖက်သတ် တွေးမိ၏။

"ဒါပေမဲ့ စောက မေ့အပေါ် သူငယ်ချင်းသံယောဇဉ်ကြီးတယ် မဟုတ်လား နှယ်နဲ့တွေ့ရင် မေ့အကြောင်း အမြဲပြောတယ်"

"ဘာတွေလဲ နှယ်"

"အော် မေက စိတ်ထားကောင်းတယ်၊ ရိုးသားတယ်ဆိုတဲ့ အကြောင်းတွေပေါ့ကွယ်၊ နှယ်ကတောင် စောကပြောတာ မှန်တယ်လို့ ထောက်ခံလိုက်သေးတယ်၊ မေက တကယ်စိတ်သဘော ထားကောင်း တဲ့ မိန်းကလေးမဟုတ်လား"



Book Sharing

Scanned by CamScanner

ထိုအပြောကြောင့် မေညိုစိမ့် မျက်နှာလေး မနေတတ်၍ ခေါင်းလေးအသာခါရမ်းလျက် . . .

"အဲဒီလောက်လည်း မဟုတ်ပါဘူး မေ"

"အို ဘယ့်နှယ် မဟုတ်ရမှာလဲ မေရယ်၊ နှယ်ကတော့ မေ့ကိုယုံတယ် ဒါကြောင့် မေ့သူငယ်ချင်း စောဘုန်းဖြူလမ်းမှား ရောက်မယ့်ကိစ္စမျိုးရှိရင်လည်း မေက ဆုံးမပေးပါနော်"

အလိမ္မာလေးနှင့် မေညိုစိမ့်ကို လိုရာရောက်အောင် နှယ်က စည်းရုံးလိုက်၏။ နှယ်ပြောတာကို နားမလည်သလို ဖြစ်သွားတာ မေညိုစိမ့်။

"စောက ဘာတွေများ လမ်းမှားရောက်နေလို့လဲ နှယ်။ ပြီးတော့ စောဟာ မေတို့ထက်တော်တဲ့ ဆရာဝန်လောင်း တစ်ယောက်ပါ"

"ဒါတော့ ဟုတ်ပါတယ်မေ၊ တစ်ခါတစ်ရံ ပညာရှိ သတိဖြစ်ခဲလေ စောကမိဘတွေရဲ့ စကားကိုလည်း တစ်သက်လုံး နားထောင်ရတဲ့ သားလိမ္မာတစ်ယောက်ပါမေ။ အင်း ခုတော့ သူသားလိမ္မာ မလုပ်ချင်တော့ဘူး အိုကွယ် စောနဲ့တွေ့မှ မေ့ မေးကြည့်နော်၊ ကဲ ကလပ်ထဲဝင်ကြရအောင် မေ"

စကားကို ချန်ထားပြီး နှယ် ဦးဆောင်ကာ အခန်းထဲဝင်လိုက်၏။ မေက နောက်မှာ သူမတို့နှစ်ယောက်တွဲဝင်လာတာမို့ အတန်းထဲက လူတွေအံ့ဩသလို ကြည့်သည်။ အရင်က မသိသလို နေကြတဲ့ နှယ်ဝတီနဲ့ မေညိုစိမ့်တို့ မဟုတ်လား။

"မေ"





"ဘာလဲ တိုး"

"နင်နဲ့နှယ် ဘော်ဒါဖြစ်သွားပြီလား"

အခန်းထဲရောက်တော့ နှယ်က သူမ သူငယ်ချင်းတွေနဲ့ ထိုင်သလို မေညိုစိမ့်ကလည်း တိုးတိုးနှင့် အတူဖြစ်၏။

"ဟင် ဒီလိုပါပဲ တိုး လမ်းမှာတွေ့ကြတာ"

"နှယ်ဝတီ မျက်နှာက ခါတိုင်းနဲ့မတူ ရှင့်အပေါ် သိပ်ပြုံးနေပါလား မေ"

"အင်း တကယ်တမ်း ဆက်ဆံကြည့်တော့ နှယ်က မဆိုးပါဘူး စိတ်ကောင်းရှိပါတယ် တိုးတိုး"

စောဘုန်းဖြူအတွက် စိတ်ပူပေးသော နှယ်ဝတီကို မေညိုစိမ့်လေးစားသွား၏။ တိုးတိုးကတော့ နားမလည်ပေ။

"အလို ရှင့်အပေါ် ဘာတွေများ ကောင်းလို့လဲ မေ"

"အော် တို့နေမကောင်းတုန်းကလည်း စောနဲ့လိုက်လာပြီး မေးဖော်ရတယ်လေ၊ ခုလည်း စောအကြောင်း သတိပေးတာပါ တိုးတိုး"

"စောဘုန်းဖြူအကြောင်းလား ဘာတွေလဲ မေ"

စောဘုန်းဖြူနဲ့ နှယ်ဝတီတို့ တွဲနေတာကို တိုးတိုးသိ၏။ စောဘုန်းဖြူက မေညိုစိမ့်ကို စိတ်ဝင်စားတာလည်း သိသည်။

"ခုတလော စောတစ်ယောက် ဘာတွေလုပ်နေလဲ မသိဘူး လမ်းမှားကို ရောက်ချင်နေတယ်တဲ့"

"ဟင် ဟုတ်လား တို့အမြင်မှာတော့ စောဘုန်းဖြူဟာ စိတ်

ဓာတ်ခိုင်မာတဲ့ လူတစ်ယောက်ပါ မေ"

"ဟုတ်ပါတယ် တိုး ဒါပေမဲ့ လူဆိုတာ တစ်ခါ တစ်ခါ မှားတတ်ကြတယ် မဟုတ်လားကွယ်"

ငယ်သံယောဇဉ်ဖြင့် မေက စောဘုန်းဖြူအပေါ် စိတ်ပူမိတာ အမှန်ပင်။ တကယ်တော့ စောဘုန်းဖြူလို ပြည့်စုံတဲ့ယောကျ်ား တစ်ယောက်ကို မေ မနှစ်သက်ပဲ ရှိပါ့မလား။ ဘဝတွေက ကွာခြားလွန်းလို့သာလေ။

"ဒါဆို စောအတွက် ရှင်စိတ်ပူတယ်ပေါ့ မေ"

"အင်း"

အမှန်အတိုင်းပဲ မေညိုစိမ့်ခေါင်းညိတ်လိုက်သည်။

"မေ မေ ဒါနဲ့များ ရှင်ကစောကို မချစ်ချင်ယောင်ဆောင်သေးတယ်နော်"

"အို တိုးကလည်း"

"ဘာကြောင့် ကိုယ့်စိတ်ကိုယ်အပင်ပန်းခံတာလဲ မေ၊ ဒီတစ်ခါ စောဘုန်းဖြူ အဖြေတောင်းလာရင် ပေးလိုက်တော့"

တိုးတိုးက အကြံပေးတိုက်တွန်းနေ၏။ မေညိုစိမ့် သက်ပြင်းလေးချလိုက်သည်။

"ဟင့်အင်း မဖြစ်ပါဘူးကွယ်"

"ဟင် ဘာကြောင့်လဲ မေ"

"တိုး စဉ်းစားကြည့်လေ စောဘုန်းဖြူက ဆရာဝန်တစ်ယောက် ပြီးတော့ မိဘအသိုင်းအဝိုင်းက သိပ်မြင့်မား ချမ်းသာတယ်။ မေတို့





ကျတော့ ဆင်းရဲတယ်၊ မောင်နှမများပြီး မိဘကလည်း သာမန်ပဲ။ ဒီလို လူတန်းစားနှစ်ရပ်ဘယ်လို ပေါင်းရနိုင်မှာလဲဟင်"

မေညိုစိမ့်တစ်ယောက် အားငယ်နေတာပါလားဟု သိလိုက်၏။ တိုးတိုးက ခေါင်းကိုခါရမ်းသည်။

"အဲတာတွေက နောက်မှပါမေ တကယ်တမ်းမှာ ကာယကံရှင်နှစ်ယောက်ချစ်တယ်၊ မချစ်ဘူး အရင်စဉ်းစားရမှာပါ။ တကယ် ချစ်လာရင် ပတ်ဝန်းကျင် ဂုဏ်ဓနအသိုင်းအဝိုင်း ဘယ်သူ့ကိုမှ ထည့်မတွက်ကြပါဘူး မေ"

"ကျွန်မ သိတာကတော့ အချစ်ဆိုတာ ကာယကံရှင် နှစ်ယောက်နဲ့ ဆိုင်ပေမယ့် ဘဝတစ်ခုကို တည်ထောင်တဲ့ နေရာမှာတော့ မိဘဆွေမျိုး ပတ်ဝန်းကျင် အသိုင်းအဝိုင်းနဲ့ဆိုင်လာတာပါပဲ တိုးတိုး ရင်မောရမယ့်ဘဝကို ကျွန်မ မစဉ်းစားချင်ဘူးလေ"

မေညိုစိမ့်၏ဘဝကို စံယူမှုအတွေးများ လေးနက်လှတာမို့ တိုးတိုးဘာပြောရမှန်း မသိ။ မေညိုစိမ့်နေရာမှာ တခြားမိန်းကလေး တစ်ယောက်သာဆိုလျှင် စောဘုန်းဖြူအချစ်ကို လက်ခံလိုက်မှာ ဖြစ်၏။

ေ ေ ေ



Scanned by CamScanner

☆ ☆ ☆

"မေ့ကို ဒီခေါ်လာတာ ဘာပြောစရာ ရှိလို့လဲ စော"

ကန်ရေပြင်ကို ဖြတ်၍တိုက်ခတ်လာသော လေညှင်းတို့က မေညိုစိမ့်၏ ဆံနွယ်တချို့ကို ကလူကျီစယ်နေသည်။ မီးခိုးရင့်ရောင် သက္ကလပ်ဖျော့ ဘောင်းဘီရှည်ကို အဖြူရောင်ပေါ်တွင် မီးခိုးလိုင်း စင်းသေးသေးပါသော နာမည်ကြီးတံဆိပ် စပို့ရှပ်နှင့် တွဲဝတ်ထားသည့် စောဘုန်းဖြူမှာ အရပ်မြင့်မြင့် ရှင်းသန့်စိုပြေနေ၏။

မေက သူ့ကိုတစ်ချက်မျှသာကြည့်ပြီး ကန်ရေပြင်ဘက် မျက်နှာ မူကာ ခပ်အေးအေးမေးသည်။

"ဟင်း"

ကြိတ်ကာ သက်ပြင်းချမိကာ စောဘုန်းဖြူ။ မေဟာ သူနဲ့ပတ် သက်ရင် ဘာကြောင့်များ ဒီလောက်အေးစက်ရတာပါလိမ့်။

"ကိုယ်ပြောစရာရှိတယ် မေ၊ ကိုယ်ပြောချင်တာက မေ ကိုယ့်ကို အဖြေပေးဖို့ပဲ"

"ဟင်"





မေလှည့်ကြည့်တော့ သူက တည်ငြိမ်သော မျက်ဝန်းများဖြင့် စိုက်ကြည့်နေ၏။ သူ့အကြည့်ကြောင့် မေ့ရင်ထဲ ဒိုင်းခနဲခုန်သွားရ၏။ သည်လောက်ချောတဲ့ ယောကျ်ားတစ်ယောက် ရင်ခွင်မှာ မေ နားခိုရ မှာ မရဲသလိုပါပဲ။

"ဖြေပါ မေ ခုချိန်မှာ မေ့ရဲ့ အဖြေဟာ ကိုယ့်အတွက် အရမ်း အရေးကြီးနေတယ်"

"ဘာတွေ ပြောနေတာလဲ စော၊ မေ နားမလည်ဘူး"

ချောမောသော သူ့သွင်ပြင်မှာ ခါတိုင်းလိုကြည်လင်ခြင်းမရှိ၊ မျက်ခုံးထူထူကို အနည်းငယ်တွန့်ကာ တစ်စုံတစ်ရာ ရှုပ်ထွေးနေဟန်။

"ကိုယ့်ကို မိဘတွေက သူတို့ သဘောတူတဲ့ မိန်းကလေးနဲ့ လက် ထပ်ပေးတော့မယ် မေ"

"အော်"

ယခုမှ မေကတစ်စုံတစ်ရာကို သဘောပေါက်လိုက်သလိုပဲ။ စစ်တွေက သူ့မိဘတွေ ရန်ကုန်ရောက်နေတာ ဒီအကြောင်းကိုး။

"ဒါပေမဲ့ သူတို့လက်ထပ်ပေးမယ့် မိန်းကလေးကို ကိုယ်မ ချစ် ဘူး ကိုယ်ချစ်တဲ့သူကိုပဲ လက်ထပ်ချင်တယ်မေ"

မေ့မျက်နှာကို စိုက်ကြည့်ကာ သူပြောသည်။ ဖျတ်ခနဲ မေ မြင် ယောင်မိတာ နွယ်ဝတီကိုပါ။

"စောဟာ ခုတလော လမ်းမှားလိုက်ချင်နေတယ် မေ၊ သူငယ် ချင်း သံယောဇဉ်နဲ့ မေက သူ့ကို လမ်းညွှန်ပေးနိုင်ရင်လေ"

မေ သိလိုက်ပါပြီ။ စောဘုန်းဖြူ မိဘတွေ သဘောတူနေတဲ့

မိန်းကလေးဟာ နွယ်ဝတီဆိုတာပါပဲ။

တတ်လည်း တတ်နိုင်ပါပေ့ နွယ်ရယ်၊ ယဉ်ယဉ်လေးနဲ့ စောကို ငြင်းဖို့မေ့ကို သတိပေးခဲ့တာပဲ။

"မေ"

"ပြောပါ စော"

"ကိုယ့်ကို အဖြေပေးပါ မေ"

မေ သက်ပြင်းလေးချ၏။ ထို့နောက် ခေါင်းလေး အသာခါရမ်းသည်။

"မဖြစ်နိုင်ဘူး စော"

"ဟင်"

"ဘာကြောင့်လဲဆိုတော့ စော ကိုမေ မေ့သူငယ်ချင်းတစ်ယောက်လိုပဲ ခင်တယ်"

"မေရယ်"

ရက်စက်စွာပြောလေခြင်းဟု သူစိတ်ထိခိုက်သွား၏။ မေဟာ သူ့ရဲ့ သံယောဇဉ်တွေကို နည်းနည်းမှ ထည့်မတွက်ပါလား။

"ကိုယ်တော့ မယုံဘူး မေ၊ မေဟာ တစ်စုံတစ်ရာကြောင့် ကိုယ့်ကို ငြင်းနေတယ်"

သည်တော့ နှုတ်ခမ်းလေး ဖိကိုက်မိတာ မေ၊ ထို့နောက် သူနှင့် ဖျတ်ခနဲ မျက်နှာချင်းဆိုင်၏။

"ဟုတ်တယ် စော၊ မေဟာ သာမန်မိန်းကလေးတစ်ယောက် မေ့ရဲ့ မိသားစုဟာလည်း သာမန်ပဲ၊ ဒါကြောင့် မေ လက်ထပ်မယ့်





သူကလည်း သာမန်ယောကျ်ားပဲ ဖြစ်ရမယ်၊ စောလို အစစအရာရာ ပြည့်စုံနေတဲ့ ယောကျ်ားမျိုး မဖြစ်စေရဘူး"

"ဘယ်လိုပြောလိုက်တာလဲ မေ"

သူမေးတာကို မကြားဟန်ပြုကာ မေမျက်နှာလွှဲလိုက်သည်။ တကယ်တော့ မေ ကိုယ်တိုင်လည်း ရင်မှာနာကျင်ခံစားရတာပါပဲ။

ဘဝချင်းမတူတဲ့ လူနှစ်ယောက်ပေါင်းမိလျှင် ဒီထက်မက နာကျင်စရာတွေ ဖြစ်လာနိုင်တာမို့ စောစောကပဲ ဒီလောက်နှင့် ရပ်ဖို့ ဆုံးဖြတ်တာပါ။

"မေ ပြောတာ ရှင်းရှင်းလေးပါ စော၊ စောကို မေ မချစ်နိုင်ဘူး"

"လက်မထပ်နိုင်တာလား၊ မချစ်နိုင်တာလား မေ"

အဖြေကို သဲကွဲအောင် သူဆက်မေးနေသည်။ မေသက်ပြင်းလေးချကာ . . .

"နှစ်ခုလုံးပဲ စော"

"ရက်စက်လိုက်တာ မေရယ်၊ မေဟာ ကိုယ်ထင်တားတာ ထက်ပိုရက်စက်နေပါလားဟင် ကိုယ့်မှာတော့ မေကသာ အဖြေပေးရင် တစ်သက်လုံးနားထောင်လာတဲ့ မိဘစကားကို ဖယ်ရှားပြီး မေနဲ့ ဘဝကို ရဲရဲကြီး လက်တွဲဖို့ ဆုံးဖြတ်ထားတာပါ"

"အဲဒီလို သားမိုက်အဖြစ်မခံနိုင်လို့ပေါ့" ဟု မေ့ရင်ထဲမှာ ပြောနေမိ၏။ မေ့ကြောင့် သူဘာကိုမှ မစွန့်စားစေလိုပေ။

"စောက တကယ်စိတ်ကူးယဉ်တာပဲကိုး ကဲ မေ မေးမယ် တိုက်ကြီးထဲမှာ မနေပဲ မေတို့ရဲ့ သစ်သားအိမ်လေးမှာ စော နေနိုင်လား၊



Scanned by CamScanner

ကိုယ်ပိုင်ကား မစီးပဲ လမ်းလျှောက်နိုင်လား၊ ပေါ်ဆန်းမွှေး မစားဘဲ ငစိန်ဆန်စားနိုင်လား ကြက်သားမစားဘဲ ငပိရည်"

"တော်ပါတော့ မေ၊ အခု မေ ကိုယ့်ကိုငြင်းနေတာ ဒီအကြောင်းတွေကြောင့်လား‌ဟင်"

ဘဝဟာ စိတ်ကူးယဉ် ဖတ်လမ်းတစ်ပုဒ် မဟုတ်ပေ။ လက်တွေ့ဘဝသည် သာမန်လူတွေအတွက် ခက်ခဲပင်ပန်းလှ၏။ တစ်သက်လုံး အရိပ်အောက်မှာ မပင်မပန်းနေလာရတဲ့ လူတစ်ယောက်က လောကဓံတွေကို ဘယ်လိုခံနိုင်မှာလဲ။

"ဟုတ်တယ် စော၊ အဲဒါတွေအပြင် စောကို မေမယုံဘူး။ ဘာကြောင့်လဲဆိုတော့ စောကသိပ်ချောတယ်၊ ပိုက်ဆံချမ်းသာတဲ့ ဆရာဝန်တစ်ယောက်၊ မေက ယောကျ်ားတစ်ယောက်ကို အမြဲလိုက်ပူပန်နေရမှာမျိုး မလိုလားဘူး"

သူခေါင်းခါရမ်းသည်။ မေ့အတွေးများ သိပ်ကိုလေးနက်နေပြီ။

"ကိုယ်တော့ မေပြောနေတာတွေ ဘယ်လိုမှနားမလည်ဘူး၊ တကယ်တမ်း အချစ်မှာ အဲတာတွေနဲ့ မဆိုင်ဘူးထင်တယ် မေ"

"အို ဘာကြောင့် မဆိုင်ရမှာလဲ စော၊ ယုံကြည်မှုဟာ လူတွေအတွက် အလိုအပ်ဆုံးပဲ"

အယူအဆတွေ ကွဲပြားနေ၏။ အထူးသဖြင့် မေ့ရဲ့အတွေးအခေါ်တွေကို သူဘယ်လိုပြောင်းပေးရမလဲ။

"ကိုယ်ဟာ မေ့အပေါ်မှာ ဘယ်တုန်းက မယုံကြည်အောင် လုပ်ဖူးလဲ ဟင်"





"မလုပ်ခဲ့ပါဘူး မေတို့က သူငယ်ချင်းတွေပဲ စော"

"သူငယ်ချင်း သူငယ်ချင်း အဲဒါကိုချည်း ပြောမနေပါနဲ့၊ သူငယ်ချင်း သံယောဇဉ်ထက် ပိုလို့ရပါသေးတယ် မေ"

"ဟင့်အင်း မေကတော့ စောနဲ့မေကြားမှာ သူငယ်ချင်း သံယောဇဉ်ကို ခိုင်ခိုင်ချည်ထားချင်တယ်"

သူဘာမှမပြောဘဲ မေ့ကိုစိတ်နာစွာသာကြည့်မိ၏။ မေ့ မျက်ဝန်းတွေက ဆုံးဖြတ်ချက်ကို မပြောင်းလဲဟန်။

"ကောင်းပြီလေ အဲဒီအတွက် တစ်ချိန်မှာ မေ နောင်တမရပါနဲ့ကဲ မေ့ကို ကိုယ်ပြန်ပို့ပေးမယ်"

"ရပါတယ် စော၊ မေ ဒီမှာနေချင်သေးတယ်"

နောက်ထပ် သူထပ်မပြောတော့၊ မေ့မျက်နှာကိုသာ တစ်ချက်ကြည့်ပြီး ကျောခိုင်းထွက်သွား၏။

သူထွက်သွားမှ ပါးပြင်ပေါ်သို့ မျက်ရည်တွေကျလာတာက မေ။

"စောရယ် မေ့ကိုခွင့်မလွှတ်ပါနဲ့"

ဒေါက်တာ စောဘုန်းဖြူနဲ့ အိကို (ကွင်း) နွယ်ဝတီတို့ရဲ့ မင်္ဂလာပွဲဟာ နှစ်ဖက်မိဘတွေ သဘောတူကြည်ဖြူ၊ ဂုဏ်ချင်းထပ်တဲ့ တကယ့်မင်္ဂလာအစစ်ဖြစ်ဖို့ မေနောက်ဆုတ်ပေးလိုက်တာပါ။

ထိုအချိန် စောဘုန်းဖြူတစ်ယောက်မှာလည်း ကားကို နွယ်ဝတီဆီသို့ ဦးတည်နေသည်

နွယ် မင်းကမှ တကယ်သဘောကောင်းတဲ့ မိန်းကလေးပဲ၊ ချစ်စရာကောင်းတဲ့ မိန်းကလေး။



Book Sharing

Scanned by CamScanner

"ဟော စော"

"နွယ်"

မျက်စိမျက်နှာပျက်နှင့် ရောက်လာသောသူကို နွယ်က အပြုံးလေးဖြင့် ဆီးကြို၏။

"အန်ကယ်တို့ကော"

"အပြင်သွားကြတယ် စော၊ စောဘာဖြစ်လာတာလဲဟင်၊ မျက်နှာလည်း မကောင်းပါလားကွယ်"

နွယ်၏ တယုတယလေသံကြောင့် သူ့စိတ်တို့ ပျော့ကျသွားသည်။

"နွယ် နွယ် ကိုယ့်ကို မေငြင်းလိုက်တယ်"

"အို"

မထင်မှတ်သောစကားကြောင့် နွယ့်ရင်ထဲဝမ်းသာသွားသည်။ သို့သော် အပြင်မှာ မျက်နှာလေးပျက်ဟန်ဆောင်လျက် . . .

"ဘာဖြစ်လို့လဲ စော၊ မေက စောလိုလူတစ်ယောက်ကို ဘာကြောင့် ငြင်းလိုက်တာလဲဟင်"

"အဟွန်း မေကပြောတယ်နွယ် ဘဝခြင်းကွာခြားလို့တဲ့ ဘယ်လောက်ရယ်စရာကောင်းလဲ နွယ်"

နွယ်ကတော့ မရယ်ပါ။ မေကိုသာ ကျေးဇူးတင်မိ၏။ ဒါဟာ အမှန်ပဲလေ။

"ဒီတော့ စော"

"အဟွန့် ဒီတော့ နွယ့်ကိုပဲ ကိုယ်တောင်းပန်ရမှာပေါ့"





"ဟင် ဘာကြောင့်လဲ စော"

"အဟွန်၊ နွယ်လို အစစအရာရာပြည့်စုံတဲ့ မိန်းကလေးကို တန်ဖိုးမထားပဲ မေ့ဆီသွားလို့လေ"

"အို မလိုပါဘူး စောရယ်၊ နွယ်က စောစိတ်ချမ်းသာဖို့ အဓိကပါရှင်"

"နွယ်ရယ် နွယ် စိတ်ထားပြည့်လေ ကိုယ် အားနာလေပါပဲ"

သူက လှိုက်လှဲစွာ တောင်းပန်နေတာမို့ နွယ် ခေါင်းလေး ငုံ့ကာ ကျေနပ်စွာပြုံးမိ၏။

ကျေးဇူးပဲ မေရေ။



Scanned by CamScanner

☆ ☆ ☆

ဒေါက်တာခင်စောဘုန်းမြှုပ်နဲ့ စီးပွားရေးတက္ကသိုလ်မှ အလှဘုရင်မလေး နွယ်ဝတီတို့၏ လက်ထပ်မင်္ဂလာဧည့်ခံပွဲကို အဆင့်မြင့်မားသော ဟိုတယ်တွင်ကျင်းပရာ နှစ်ဖက်ဂုဏ်သရေရှိ အသိုင်းအဝိုင်းကြောင့် ဧည့်ပရိသတ်များ အတော့စည်ကားလေ၏။

"သတို့သားနဲ့ သတို့သမီးက လိုက်ဖက်တယ်နော်၊ နှစ်ယောက်လုံး ရုပ်လေးတွေကလည်းချော၊ မိဘအသိုင်းအဝိုင်းက လည်းမြင့် ပညာတွေကလည်းတတ်နဲ့ တကယ့်ကို နေရွှေ ရောင်နဲ့မြဆိုတာ ဒါမျိုးပဲ၊ ဒါမှ တကယ့်မင်္ဂလာပဲ"

ဧည့်ခံပရိသတ်များမှာ မင်္ဂလာမောင်မယ်တို့ကို ကြည့်ကာ ချီးကျူးမဆုံးပေ။ ထိုပွဲအတွက် အထူးကျေနပ်တာက သတို့သမီးလေး နွယ်ဝတီ၊ ဒေါက်တာခင်စောဘုန်းမြှုပ်က တည်ကြည်သော မျက်နှာမှာ အပြုံးကိုဆောင်လျက် . .။

"အင်း ကျုပ်တို့မိဘတွေလည်း သားနဲ့သမီးကို စုလိုမြင်လိုက်ရမှ စိတ်အေးရတော့တယ်"





"ဟုတ်ပါ့ရှင် နောက်ဆုံးကျတော့ ကျွန်မတို့ စိစဉ်တဲ့အတိုင်း ကလေးတွေနာခံကြတာ ဝမ်းသာစရာပဲ"

နှစ်ဖက်မိဘတွေကလည်း လိုက်ဖက်တင့်တယ်သော သားနှင့်သမီးကို ကြည့်ကာ ကြည့်၍မဆုံးပေ။

သူငယ်ချင်း မိတ်ဆွေများကလည်း ညီညာစွာ တက်ရောက်ကြတာမို့ စုံလင်လှ၏။ ထိုအတွက် မေညိုစိမ့်သည်လည်း တိုးတိုး နှင့်အတူ တက်ရောက်လာ၏။

"နွယ့်ကို တကယ်ခင်တယ်ဆိုရင် မေ့အနေနဲ့ နွယ်တို့ရဲ့ မင်္ဂလာပွဲကို ဆက်ဆက်တက်ရမယ်နော်"

မင်္ဂလာမဆောင်ခင် တစ်ပတ်အလိုမှာ နွယ်ကိုယ်တိုင် မေညိုစိမ့် ဆီသွားရောက်ဖိတ်စာပို့ခဲ့သည်။

အလွန်လှပသော နွယ်တို့၏ မင်္ဂလာဖိတ်စာကိုကြည့်ပြီး မေညိုစိမ့် ပင့်သက်မော ကြိတ်ချသည်။ နွယ်ဝတီကိုလည်း တစ်ချက်ပြုံးကြည့်မိ၏။

"လက်ဖြောက်ပေးတဲ့လူကို နောက်ထပ်လာပြီး ဒူးထောက်ခိုင်းနေတာလား"ဟု မေ၏မျက်ဝန်းများက မေးနေသယောင် ဒါကို နွယ်က မသိဟန်ပြုလျက် လှပသော အပြုံးဖြင့် ပြောခြင်း။

"မေ အတတ်နိုင်ဆုံး ကြိုးစားပါ့မယ် နွယ်"

"အဲဒီလိုတော့ မလုပ်ပါနဲ့ မေရယ်၊ စောကလည်း မေလိုငယ်သူငယ်ချင်းတစ်ယောက်မလာရင် သိပ်ကိုစိတ်မကောင်းဖြစ်မှာ တစ်ခါတည်း ကတိသာပေးလိုက်ပါနော်"



Scanned by CamScanner

မေက ခဏကြာ တိတ်ဆိတ်နေပြီးမှ ခေါင်းညိတ်သည်။

"ကောင်းပြီလေ နွယ်တို့ မင်္ဂလာဆောင်ကို မေ လာခဲ့ပါ့မယ်"

"ဒါမှပေါ့ မေရယ် နွယ် စိတ်အေးသွားပြီ ကဲ နွယ်ပြန်မယ်နော်"

အောင်နိုင်သူအဖြစ် ဝင့်ကြွားသော ခြေလှမ်းများနှင့် နွယ်ပြန်ခဲ့၏။ နောက်ဆုံးတော့ ဒေါက်တာ စောဘုန်းဖြိုးကို နွယ်ပိုင်ခဲ့ပြီ။

မင်္ဂလာဧည့်ခံပွဲ ဧည့်သည်တွေကို သူတို့တစ်ဝိုင်းပြီးတစ်ဝိုင်း လိုက်လံနှုတ်ဆက် ဧည့်ခံ၏။

"ဟော မေတို့ ရောက်နေကြပြီ"

"ဟင်"

ယခုမှ ဒေါက်တာစောဘုန်းဖြိုးသည် ပန်းဖျော့ရောင်ဇာဝမ်းဆက်လေးနှင့် နောက်တွဲဆံထုံးလေးဖြင့် ရိုးရှင်းစွာလှပနေသည့် မေညိုစိမ့်ကို တွေ့သွားသည်။

"မောင်ရေ မေတို့ကို နှုတ်ဆက်ရအောင်"

နွယ်က စတင်ဦးဆောင်၏။ ဒေါက်တာစောဘုန်းဖြိုး လမ်းလျှောက်နေရတာ အိပ်မက်သလိုပါပဲ။ သူချစ်တဲ့ မိန်းမကိုထားပြီး သူမချစ်တဲ့မိန်းမကို တစ်ဘဝစာအတွက် လက်ထပ်လိုက်ရတာပါလား။

"မေတို့ ခုလိုလာအားပေးတာကို နွယ် ကျေးဇူးတင်ပါတယ်ကွယ်"

နွယ်က မေ့လက်ကိုဆွဲကိုင်ဆုပ်ကာ ပြုံးပြုံးလေးပြောသည်။ မေညိုစိမ့်က ဒေါက်တာစောဘုန်းဖြိုးကို ဖျတ်ခနဲကြည့်၏။ အကြည့်





ချင်း ဆုံသည်။

"စောနဲ့နွယ်က မေ့ရဲ့သူငယ်ချင်းတွေပဲ လာရမှာပေါ့ကွယ်၊ စောနဲ့နွယ်တို့ ပျော်ရွှင်စွာ ပေါင်းရပါစေ"

"ပေးတဲ့ဆုနဲ့ပြည့်ပါစေ မေ၊ မောင် မေ့ကို နှုတ်ဆက်လိုက်ဦးလေ"

နွယ်သတိပေးမှ သူသက်ဝင်လာဟန်ဖြင့် ပြုံး၏။ သို့သော် သူ့အပြုံးက အသက်မပါ။

"ကျေးဇူးတင်ပါတယ် မေ"

သူ့စကားမှာ မေ့ကိုအရွဲ့တိုက်လေသလားဟု ထင်ရလောက်စရာ၊ ကျေးဇူးတင်ပါတယ်တဲ့၊ ဘာကိုကျေးဇူးတင်တာလဲ မင်္ဂလာပွဲကို မေလာတဲ့အတွက်လား၊ ဒါမှမဟုတ် မေက သူ့ကိုစွန့်လွှတ်လိုက်လို့လား။ ဘာပဲဖြစ်ဖြစ် မေဖျော့ဖျော့ပြုံးကာပြလိုက်၏။

"စောဘဝ အေးချမ်းပါစေ"

ဒါဟာ မေ့ရင်ထဲက စေတနာအစစ်အမှန်တစ်ခုပါ။ သူနဲ့ နွယ်ဟာ အစစအရာရာ လိုက်ဖက်တာ အားလုံး မြင်နေသိနေ၏။

မင်္ဂလာပွဲပြီးတော့ မိဘတွေကို ကန်တော့ကြသည်။ နှစ်ဖက်မိဘတွေမှာ ဝမ်းသာပီတိဖြင့် ဆုတွေပေးမဆုံး။

"ဒီနေ့ ဒီရက်ကစပြီး သားနဲ့သမီးတို့ တစ်သက်လုံး ကြင်ကြင်နာနာ ပျော်ပျော်ရွှင်ရွှင်နဲ့ ဘဝကို တည်ဆောက်ဖို့ ပြောချင်တယ်၊ သားကလည်း ခင်ပွန်းတစ်ယောက်ရဲ့ ဝတ္တရားကျေပါစေ၊ သမီးကလည်း မယားတစ်ယောက်ရဲ့ ဝတ္တရားကျေပါစေကွယ်"



Scanned by CamScanner

"ဟုတ်ကဲ့"

"အဲဒါတွေထက် အရေးကြီးတာက သားသမီးမြန်မြန်ယူဖို့ပဲဗျ"

"အို"

နွယ်မျက်နှာလေး ရဲသွားသည်။ ဒေါက်တာ စောဘုန်းဖြူက သက်ပြင်းကြီးကိုချလျက်။

"အင်း ခုဆို သားနဲ့သမီးတို့ အိမ်ခွဲပေးလိုက်တော့ မာမီတို့ အိမ်ကြီးမှာ ခြောက်သွေ့သွားသလိုပဲ မြေးတွေရမှ စိုပြေမယ်"

နှစ်ဖက်မိဘတွေက မြေးကိုတောင်းတနေပြီ။ တစ်ဦးတည်းသော သားနဲ့သမီးတို့ကို စွန့်လွှတ်လိုက်ကြရတာ မဟုတ်လား။

သူတို့အတွက်ခြံနဲ့တိုက်ကို စောဘုန်းဖြူမိဘတွေက လက်ဖွဲ့သည်။ နွယ့်မိဘများက ကားနှစ်စီးနှင့် အတွင်းပစ္စည်းတွေ။

တခြားအသစ်အသစ်သော အိမ်ထောင်ရှင်တွေရဲ့ မပြည့်စုံသည့် ပူပန်မှုမျိုးတွေ သူတို့တွင်ဘာမှမရှိပေ။

မင်္ဂလာဆောင်မယ်ကို မိဘဆွေမျိုး မိတ်ဆွေများက အိမ်အထိ လိုက်ပို့ကြ၏။ ရွှေကြိုးတားသူတွေအတွက် ဒေါက်တာစောဘုန်း ဖြူက ငွေအသင့်ထည့်ထားသော စာတစ်အိတ်စီ ထုတ်ပေး၏။

"ကဲ ကဲ သားနဲ့သမီး ပင်ပန်းနေပြီ အနားယူတော့ မာမီတို့လည်း ပြန်မယ်"

"ဟုတ်ကဲ့ မာမီ"

မိဘတွေကို ကားနားအထိလိုက်ပို့၏။ သူတို့အားလုံး ထွက် သွားချိန်မှာ စောဘုန်းဖြူနဲ့ နွယ်တို့နှစ်ယောက်တည်း။





"ညနေခံပွဲက ထင်တာထက်ပိုစည်တယ်နော် မောင်"

"အင်း"

သူပြောသံက အသက်မပါသလို၊ မှန်တင်ခုံရှေ့ထိုင်နေသော နွယ်က သူ့ကိုမှန်ထဲမှ လှမ်းကြည့်၏။

"မောင် ကြည့်ရတာ ညနေခံပွဲမှာ ပင်ပန်းသွားသလိုပဲ"

"ဟုတ်တယ် နွယ် နည်းနည်းငြီးသွားတယ်"

"ဒါဆို မောင့်ဘတ်ချ်လာနိုက်အတွက်"

"သူငယ်ချင်းတွေ စောင့်နေကြလိမ့်မယ် နွယ် ကိုယ် စောစော ပြန်ခဲ့ပါ့မယ်"

ပြောပြီး အဝတ်အစားလဲကာ သူထွက်သွား၏။ သက်ပြင်းချ ကျန်ရစ်သူက နွယ်။

မင်္ဂလာပွဲမှာ ပင်ပန်းတယ်ဆိုတဲ့ လူကယခုကျတော့လည်း သွက် နေလိုက်တာ နွယ်ခဏနားပြီး တစ်ကိုယ်လုံး လန်းသွားအောင် ရေချိုး လိုက်၏။

စောစောပြန်လာမယ်ဆိုတဲ့သူက ဆယ်နာရီမှ ပြန်ရောက် လာသည်။ အရက်တွေ သောက်လာတာ လူမှန်းမသိ။

"ဆောရီးနော် မနွယ်၊ စောဘုန်းဖြူကို ကျွန်တော်တို့ သူငယ် ချင်းတွေ ဂုဏ်ပြုတာများသွားလို့ ဟဲ ဟဲ"

သူ့ကို သူမထိတာဝန်ကျေ အပ်သွားကြသည်။

"စော . . .စော"

"ဘယ်သူလဲ"



Scanned by CamScanner

အရက်မူးနေသောသူက နွယ့်ကိုပင် မမှတ်မိ၊ လျှာလေးသံကြီးနှင့် မေးလာ၏။ နွယ်စိတ်ပျက်သွားသည်။

"နွယ်ပါ စောရဲ့"

"နွယ် . . .ဘယ်ကနွယ်လဲ မသိဘူး အိပ်မယ်"

"ဟင်"

တကယ်ပဲ နှစ်ယောက်အိပ်မင်္ဂလာခုတင်ပေါ်မှာ သူတစ်ယောက်တည်း ကန့်လန့်ဖြတ်ကြီး အိပ်သွား၏။ ကြည့်စမ်း ဒါဟာ အသစ်စက်စက် သတို့သားနဲ့ သတို့သမီးရဲ့ ရင်ခုန်သံတဲ့လား။

"မယားဝတ္တရား ကျေပုံကြီးစားပါ"

မိဘတွေမှာစကားရှိတာမို့ နွယ် သက်ပြင်းလေးချသည်။ ထို့နောက် သူ့ရှူးဖိနပ်ကို အသာချွတ်ပေးလိုက်၏။ ထိုစဉ် . . .

"မေ . . .မေရေ"

"ဟင်"

မေတဲ့။ သည်အချိန်တမ်းတရမှာက နွယ်ဆိုတဲ့ သူမကို မဟုတ်လား။ ကိုယ့်ဇနီးမယားမဟုတ်တဲ့ မိန်းမတစ်ယောက်ကို ယောင်ပြီး တမ်းတနေသော စောဘုန်းပြူ၏ မျက်နှာကိုကြည့်လျက် . . .

နွယ့်ရင်ထဲ အောင့်ခနဲဖြစ်သွား၏။ သည်နေ့ဟာ မေ့ကို သူမနိုင်တဲ့နေ့လို့ မှတ်ယူခဲ့တာ တကယ်မဟုတ်ပါလား။

သူတမ်းတတာ မေတဲ့။ မေညိုစိမ့်က သူ့ကို ဒီလောက်ထိ စိုးမိုးနေပါလား။ မိန်းမသားပီသစွာ နွယ်ရင်ထဲ စူးရှသွား၏။

ထိုည နွယ်သည် ခရင်းဘတ်ပေါ်မှာ အိပ်ခဲ့ရ၏။ အိပ်တယ်ဆို





ပေမယ့် အတွေးများကြောင့် နှစ်မြို့က်စွာမရှိ နိုးတစ်ဝက်နဲ့လေ။ မနက်မိုးလင်းတော့ နွယ်အရင်နိုး၏။ ရေချိုးခန်းဝင်ပြီး အဝတ်အစားလဲ အလှပြင်သည်။ ညက ဘာမှမဖြစ်ထားသလို သူနိုးလာတော့ နေမြင့်ပြီ။

"မောင်"

"ဟင် နွယ်"

အပြုံးနုနုဝမ်းဆက်ဖြင့် နွယ့်ကိုလှပစွာ တွေ့လိုက်ရမှ မနေ့က သူတို့ လက်ထပ်ခဲ့တာပါလားဟု သတိရ၏။

"ထတော့လေ . . .မောင်၊ မောင့်အတွက် နွယ်ကိုယ်တိုင် ဘရိတ်ဖတ်စ် ပြင်ထားတယ်"

အပြုံးလေးဖြင့် နွယ်ပြောတော့ သူညက အရက်သောက်တာများခဲ့တာ သတိရ၏။ ညက နွယ်နဲ့ ဘာတွေဖြစ်ခဲ့လဲ။

"ဆောရီးနွယ် ညက ကိုယ်သောက်တာ များသွားတယ်"

"သတို့သား အသစ်စက်စက်ဆိုတော့ ဒီလိုပေါ့ မောင်၊ နောက် ရက်တွေ မသောက်ရင် ပြီးတာပါပဲ"

နွယ်က စကားနှင့် ထိန်းချုပ်လိုက်၏။ သူသက်ပြင်းချကာ ရေချိုးခန်းဝင်ခဲ့သည်။ မနေ့က မင်္ဂလာပွဲမှာ မေ့ကို လှပစွာ တွေ့လိုက်ရတော့ သူအသည်းကွဲသလို ခံစားမိ၏။ ထို့ကြောင့် အရက်ကိုပဲ လူမှန်းမသိအောင် သောက်ခဲ့မိသည်။ မနက်ကျတော့ နွယ့်ကိုအားနာမိပြန်၏။

ꩤ ꩤ ꩤ



Book Sharing

Scanned by CamScanner

☆ ☆ ☆

သူတို့လက်ထပ်ပြီးနောက် နွယ်က ဖနိုးမယားကောင်းတစ်ယောက်ပီသအောင် နေခဲ့၏။ အိမ်မှာ နိုင်းဟဲ့ကောင်မလေးတွေ ရှိပေမယ့် သူ့အတွက် ထမင်းပွဲကို သူမကိုယ်တိုင် ပြင်ပေးသည်။

"မောင်ရေ ထမင်းပွဲအသင့်ဖြစ်ပြီ"

"အင်း . . .လာပြီ"

သတင်းစာဖတ်နေရာမှ လှည့်မကြည့်ပဲ သူပြောသည်။ ထိုကဲ့သို့ အေးစက်သော ပုံစံမျိုးကို သူမကြုံရတာ မကြာခဏ သူမ ဘက်မှ ဂရုစိုက်သလောက် သူက အေးစက်စက်။

"ဒီနေ့ မောင့်အကြိုက် ဆိတ်သားနှပ်နဲ့ သီးစုံကုလားပဲဟင်း ချက်ထားတယ်၊ ညနေကျရင် ဘာစားမလဲ မောင်"

"ရပါတယ် နွယ်၊ ဘာပဲဖြစ်ဖြစ်ပေါ့ နွယ်"





ဟင်း သူမ သက်မကို မသိမသာ သူမချမိ၏။ တကယ်တော့ သူမကချစ်ရတာကြောင့်သာ ဒီလောက်သည်းခံနေတာ။ နွယ်ဝတီသည် ဘယ်သူ့ကိုမှ အရှုံးပေးခဲ့တာ မဟုတ်။

"သူငယ်ချင်းတွေကပြောတယ်မောင် နွယ်တို့ ဟန်းနီးမွန်း မထွက်လို့တဲ့"

"အလုပ်မှမအားပဲ နွယ်၊ ဒီမှာလဲ အေးအေးဆေးဆေး နှစ်ယောက် တည်းရှိတာပဲလေ"

ခြံဝန်းကျယ်ကျယ်ထဲမှာ ခေတ်မီလှပသော နှစ်ထပ်တိုက် ကြီးတွင် သူတို့ဇနီးမောင်နှံကို နှောင့်ယှက်မည့်သူမရှိဟု သူဆိုလိုသလား။

တကယ်တမ်း ပတ်ဝန်းကျင်က မနှောင့်ယှက်ပေမယ့် ကာယကံရှင်ဖြစ်တဲ့ သူ့အပြုအမူတွေက သူမစိတ်ကို နှောင့်ယှက်သလို ဖြစ်စေတာ မဟုတ်လား။

မင်္ဂလာဆောင်ပြီးနောက်ရက်မှာ ဖြစ်သည်။

"ညက ကိုယ်သိပ်မူးသွားတယ် နွယ်၊ မနက် ကိုယ်အိပ်ယာထတော့ နွယ့်ကို ဒရင်းဘတ်ပေါ်မှာ တွေ့တော့ အားနာသွားတယ်"

"အော် နွယ်လည်း မောင့်ကို အနှောင့်အယှက်မပေးချင်တာနဲ့"

"ဘာပဲဖြစ်ဖြစ် ဒီအခန်းမှာ နွယ်အိပ်ပါ၊ ကိုယ် ဟိုဘက်ခန်းပြောင်း အိပ်မယ်"

"နွယ်"

မမျှော်လင့်သော စကားကို သူဆိုလာတော့ သူအံ့သြသွားသည်။ သူက ဘာမှမဖြစ်သလို။

"ကိုယ်နဲ့နွယ်က မိဘတွေသဘောတူလို့ လက်ထပ်ခဲ့ကြတာပဲ ဒီကြားထဲ နွယ်မှာချစ်တဲ့သူ တွေ့ရင်ပြော ကိုယ်ခွင့်လွှတ်ပေးပါ့မယ်"

"ဘာတွေ ပြောနေတာလဲ မောင်၊ ခုဆို နွယ်တို့ဟာ လက်ထပ်ပြီးကြတဲ့ ဇနီးမောင်နှံတွေပါ၊ ဘာကြောင့်ပဲ လက်ထပ်ခဲ့ပါစေ . . . နွယ်ဟာ မြန်မာမိန်းမတစ်ယောက်အနေနဲ့ လက်ရှိခင်ပွန်း အပေါ်မှာ ဘယ်တော့မှ သစ္စာမဖောက်ဘူး၊ ကျန်တာ မောင့်သဘောပါ"

ရင်ထဲက ဝမ်းနည်းစိတ်ကို မျိုသိပ်ကာ သူမပြောခဲ့သည်။ ထိုညမှစကာ သူ့အခန်းခွဲအိပ်တာကိုလည်း မတားတော့ပေ။

သူမက မိန်းမသားတစ်ယောက်လေ။ အရှက်နဲ့ သိက္ခာဆိုတာ ရှိသေး၏။ သူ သူမအနားမှာ ရှိရင်ပဲ ကျေနပ်ပြီ။

"နွယ်က လက်ထပ်ပြီးမှ ပိုလှလာတယ်၊ ဒေါက်တာ စောဘုန်းဖြိုးက နွယ့်ကို သိပ်ဂရုစိုက်မှာပဲ"

"ဟင်း ဟင်း ဒါပေါ့ကွယ်"

သူမတို့အကြောင်းမသိတဲ့ မိတ်ဆွေသူငယ်ချင်းတွေ၏ ပြောစကားကြောင့် မချိပြုံးသာပြုံးမိသည်။ သည်လောက်လှတဲ့ သူမကို သူကတော့ တစ်အိမ်တည်းနေပြီး ရှိတယ်ဟုတောင် မထင်ခဲ့ပေ။

သူ့နှလုံးသားထဲမှာ မေညိုစိမ့်ဟာ ဒီလောက်လွှမ်းမိုးနေသလား နွယ့်မှာ သူမနှင့် ဘယ်လိုမှ ယှဉ်မရသည့် မေညိုစိမ့်နှင့် ပြိုင်ဘက်လိုဖြစ်ရတာကိုပဲ ရင်နာမဆုံး။

ယခုဆို သူကအလုပ်ဝင်နေပြီ။ မနက်ဆို အိမ်ကထွက် ညကျမှပြန်ရောက်၊ တစ်ခါတစ်ခါ နိုက်ဂျူတီဆင်းနှင့် အိမ်မှာ ကောင်းကောင်း





နေရတယ် မရှိပေ။

"မင်းကိုတော့ ငါနားမလည်တော့ဘူး စောဘုန်းဖြိုး နွယ်ဝတီလို ချောမောလှပတဲ့ မိန်းမမျိုးရတာတောင် မျက်နှာက မရွှင်မလန်းနဲ့ အိမ်မှာကို နေတယ်မရှိပါလားကွ ဟင်"

သူနှင့်အခင်ဆုံး သူငယ်ချင်းစိုးလွင်က ဝေဖန်လာ၏။ တကယ်တော့ သူသည် ကိုယ့်ဘာသာလည်းမသိ၊ သူ့စိတ်ထဲ နွယ်နှင့်ပတ်သက်ကာ မရှင်းအောင်ဖြစ်နေ၏။

တကယ်တော့ နွယ့်ကိုလက်ထပ်ခဲ့တာ မေ့ထံမှ အဖြေမရ၍ ဖြစ်၏။ မေ့ကို တမင်အရွဲ့တိုက်တာလေ၊ မေ့ထက်သာတဲ့ နွယ့်ကို သူလက်ထပ်လိုက်ခြင်းဖြင့် မေ့ရင်ထဲခံစားရလိမ့်မည်ဟု ထင်ခဲ့ပေမယ့် တကယ်တမ်း သူသာခံစားရတာပါလား။

နွယ် ချောမောလှပတယ် ဆိုတာသိပေမယ့် ချစ်လို့မရခဲ့ပေ။ ထို့ကြောင့် မချစ်ပဲနှင့် နွယ့်ကိုလည်း ဒုက္ခမပေးချင်တာမို့ သူခပ်ဝေးဝေးနေမိ၏။

"ဟင်း ငါလည်း ကိုယ့်ကိုကိုယ် နားမလည်တော့ဘူး စိုးလွင်၊ အချစ်ဟာ ချောတာလှတာနဲ့လည်း မဆိုင်ဘူးနော်"

"မင်းဘာတွေ ပြောနေတာလဲ စောဘုန်းဖြိုး၊ မိန်းမတစ်ယောက်ကို လက်ထပ်ပြီးမှ မင်းဒါတွေ တွေးနေရသေးလား၊ နေပါဦး မင်းက နွယ်ဝတီလို မိန်းကလေးကို မချစ်ရင် ဘယ်သူ့ကို ချစ်တာလဲ"

ထိုအမေးကို သူရုတ်တရက်မဖြေ မျက်ဝန်းထဲမှာ မေညိုစိမ့်ပုံပေါ်လာသည်။



Scanned by CamScanner

"နေပါဦး မင်း ဟိုတစ်ခါပြောတဲ့ မေဆိုလား ဘာလား"

"မေပါကွာ"

"အော် အေး အဲဒီမေကို မင်းချစ်တာလား"

သူ တိတ်တိတ်နေလိုက်၏။ စိုးလွင်သဘောပေါက်သွားသည်။ သူ့ကိုကြည့်ပြီး ခေါင်းခါရမ်းသည်။

"မင်း တကယ်ပဲ မေ့ကိုချစ်တာပေါ့ ဟုတ်လားဘုန်းဖြူ ဒါနဲ့များ ဘာကြောင့် လက်မထပ်ခဲ့တာလဲ"

"မေက ငါ့ကိုလက်မခံလို့ပေါ့ စိုးလွင်"

"အော် . . .အော် . . .မေညိုစိမ့်လို မိန်းကလေးက မင်းကို ငြင်းသတဲ့လား"

စိုးလွင် ဝပ်မှဲမှဲပြုံးကာမေးသည်။ သူသက်ပြင်းချ၏။

"မေက ဂုဏ်ဓနတွေကို မမက်ဘူး စိုးလွင်"

"တယ်ရိုးသားတာပဲ ဒါနဲ့မင်းက မေက လက်မခံလို့ နွယ်ဝတီကို လက်ထပ်တယ်ပေါ့"

"အင်း အဲဒီသဘော ဖြစ်သွားတယ်၊ မေ့ကို ငါ့အရွဲ့တိုက် ချင်စိတ် ဖြစ်ခဲ့တယ်ကွာ"

"ဘာလဲ ဘုန်းဖြူ အခု မင်းနောင်တရနေသလား"

ဒေါက်တာ စိုးလွင်က သူ့ကိုစိုက်ကြည့်ကာ မေး၏။

"အေးကွာ နွယ့်ကို အားနာတယ် စိုးလွင်၊ ဒါကြောင့် နွယ့်မှာချစ်သူတွေ့ခဲ့ရင် ငါ ကွာရှင်းပေးဖို့ စဉ်းစားထားတယ်"

အရင်းနှီးဆုံး သူငယ်ချင်းမို့ စိတ်ထဲရှိတာ ပြောမိသည်။ စိုးလွင်





က သူ့စကားကြောင့် မျက်မှောင်ကြုတ်သွား၏။

"မင်း အတော်ရယ်စရာ ကောင်းပါလား စောဘုန်းဖြူ မင်းနဲ့ သူ လက်ထပ်ပြီးမှတော့ ဘယ်သူက သန့်ရှင်းတယ်လို့ ထင်မှာလဲကွ ဟင်"

"ငါ . . ."

"တော် . . .ဆက်မပြောနဲ့ဘုန်းဖြူ နွယ်ဝတီဟာ ငါ့ညီမ မဟုတ်လို့၊ ငါ့ညီမသာဆို မင်းလိုကောင်ဆီက ချက်ချင်းခွဲခေါ်သွားပြီ"

မိန်းကလေးတစ်ယောက်ကို လက်ထပ်ပြီး ဘာမှမဆိုင်သလို ပြောနေတဲ့ သူ့ပုံစံ(ကို) ဒိတ်ပျက်မိတာ ဒေါက်တာစိုးလွင်၊ ယောကျ်ားပဲ အစကထဲကပြတ်သားစွာ ငြင်းပယ်ခဲ့ပါလား . . .။

"ငါက နွယ့်အတွက်ပြောတာပါ စိုးလွင်"

"နေပါဦး မင်းက နွယ့်မှာချစ်သူတွေ့ရင်ဆိုတော့ မင်းကလည်း နောက်ထပ်ချစ်သူရှာဦးမယ်ပေါ့"

"ဟင့်အင်း မရှာဘူးကွာ ငါ ချစ်ခဲ့ဖူးပြီပဲ"

သူဘာကိုဆိုလိုတာ(လဲ)ဆိုတာ သဘောပေါက်သွားတာက စိုးလွင်။

"အော် . . .အော် . . .မင်းက မေညိုစိမ့်ကို မမေ့နိုင်သေးပဲကိုး၊ မေညိုစိမ့်ကသာ ပြန်လက်ခံရင် မင်း ခုချက်ချင်း နွယ့်ကိုကွာမယ်ပေါ့ ဟုတ်လား စောဘုန်းဖြူ"

"မေဟာအစကတည်းကငါ့ကိုလက်မခံနိုင်လို့ငြင်းခဲ့တာပဲစိုးလွင်"

လူလွတ်ဘဝတုန်းကတောင် သူ့ကို မေညိုစိမ့် လက်မခံခဲ့၊ ယခုလို အိမ်ထောင်သည်ဖြစ်ပြီးမှဆိုလျှင် ပို၍ဝေးကွာသွားပြီ။



Scanned by CamScanner

"တကယ်လို့ မေညိုစိမ့်က လက်ခံရင်ကော"

"မဖြစ်နိုင်ပါဘူး စိုးလွင်ရာ"

"ဘုန်းဖြိုး ဘုန်းဖြိုး မင်းဟာကိုယ့်က သစ္စာဖောက်ချင်တိုင်း နွယ်ဝတီကို ဆွဲထည့်နေတာပဲ။ သေချာတယ် မေညိုစိမ့်ကလက်ခံရင် မင်းချက်ချင်းပြေးသွားမှာ"

"တော်ပါကွာ"

မင်္ဂလာဆောင်တဲ့နေ့က မေညိုစိမ့်ကို သူနောက်ဆုံးတွေ့ခဲ့တာပဲ။ သူတစ်သက်မှာ မေအလှပြင်တာ ထိုတစ်ခါတွေ့ဖူး၏။ သိပ်လှတဲ့ မေအနားမှာရှိတဲ့ နွယ့်ကိုတောင် မေ့လို့သွားခဲ့၏။ ထိုညဘက်ချိုလာနိုက်မှာ မေညိုစိမ့်ကိုသာမြင်ယောင်ရင်းအရက်မူးအောင်သောက်ခဲ့တာ မဟုတ်လား။

"မင်းက တော်ဆိုပေမယ့် ငါကတော့ မတော်နိုင်ဘူး။ ဘုန်းဖြိုး ရှင်းရှင်းပြောမယ်ကွာ နွယ်ဝတီဆိုတာ တကယ့်အလှပဂေးမို့ ငါတို့ကျောင်းသားဘဝကထဲက စိတ်ဝင်စားခဲ့တာ၊ မင်းရသွားတော့ သူငယ်ချင်းပဲဆိုပြီး စိတ်လျှော့ထားတာကွ၊ ခုလို မင်းရဲ့ သဘောထားသိရတော့ နွယ်ဝတီကို ငါ ကြိုးစားခွင့်ရှိတာပေါ့ကွာ"

"ဟင်"

"မဟင်နဲ့လေ ငါကတော့ ရှင်းရှင်းပဲ နွယ့်ကိုချစ်တော့ အပျို အအိုမခွဲခြားဘူး ကိုယ့်လက်ထဲရောက်ဖို့ပဲ ဟဲ ဟဲ မျက်နှာမပျက်ပါနဲ့ ဘုန်းဖြိုးရာ . . .၊ မင်းမှ နွယ့်ကိုမချစ်ပဲ"

သူ့ပုခုံးကိုပုတ်ကာ စိုးလွင်ပြုံးကာပြော၏။ ကိုယ့်စကားနှင့်





ကိုယ်မိသွားတာကြောင့် သူနှုတ်တိတ်နေလိုက်ရသည်။

ေ၀ ေ၀ ေ၀

* * *

သည်နေ့ သူဂျူတီမရှိတာမို့ အိမ်မှာမြဲနေ၏။ သူ့အားရက်လေးမို့ သူမက မီးဖိုထဲ ကိုယ်တိုင်ဝင်ကာ စီမံသည်။ မိဘတွေ လက်ထက်တုန်းက မီးဖိုထဲမဝင်ခဲ့သော သူမ ယခုသူ့ကိုချစ်၍လေ။

"စော ဒီနေ့အားရင် နွယ့်ကိုရှော့ပင်းလိုက်ပို့ပေးပါလားဟင်"

အိမ်မှာနေလည်း သူက စာအုပ်နဲ့မျက်နှာ မကွာတာမို့ နှစ်ယောက်သား ရင်းနှီးမှုရအောင် အပြင်ထွက်တာ ပိုကောင်းမည်ဟု ထင်၏။

"ကိုယ် မအားဘူး နွယ် စထာနေ သူငယ်ချင်းတွေနဲ့ ချိန်းထားတယ်"

"ဟင်"

သူမ၏ လှပသောမျက်နှာလေး မသိမသာ ပျက်သွားသည်။





ကြည့်စမ်း သူမကသာသူ့အပေါ် ဂရုစိုက်ရသလောက် သူကတော့ နည်းနည်းလေးမှာ ဂရုမစိုက်ပါလား။

ထိုစဉ်

"ဟော ဒေါက်တာပါလား"

သူမအသံကြောင့် ကြည့်လိုက်တော့ စိုးလွင် ဒီကောင်ဘာကိစ္စ အိမ်လာတာပါလိမ့်ဟု သူတွေးလိုက်၏။

"နေကောင်းတယ်နော် နွယ်၊ မတွေ့ရတာကြာလို့လား မသိဘူး။ နွယ်က ပိုလှလာတယ်"

"အဟင်း အဟင်း ကျေးဇူးပါပဲ ကိုစိုးရယ်"

သူ့ကိုဘေးမှာထားကာ စိုးလွင်နှင့် နွယ်တို့ရယ်မော အဆင်ပြေနေတာကြောင့် မျက်မှောင်တွန့်သွားမိ၏။

"ဘယ်လိုလဲ ဘုန်းမြူ မင်းကို အိမ်မှာရှိနေမယ်တောင် မထင်ဘူး"

ဒေါက်တာ စိုးလွင်က မျက်နှာကြီးတည်နေသော စောဘုန်းမြူကို စပ်ဖြီးဖြီးမေးလိုက်သည်။

"အို သေချာတာပေါ့ ကိုစိုးရ စောက စထာနေ အပြင်ထွက်တော့မှာ သူငယ်ချင်းတွေနဲ့ ချိန်းထားတယ်တဲ့၊ နွယ် ရှော့ပင်းလိုက်ပို့နိုင်းတာ တော့ မအားဘူးတဲ့လေ"

"ဟုတ်လား နွယ် သူအလုပ်ရှိမှတော့ သွားပါစေ အော်...မေ့လို့ ကျွန်တော်လည်း လည်စီးဝယ်စရာရှိသေးတယ်၊ လမ်းကြုံရင် နွယ့်ကို တစ်ခါတည်း ပို့ပေးခဲ့မယ်လေ"

"ဟင် ဒါဆို အဆင်ပြေတာပေါ့ ဒေါက်တာ...စထာနော် နွယ်



Book Sharing

Scanned by CamScanner

အဝတ်အစားလဲလိုက်ဦးမယ်"

နွယ်ကမြူးကြွသွက်လက်စွာဖြင့် ဆယ်ကျော်သက်မလေး တစ်ယောက်လိုထွက်သွား၏။ ဧည့်ခန်းထဲမှာ ယောကျ်ားသားနှစ်ယောက်ကျန်ခဲ့သည်။

"ဒါ ဘာသဘောလဲ စိုးလွင်"

မျက်မှောင်ကြီး ကြုတ်ကာသူမေးတော့ စိုးလွင်ပုခုံးတွန့်၏။

"ဘာဖြစ်လို့လဲ ဘုန်းမြူ နွယ်က မင်းနဲ့မဆိုင်ဘူး မဟုတ်လား"

"ဘာကွ"

ရုတ်တရက် သူ ဒေါသထွက်သွားပြီးမှ ကိုယ့်စကားကို သတိရ၏။ သူသက်ပြင်းချလိုက်သည်။

"နေပါဦး မင်းကနွယ့်ကို တကယ်သဘောကျလို့လား စိုးလွင်"

"ဒါပေါ့ကွာ ဒီလောက်လှတဲ့ နွယ့်ကို မင်းမဟုတ်တဲ့ ဘယ်ယောကျ်ားမဆို သဘောကျမှာပဲကွ".

"အေးလေ နွယ်လက်ခံရင် ပြီးတာပါပဲ"

သူပြောပြီး ထိုင်ရာမှထ၏။ ထိုစဉ် ရေမိုးချိုး ဝမ်းဆက်လေးဖြင့် နွယ်ထွက်လာသည်။

"စောရေ နွယ်သွားလိုက်ဦးမယ်၊ ကဲ သွားစို့ ဒေါက်တာ"

နှစ်ယောက်သား ယှဉ်တွဲ၍ ထွက်သွားသော စိုးလွင်နှင့် နွယ့်ကို ကြည့်ကာ သူဘာကို မကျေနပ်မှန်းမသိ။

စောဘုန်းမြူ၊ မင်းပဲ နွယ့်ကို မချစ်ဘူးဆို၊ ဘာကြောင့် ဒေါသဖြစ်ချင်နေတာလဲဟု ကိုယ့်ကိုယ်ကိုယ် သတိပေးလိုက်၏။





"ကျွန်တော်တို့နှစ်ယောက်အတူ ထွက်လာတာ ဟိုကောင် ဘုန်းမြူ အတော်ဒေါသဖြစ်နေမှာပဲ နွယ်"

"အဟင်း မထင်ပါနဲ့ ကိုစိုးလွင် ရှင့်လူစိတ်က မေညိုစိမ့် ဆီမှာပါ"

ထိုစကားကို နွယ်ကနာကျင်သလို ပြောလိုက်၏။ တကယ်တော့ သူ့ကို အရွဲ့တိုက်ကာ ဒေါက်တာစိုးလွင်နှင့် တမင်ထွက်လာခြင်းပါ။

"အေးဗျာ တကယ်တော့ စောဘုန်းမြူက ကိုယ်နဲ့အနီးဆုံး မှာရှိနေတဲ့ နွယ်ရဲ့တန်ဖိုးကိုမမြင်ပဲ အဝေးကအရာကိုပဲ တမ်းတနေတာ"

"နွယ်ကံပေါ့ ကိုစိုးလွင် သူတစ်နေ့ နွယ့်ကို ကွာချင်တယ် ဆိုရင်လည်း ဘာတတ်နိုင်မှာလဲ"

"ဟာ မဟုတ်တာ နွယ်ရယ်၊ ဘာကြောင့် လွယ်လွယ်နဲ့ ဇ ဘ်လျော့ရမှာလဲ တကယ်တော့ ဒီကောင်နွယ့်ကို စိတ်ဝင်စားပါတယ်"

ဒေါက်တာစိုးလွင်၏ စကားကို သူမကတော့ နှစ်သိမ့်တာပဲ ဟု ထင်သည်။ ယောကျ်ားတစ်ယောက်ရဲ့ လျစ်လျူရှုခြင်းခံရတာလောက် ဘယ်မိန်းမ မနာကျင်တာရှိမလဲ။

"သူ မေညိုစိမ့်နဲ့များ ပြန်ဆက်သွယ်နေလား မသိဘူး ကိုစိုးလွင်"

သူမရင်ထဲ သံသယစိတ်ကို ဖွင့်မေးလိုက်သည်။

"ဒါတော့ ကျွန်တော်မသိဘူး။ ဆေးရုံကိုတော့ မေညိုစိမ့် လာတာ မတွေ့ဘူး"

"ဂျက်စရာတော့ ကောင်းပါတယ် ကိုစိုးလွင် ကိုယ့်ယောကျ်ားက ကိုယ့်ကိုစိတ်မဝင်စားတာ"



Scanned by CamScanner

"နွယ့် အပြစ်မဟုတ်ပါဘူး စောဘုန်းဖြိုးက ငယ်ငယ်ကတည်းက လိုချင်တာ ရခဲ့တယ် မေညိုစိမ့်ကို ချစ်တယ်ဆိုတာ ကျွန်တော့်အထင် တကယ်မပြစ်နိုင်ဘူး မပြည့်စုံတဲ့ မေညိုစိမ့် ဘဝကို သနားတာပဲ ဖြစ်မယ်၊ ပြီးတော့ မေညိုစိမ့် အငြင်းခံရတာကို ခံပြင်းပြီး မရရကောင်းလားဆိုပြီး ဒေါသစိတ်နဲ့ ခွဲနေတာပါ နွယ်"

ဒေါက်တာ နိုးလွင်က သူ့ထင်မြင်ချက်ကို ပြောပြနေသည်။ သူမ သက်ပြင်းလေးချကာ

"နွယ်တော့ သူ့ကိုလက်ထပ်မိတာ မှားသလိုပဲ"

"ဒီလို မထင်ပါနဲ့ တကယ်တော့ စောဘုန်းဖြိုးနဲ့ နွယ်ဟာ အလိုက်ဖက်ဆုံးပါ"

သူမက အသာပြုံးကာ ခေါင်းခါရမ်း၏။

"လူချင်းလိုက်ဖက်ပေမယ့် စိတ်ချင်းက မလိုက်ဖက်ဘူးလေ၊ သူ့ကို ကျွန်မဘယ်လောက်အထိ သည်းခံရမှာပါလိမ့်"

အဝေသို့ ဝေးငေးကြည့်ရင်း သူမတိုးဖျော့စွာ ပြောလိုက်၏။

"နွယ့်အတွက် ကျွန်တော်စိတ်မကောင်းပါဘူးဗျာ"

"အဟင်း ကျွန်မကံပေါ့လေ၊ ကိုနိုးလွင်က ကျွန်မတို့ ဇာတ် လမ်းတွေ သိသွားတဲ့လူမို့ ဒီလောက်ရင်ဖွင့်ဖြစ်တာရှင်"

"ကျွန်တော်နားလည်ပါတယ်"

ဒေါက်တာ စောဘုန်းဖြိုးနှင့် ပတ်သက်ကာ ဒေါက်တာစိုးလွင်ကို သိကျွမ်းခဲ့ခြင်းဖြစ်သည်၊ အညာသားကိုနိုးလွင်က ရိုးသား၍ သဘောကောင်းသူ။





"ကျွန်မ ပြန်တော့မယ်"

"ဟင် ပြန်လုချည်လား"

"အပြင်မှာ ကြာနေရင် စောအထင်လွဲမှာမျိုး ကျွန်မ မလိုလားဘူးလေ"

"အော် . . .အဟွန်း"

သူနှင့်ပတ်သက်ကာ သူမဘက်မှ နည်းနည်းလေးအတိမ်းအစောင်းမခံတာကိုပဲ စမ်မှန်သော မေတ္တာကြောင့်မဟုတ်လား။

နွယ်ဝတီဟာ ယောကျ်ားတစ်ယောက်အပေါ် ဒီလောက်သည်းခံချစ်လိမ့်မည်ဟု ဒေါက်တာစိုးလွင်မထင်ခဲ့ပါ။

တကယ်တော့ စောဘုန်းဖြိုးဟာ ကံကောင်းသူတစ်ယောက်ပဲ။

သူမအိမ်ပြန်ရောက်တော့

"ဟင် . . .စော အပြင်သွားမလို့ဆို"

"အေး ဟုတ်တယ် စာအုပ်မပြီးသေးလို့ မသွားတော့တာ"

"အော် . . ."

တကယ်တော့ စာဖတ်ရင်း သူတစ်စုံတစ်ယောက်ကို စောင့်နေခဲ့တာ မဟုတ်လား၊ သိပ်မကြာတဲ့အချိန်အတွင်း သူမပြန်ရောက်လာ၍ ကျေနပ်သလိုလို။

"ဘယ့်နှယ်လဲ နွယ်၊ ပျော်ခဲ့ရဲ့လား"

"ရှင်"

"အော် မင်းနဲ့စိုးလွင်တို့ အတူတူဈေးဝယ်ထွက်တာဆိုတော့"

"အို ဟုတ်တာပေါ့ ဈေးဝယ်ထွက်ရတာ ပျော်စရာပဲ စောရဲ့

ကိုစိုးလွင်အတွက် နွယ်တောင် လည်စီးကူရွေးပေးလိုက်သေးတယ်၊ အော် . . .စောအတွက်လည်း နွယ် အမှတ်ရတာနဲ့ လည်စီးတစ်ခု ဝယ်လာသေးတယ် ဒီမှာ"

သူမက လှပသော လည်စီးကို သူ့ရှေ့ထုတ်ပြလိုက်၏။ သူက ဖျတ်ခနဲဆွဲယူကာ လွှင့်ပစ်သည်။

"ဟင် ဒါဘာလုပ်တာလဲ စော"

"ငါ့အတွက် မင်းဝယ်ပေးစရာမလိုဘူး နွယ်ဝတီ"

"အို . . ."

သူပြောပြီး ချာခနဲလှည့်ထွက်သွား၏။ သူမမှာသာ သူလွှင့်ပစ်လိုက်သော လည်စီးလေးကို ကောက်ယူရင်း ဝမ်းနည်းစွာ ကျန်ရစ်ခဲ့သည်။

စောရယ် . . .နွယ့်အပေါ် ဒီလောက်တောင် မုန်းနေရသလား။ သူမ ကတော့ သူ့အထင်မလွဲစေချင်၍ အမြန်ပြန်ခဲ့တာ။

ခဏကြာတော့ သူအဝတ်အစားလဲပြီး ကားမောင်း၍ အပြင်ကို ထွက်သွား၏။

"စော . . .ဘယ်လဲ"

အမှတ်မရှိ သူမလိုက်မေးပေမယ့် သူတစ်ချက်လှည့်မကြည့် စိတ်ထဲက ဘာကိုမုန်းမသိ ဒေါသဖြစ်နေရ၏။

စိုးလွင်ဟာ နွယ့်ကိုတကယ်စိတ်ဝင်စားနေပြီလား။ ယခုသူတို့ ဘယ်က ပြန်လာတာပါလိမ့် နွယ့်ပုံစံက အတော်ပျော်ရွှင်လာဟန်၊ အလိုလေး စောဘုန်းပြူ မင်းဘာဖြစ်နေတာလဲ။





နွယ်နဲ့ပတ်သက်ပြီး မင်းသဝန်တိုနေတာလား၊ ထိုသို့ တွေးမိတော့ သူကိုယ်သူ အလိုမကျဖြစ်ပါ၏။

တကယ်ဆို သူမှနွယ့်ကို မချစ်ခဲ့ပဲ မချစ်တဲ့မိန်းမတစ်ယောက်အတွက် သူဘာခံစားစရာလိုလဲ။

စောဘုန်းပြူ မင်းစိတ်ကို မင်းဆန်းစစ်တော့။

ထိုည သူမိုးချုပ်မှပြန်ရောက်တော့ နွယ်က တံခါးဖွင့်ပေးသည်။ သူမ သူ့ကိုစောင့်နေတာလား။

"ဟင် စောအရက်တွေ သောက်လာတယ်"

သူဘာမှမပြောဘဲ အခန်းထဲဝင်ကာ တံခါးပိတ်လိုက်၏။ အတွေးထဲမှာ နွယ်ဝတီနှင့် မေညိုစိမ့်တို့ ပုံရိပ်က တစ်လှည့်စီ နှောက်တော့ ခေါင်းတွေရှုပ်ကာ မကြာခင်အိပ်ပျော်သွားလေသည်။



Scanned by CamScanner

☆ ☆ ☆

သည်မနက် သူဆေးရုံဂျူတီဆင်းချိန် မထင်မှတ်သူတစ်ယောက်ကို တွေ့ရ၏။

"ဟင် . . .မေ"

"အို . . .စော"

မေက သူ့ကိုတွေ့တော့ မျက်နှာပျက်ခနဲ ပျက်သွားလေသည်။ မေ့ပုံစံက ခပ်နွမ်းနွမ်း၊ မျက်နှာလည်း မကောင်းပေ။

"မေ . . .ဒီကို"

"အဖေ ဆေးရုံတက်နေရလို့ပါ စော"

"ဟင် ဟုတ်လား ဘယ်တုန်းကလဲ ကိုယ်လည်း မသိလိုက်ပါလားမေ"

သူ့အမေးကြောင့် မေသက်ပြင်းချ၏။ လက်ထပ်ပြီးပေမယ့် သူ မေ့အပေါ် ယခုလို ဂရုစိုက်တာကြောင့် ဝမ်းသာသလိုပါပဲ။





"မနေ့ကပါစော ရုတ်တရက် ဗိုက်အောင့်လို့လေ"

"ဘယ်ဝပ်ဒ်မှာလဲမေ၊ ဒီနေ့ ကိုယ့်ဂျူတီ မေ ဘာမှမစိုးရိမ်နဲ့၊ ဦးလေးကို ကိုယ်ဂရုစိုက်ပေးမယ် ဟုတ်လား"

ကျေးဇူးတင်စွာဖြင့် မေ့ ခေါင်းလေးညိတ်မိ၏။ နောက်ဆုံး လမ်းခွဲချိန်မှာ သူ့အနေဖြင့် မေ့ကိုစိတ်မနာခဲ့ပေဘူးလား။

သူက မေနှင့်အတူ လိုက်လာ၏။ ထိုစဉ် မျက်နှာချင်းဆိုင်မှလာသော ဒေါက်တာစိုးလွင်နှင့် တိုးလေ၏။

"ဘုန်းဖြူ"

"ဟင် စိုးလွင်"

စိုးလွင်က သူနှင့်မေ့ကိုတစ်လှည့်စီကြည့်သည်။ မေညိုစိမ့်ကို သူပြဖူးထား၍ စိုးလွင်သိနေ၏။

"သူက"

မေ့ကိုကြည့်ကာ စိုးလွင်မေးသည်၊ သူမိတ်ဆက်ပေးလိုက်၏။

"မေညိုစိမ့်လေ သူ့အဖေဆေးရုံတက်လို့တဲ့"

"အော် . . ."

"ဒေါက်တာစိုးလွင်တဲ့ မေ"

"ဟုတ်ကဲ့"

တစ်ပတ်နွမ်း အဝတ်အစားများနှင့် မျက်နှာတွင် သနပ်ခါးမရှိ ဆံပင်ရှည်များကို ဖြစ်သလို ထုံးဖွဲ့ထားသော မေညိုစိမ့် ပုံစံလေးမှာ သနားဂရုဏာ သက်စရာ။



Scanned by CamScanner

"လိုတဲ့ အကူအညီရှိရင် ပြောပါ၊ မေညိုစိမ့်"

"ဟုတ်ကဲ့ ဒေါက်တာ"

"ကဲ ငါတို့သွားဦးမယ် စိုးလွင်"

"အေး အေး"

နှစ်ယောက်သား ထွက်ခွာသွားရာသို့ စိုးလွင်တစ်ချက်လှမ်းကြည့်၏။ အင်း ဒီနှစ်ယောက်ပြန်ဆုံတာ သိပ်မကောင်းသလိုပဲ ဟု စိုးလွင် တွေးသည်။

မပြတ်သားတဲ့ စောဘုန်းမြို့၏ စိတ်ကိုပိုဆိုးအောင်လုပ်သလို ဖြစ် နေတာမျိုး မဟုတ်ပေ။

ထိုအချိန် . . .

"ဘာမှ အားမငယ်ပါနဲ့ ဦးလေး ကျွန်တော်အမြဲတမ်းလာကြည့်ပါမယ် မေနဲ့ ကျွန်တော်က ငယ်သူငယ်ချင်းတွေပါ"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

အသက်ငါးဆယ်ကျော်ဆိုပေမယ့် လောကဓံရိုက်စတ်မှုကြောင့် ခြောက်ဆယ်ကျော် ဝန်းကျင်အရွယ်လောက် ထင်ရတဲ့ မေညိုစိမ့်၏ ဖခင်ကိုတွေ့ရတော့ စိတ်မကောင်းပါ။

မေညိုစိမ့် မိခင်နှင့် ညီမတစ်ယောက်ကလည်း အနားမှာ အားလုံးနွမ်းပါးနေသည်။ မေ့ကို သူအားပေးမိ၏။

"မစိုးရိမ်ပါနဲ့ မေ ကိုယ်တစ်ယောက်လုံးရှိပါတယ် ဘာမှမပူပါနဲ့"



တကယ်ပဲ မေ၏အဖေထံ သူမကြာခဏသွားကြည့်ဖြစ်သည်။ မေ့ရဲ့ မိခင်နှင့် ညီမပြန်သွားတာမို့ မေပဲ အနားမှာကျန်ခဲ့၏။

"တစ်နေ့ကုန်ဆိုတော့ မေပင်ပန်းနေမှာပေါ့ နာစ်လွှတ်ပေး ရမလား မေ"

"အို . . .ဟင့်အင်း ရပါတယ် စော၊ မနေ့က အမေတို့စောင့်တယ်လေ၊ ဒီနေ့ မေ့အလှည့် အိမ်ကိုလည်း ပစ်ထားမရတော့ တစ်ယောက် တစ်လှည့်စောင့်ရတယ် စော"

မေတို့အခြေအနေနှင့် စပါယ်ရှယ်နာ့စ်မငှားနိုင်ပါ။ သူက အတင်းပဲစပါယ်ရှယ်နာ့စ်တစ်ယောက် လွှတ်ပေး၏။

"ဒီအတွက် မေဘာတာဝန်မှမထားပါနဲ့"

"သူ့ကို ပြန်လွှတ်လိုက်ပါစော အဖေ့ကို မေကိုယ်တိုင် ပြုစုမယ်"

"ခေါင်းမမာပါနဲ့မေ တောင်ဝှေးလဲရင် မိုးသူတော်ထူနိုင်ပေမယ့် မိုးသူတော်လဲရင် တောင်ဝှေးက ထူနိုင်မှာမဟုတ်ဘူး ကိုယ့် စကားနားထောင်ပါ"

"ဒါဆို ဒီစပါယ်ရှယ်နာ့စ်ဖိုး မေပဲပေးမယ်"

သူများဆိုက ဘာမှ မလိုချင်သော မေ့မာနကို ဒီနေရာလည်း ပြပါသည်။ သူပြုံး၍သာ နေလိုက်၏။

"တစ်မနက်လုံး မေဘာမှ မစားရသေးဘူး မဟုတ်လား ကိုယ်နဲ့ ထမင်းသွားစားရအောင် မေ"

"ဟင့်အင်း မေ မဆာဘူး"

Book Sharing

Scanned by CamScanner

မေ ခေါင်းမာနေသည်။ သူ သက်ပြင်းချသည်။

"ကိုယ့်ကို သူငယ်ချင်းတစ်ယောက်အနေနဲ့တောင် မေက ခွင့်မပြုနိုင်တော့ဘူးလားဟင်"

"အို ဒီလိုမဟုတ်ပါဘူး စော"

"ဒါဆို ကိုယ်ပြောတာလက်ခံပါမေ့ ထမင်းစားမှ မေအား ရှိမှာပေါ့"

"အင်းလေ"

နောက်ဆုံးတော့ မေကသူနဲ့အတူ ပါလာ၏။ အေးချမ်းသော စားသောက်ဆိုင်မှာ ထမင်းစားကြသည်။

"ဘာစားမလဲ မေ"

"ဟင့်အင်း စော စားချင်တာမှာပါ"

ဖခင်ဖြစ်သူ နေမကောင်းတာမို့ မေ ဘာစားဖို့မှစိတ်မပါ ဖြစ်နေ၏။ သူက ကောင်းနိုးရာရာ ဟင်းတွေမှာလိုက်သည်။

"သိပ်လည်း ပူမနေပါနဲ့ မေရယ်၊ ဦးလေး ပြန်ကောင်းသွားမှာပါ"

"မေလည်း မျှော်လင့်ပါတယ်စော၊ အဖေက သိပ်ပေတယ်၊ တော်ရုံနေမကောင်းတာမျိုး ဘယ်တော့မှ ဆေးခန်းမပြဘူး"

"လူကြီးတွေက ဒီလိုပါပဲ ကဲ မေ . . .စား"

သူက မေ့ပန်းကန်ထဲ ဟင်းတွေထည့်ပေးလိုက်၏။

"အို ရပါတယ် စော မေ့ဘာသာစားပါ့မယ်"

"ကိုယ့်ကို အားမနာပါနဲ့ မေ"



အမှန်တော့ မေ့ကိုလိုအပ်သော ငွေကအစ သူကူညီချင်၏။ သို့သော် မေက လက်ခံမည်မဟုတ်။

"ဟင် စောနဲ့မေ"

"နွယ်"

ထိုအချိန် ဆိုင်ထဲသို့ မမျှော်လင့်ဘဲ နွယ်ကအသိတစ်ယောက်နှင့် ဝင်လာ၏။ နွယ့်၏ မိတ်ဆွေစိန်ပွဲစားမယဉ်နှင့်ဖြစ်သည်။

မယဉ်ထံမှာ စိန်ထည်တစ်ခုကြည့်ရင်း လမ်းကြုံ၍ ဆိုင်မှာ ထမင်းဝင်စားကြခြင်းဖြစ်၏။

"မယဉ် ခဏနော်"

သူနဲ့ ပေညိုစိမ့်က နွယ့်ကိုမမြင်။ နွယ်က စမြင်ခြင်းဖြစ်၏။ ရုတ်တရက် နွယ့်မျက်လုံးတွေ မယုံခြင်း၊ ဘယ်လိုဖြစ်ပြီး သူတို့ နှစ် ယောက် အတူရှိနေတာပါလိမ့်။

နွယ့်ကိုမြင်တော့ သူတို့နှစ်ယောက်မျက်နှာပျက်သွားသည်။

"ဒါက ဘယ်လိုဖြစ်တာလဲ စော၊ အိမ်မှာဆို နေ့လည်စာ မစားဖြစ်တဲ့လူက"

လှပသော နွယ့်မျက်နှာလေး မသိမသာ တင်းမာနေမိ၏။ သူက ခပ်တည်တည်ဖြင့်

"နွယ်ကော လာစားတာလား လာလေ ကိုယ်တို့ဝိုင်းထိုင်"

"အို မထိုင်နိုင်ပါဘူး နွယ့်မိတ်ဆွေပါတယ်၊ ဒါနဲ့ ပေညိုစိမ့်က စောဆီ ဘယ်လိုရောက်နေတာလဲ"

"ဒီလိုပါနွယ် မေ့ရဲ့အဖေ"

"မေ မပြောနဲ့ ကိုယ်ရှင်းပြလိုက်မယ်"

သူက မေ့ကိုဝင်တားပြီး နွယ့်ဘက်လှည့်ကြည့်၏။

"မေ့ရဲ့ အဖေဆေးရုံတင်ထားလို့ ကိုယ်နဲ့တွေ့တာ. အခု ခဏ အနားရတုန်းမေ့ကို ကိုယ်ထမင်းခေါ်ကျွေးတာ နွယ်"

"အော် . . .အော် . . .စော်က လူနာကိုကြည့်တဲ့ ဆရာဝန်တင် မဟုတ်ပေါ့ ပဲ လူနာရှင်ကိုလည်း ဂရုစိုက်တဲ့ ဆရာဝန်ဖြစ်နေပါလားဟင်"

"အို . . ."

အနှောင့်အသွား မလွတ်သော နွယ့်စကားကြောင့် မေ မျက်နှာ ပျက်သွားသည်။

"ဘယ်လိုပြောလိုက်တာလဲ နွယ်"

"ရှင်းရှင်းပြောလိုက်တာပဲ စော၊ ဒီမှာ ..မညိုစိမ့် မင်းဟာ စောကို ဘယ်အချိန်ထိများ ညို့ငင်ထားဦးမှာလဲ ဟင်၊ မင်းသိထားဖို့က စော ဟာအိမ်ထောင်ရှင် တစ်ယောက်ဖြစ်နေပြီ ဆိုတာပဲ"

ဇနီးမယားဖြစ်တဲ့ သူမအပေါ် မှာတော့ တစ်ချက်ကလေး ဂရုမ စိုက်ပဲ ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်ကို တမ်းတမ်းစွဲနေတဲ့ ယောကျ်ားအား မကျေနပ်သမျှ မေညိုစိမ့်ကိုသာ နွယ်ပြောမိ၏။

နွယ်၏ အပြောခံရတာကြောင့် မျက်နှာအကြီးအကျယ် ပျက် သွားတာက မေညိုစိမ့်။

နေရာမှ ရုတ်ခနဲထကာ ပြေးထွက်ခဲ့မိသည်။





"မေ"

သူက ထိုင်ရာမှထလျက် ပြေးလိုက်ဖို့ပြင်၏။

"ထိုင်နေပါစော၊ ဟိုမှာ နွယ့်အသိကြည့်နေတယ်၊ စောဟာ နွယ့် ခင်ပွန်းမှန်း ..သိတယ်"

နွယ်သတိပေးလိုက်သည်။ သူက အေးဆေးစွာဖြင့် နွယ့်ကို ကြည့်၏။

"မင်း သိပ်မလွန်လွန်းဘူးလားနွယ်"

"အလို နွယ်ကဘာကိုလွန်ရမှာလဲ၊ ..ဘာကွယ်ရာမှာ နွယ်က ယောကျ်ားတစ်ယောက်နဲ့ ထမင်းအတူလာစားမိလို့လား"

နွယ်ခနဲ့သလိုမေးတော့ သူမျက်နှာကြီးရဲသွားကာ နေရာမှ ထ သည်။

"တော်စမ်း နွယ် မင်းတကယ်ဆို မေဟာ သူငယ်ချင်းပါ ဒီ လောက်ထိ ပြောဖို့ မကောင်းဘူး"

"အော် . . .စောက မေ့ကိုထိလို့နာနေတယ်ပေါ့လေ နွယ်ဟာ စောရဲ့ တရားဝင်ဇနီးဆိုတာ သတိရပါဦး"

ထိုမျှပြောပြီး နွယ်ထွက်ခဲ့သည်။ သူကလည်း နွယ့်ကိုထားကာ ထွက်သွား၏။

မေညိုစိမ့်နောက်လိုက်သွားတာ နေမှာပေါ့၊ နွယ့်ကိုတော့ တစ်ချက်မကြည့် ဘယ်လောက်ရင်နာစရာကောင်းလဲ။

ဢ ဢ ဢ

☆ ☆ ☆

"ကိုယ် တောင်းပန်ပါတယ် မေ"

"အို ဟင့်အင်း မေ့ကိုဘာမှတောင်းပန်စရာမလိုပါဘူး စော၊ နော့ ... ကိုစောလည်း မေ့ကိုဂရုမစိုက်ပါနဲ့"

မေညှိုစိမ့်အပြောကြောင့် သူစိတ်မကောင်းဖြစ်သွား၏။ နွယ်နဲ့ ... ပတ်သက်ကာ မေ့ကို အားနာမိသည်။

"ဒီလိုမပြောပါနဲ့ မေရယ်၊ ကိုယ် ... တို့ဟာ သူငယ်ချင်းတွေပဲ"

"ဘယ်လောက်ပဲ သူငယ်ချင်းဖြစ်ပါစေ စော၊ နွယ်ပြောသလိုပါ ... ... ဟာ အိမ်ထောင်သည် တစ်ယောက်မို့ အရင်လို ဆက်ဆံတာမျိုး ... ဖြစ်သင့်တော့ဘူးလေ"

"မေရယ် . . ."

အစကတည်းက မာန်မ ... ရှိသောမေသည် ယခုလိုသူများ ပြော ...





... ခံရတာ ကိုယ်မနေတတ်၍ဟု နားလည်လိုက်၏။ ထို့ကြောင့် သူ့ကို အားနာပေမယ့် ရှင်းအောင်ပြောလိုက်ရသည်။

"စောအနေနဲ့ မေ့အပေါ် ဂရုစိုက်ခဲ့တာတွေအတွက် ကျေးဇူးတင်ပါတယ်"

"ဒီလိုမပြောပါနဲ့ မေကိုယ်မေ့အပေါ် ဘာမှမလုပ်ပေးရသေးပါဘူး"

သ ... တော့ မေက ခေါင်းခါရမ်း၏။ သူဂရုတစိုက်ရှိခဲ့တာတွေ အပေါ် မေ နားလည်ခဲ့တာပဲ။

"ဘာပဲဖြစ်ဖြစ်ပေါ့ စော၊ အဖေသက်သာရင် မေတို့ ဆေးရုံက ဆင်းမယ်"

"နွယ့်ကြောင့်လားမေ ဦးလေးအနားယူဖို့ လိုတယ်"

"အိမ်မှာပဲ အနားယူနိုင်းပါ့မယ် စော၊ မေတို့အိမ်မှာ လူတိုင်း အလုပ်လုပ်မှထမင်းမှန်ရတာမို့ အဖေကို အနီးကပ်လာစောင့်ရှောက်ဖို့ မအားကြဘူးလေ အိမ်မှာဆိုရင် ပိုအဆင်ပြေတာကြောင့်ပါ စော"

သူကတော့ မေဒီလို ဆုံးဖြတ်တာ နွယ့်ကြောင့်ပဲဟုထင်နေ၏။ ထိုနေ့ အိမ်ပြန်ရောက်တော့ နွယ့်ကိုစကားတစ်ခွန်းမှမပြော အေးစက်သော မျက်နှာဖြင့် အိမ်ထဲဝင်လာသည်။

"စော ဒီနေ့ပြန်လာတာ စောသားပဲ"

နေ့လည်က ဘာမှမဖြစ်သလိုဟန်နဲ့ နွယ်ကသူ့ကိုကြို၏။

"ဟုတ်တယ် မင်းကိုပြောစရာရှိလို့နွယ်"

"ဘာများလဲ့ စော"

ရေချိုးပြီးကာစ အစိမ်းနုရောင်ဝတ်စုံလေးဖြင့် နွယ်သည် ဝင်းပ

ကြည်လင်စွာ လှနေ၏။ သည်လို မိန်းမလှတစ်ယောက်မှာ ဘာကြောင့် လူမှုရေးစိတ် ကင်းမဲ့ရတာလဲ။

"မင်း နေလည်က မေ့အပေါ် ဆက်ဆံတာ သိပ်ကိုမောက်မာ လွန်းတယ် နွယ်။ တကယ်ဆို မေဟာ အားငယ်နေသူပဲ"

"အော် စောကခုထိဒါကို မကျေနပ်ဘူးပေါ့၊ မေက ဘာတွေပြော လိုက်လို့ ဒီလောက်ဒေါသဖြစ်လာတာလဲ စော"

မိန်းမကွယ်ရာမှာ တစ်ခြားတစ်ယောက်နှင့်တွဲသည့် သူ့ကို နွယ် ကသာ အပြစ်တင်ရမှာဖြစ်၏။ ယခုတော့ ပြောင်းပြန် သူကပဲ စိတ်ဝိုငြ် နေရတယ်လေ။

"မင်းဘာတွေ ပြောနေတာလဲ နွယ် မေဟာ မင်းထင်သလို မိန်း ကလေးမျိုး မဟုတ်ဘူး"

"အော် . . .တော်တော်အထင်ကြီးစရာ ကောင်းတယ်ပေါ့နော်၊ ဒါနဲ့တောင် သူငယ်ချင်းယောကျ်ားနဲ့ ကွယ်ရာမှာ ထမင်းအတူစားတာ"

"တော်စမ်း နွယ်၊ မင်းဘာကြောင့် မေ့ကို ဒီလောက်မုန်းနေရတာ လဲဟင်"

သူ့အမေးကြောင့် နွယ် မရိုးသလိုပြုံးလိုက်၏။ သူ့မျက်နှာကို လည်း ခပ်စူးစူးကြည့်မိသည်။

"ဘာကြောင့် ဟုတ်လား။ ဟင်း စောသိချင်ရင် ပြောရတာပေါ့ အဲဒါ စောကြောင့် စောဟာ နွယ့်ကိုတော့ ဂရုမစိုက်ပဲ ဘာမှမဆိုင်တဲ့ မေ့ကို ဂရုစိုက်လို့ ကြင်နာလို့"

"ဟင်"





နွယ်က မေ့အပေါ် သဝန်တိုနေလိမ့်မည်ဟု သူဘယ်တုန်းကမှ မထင်ခဲ့ပေ။ ယခုလိုပြောမှ အံ့သြစွာ နွယ့်ကိုကြည့်မိ၏။

"ပြောပါဦး စော၊ မေက ဘယ်လောက်များလှလို့ စောအပေါ် ဒီလောက်တောင် ဆွဲဆောင်နိုင်ရတာလဲ"

"ဒီမှာနွယ် မေက မင်းလောက်မလှပေမယ့် ငယ်သူငယ်ချင်း ဆို တဲ့ သံယောဇဉ်ဆိုတာ ဖြတ်လို့မရဘူး။ မင်းသိပါတယ်လေ မေ့မာန ဘယ်လောက်ကြီးတယ်ဆိုတာ ငါကမ်းလှမ်းတာကို ငြင်းပယ်ခဲ့တယ်"

"ကျွန်မကို အသည်းနာအောင် ထပ်မပြောနဲ့စော၊ အဲဒီလောက် မာနကြီးတဲ့ မိန်းမက မိန်းမရှိတဲ့ယောကျ်ားနဲ့အတူ ထမင်းလာစားတာ ကျွန်မအံ့သြတယ်သိလား"

ထိုစကားကြောင့် သူမျက်နှာနီရဲသွား၏။

"အဲဒါ ငါ့ခေါ်လို့ကွ မေက လိုက်လာတာ မဟုတ်ဘူး"

"အော် . . .အော် . . .တော်တော်တန်ဖိုးကြီးပါလားဟင်"

နွယ်ကိုယ်တိုင်လည်း အသည်းနာလျက် မျက်နှာလေးနီလာ၏။ သူ့ကိုလည်း စိတ်နာစွာကြည့်မိသည်။

"ဒီမှာ နွယ် မင်းနဲ့ငါ လက်ထပ်တာ ချစ်လို့ မဟုတ်ဘူး ဒါကြောင့် လက်ထပ်ပြီးလည်း ချစ်သူကိုယ်စီတွေ့ခဲ့ရင် သဘောတူဖို့ ပြောခဲ့တာပဲ"

"အော် . . .အော် . . .ဒီလိုလား။ ဒါဆိုရှင်က မေညီ့စိမ့်နဲ့ ချစ်နေပါ တယ်လို့ ဝန်ခံလိုက်တာပေါ့ ဟုတ်လား"

ရင်နာစွာဖြင့် သူ့ကိုကြည့်ပြီး သူမမေးလိုက်၏။ သူက သူမကို အရွဲ့တိုက်သလားဟု ထင်ရလောက်အောင်ပင်။

"အေး မင်းထင်ချင်သလို ထင်နိုင်တယ် နွယ်"

"နောက်ဆုံးတော့ ရှင်ဝန်ခံပြီပေါ့ ကောင်းပြီလေ ခုချိန်ကစပြီး ကျွန်မလည်းကြိုက်သလိုနေမယ်"

ပြောပြီး သူမကျောခိုင်းလိုက်သည်။ စိတ်ထဲမှာ မေညိုစိမ့်ကို နာကျင်မိ၏။ အစကတော့ စွန့်လွှတ်ဟန်ပြပြီး ယခုမှ ပြန်လည် ချဉ်းကပ်တာ ဘာသဘောလဲ။

"ဒီလောက်လှတဲ့ နွယ့်ကို စိတ်မဝင်စားပဲ ဘာမဟုတ်တဲ့ မိန်းမ တစ်ယောက်ကို စွဲလမ်းနေတယ်ဆိုတာ အံ့သြစရာပဲ"

မနေ့က မယဉ်ကို နွယ်ရင်ဖွင့်မိ၏။ အစ်ပ မရှိသူမို့ မယဉ်ကို ပဲ အစ်မလို သဘောထားမိသည်။

"နွယ်ဖြင့် ဘာလုပ်ရမှန်းမသိအောင်ပဲ မယဉ်၊ ရှက်လည်း ရှက်ပါ တယ်၊ ကိုယ့်ယောကျ်ားကိုယ်မနိုင်ပ . ."

"အို ဒါမျိုးဟာ ရှက်စရာမဟုတ်ပါဘူးကွယ်၊ ကိုယ်က မှန်နေ တာပဲ၊ မယဉ်အကြံပေးချင်တာက ဟိုမိန်းကလေးနဲ့ နွယ် သွားတွေ့ ပြီးနောက်ဆုတ်ခိုင်းပေါ့ကွယ် နွယ်တို့ချင်း သိနေတာပဲ"

ယခုတော့ မယဉ်ပေးသောအကြံကို သုံးရတော့မည်။ ထို့ကြောင့် နွယ်ကားဖြင့် မေညိုစိမ့်ထံ ထွက်ခဲ့၏။ နွယ်ကံကောင်းတာလား မသိ၊ မေညိုစိမ့်ကို အိမ်မှာအသင့် တွေ့ရသည်။ မေညိုစိမ့်ကလည်း နွယ့်ကို တွေ့တော့ အံ့သြနေ၏။

"ဟင် နွယ်"

"ဘယ်လိုလဲ မေ တို့ကိုတွေ့လို့ အံ့သြနေတာလား"





စပ်မွဲမွဲလေးပြုံးကာ မေးရင်းနွယ်အနားရောက်သွားသည်။

"ဘာကိစ္စရှိလို့လဲ နွယ်"

အေးစက်တည်ငြိမ်သော မျက်နှာထားဖြင့် မေညိုစိမ့်မေးသည်။

"အို ကိစ္စရှိမှ လာရမှာလားမေရယ်၊ နွယ်တို့က သူငယ်ချင်းတွေပဲ မဟုတ်လား"

သို့သော် နွယ့်မျက်နှာတွေ အရောင်တောက်နေတာ မေမြင်နေရ၏။ ထို့ကြောင့် မေ သက်ပြင်းချရင်း နွယ့်ကိုရင်ဆိုင်၏။

"လာရင်းကိစ္စကိုသာပြောပါနွယ်"

"အော် မင်းက ဒီလိုမေးမှတော့ ကောင်းပြီလေ ပြောရတာပေါ့"

စောနဲ့မင်းအခြေအနေက ဘယ်လိုလဲ မေ"

"ဘာကို မေးတာလဲ နွယ်၊ နွယ်သိတဲ့အတိုင်း မေတို့ နှစ်ယောက် ဟာ သူငယ်ချင်း"

သို့သော် မေ စကားမဆုံးခင် နွယ်မျက်နှာလေးနီကာ . . .

"ဘာသူငယ်ချင်းလဲ မေ အိမ်ထောင်ရှိယောကျ်ားတစ်ယောက်နဲ့ နောက်ကွယ်မှာ ချိန်းတွေ့နေတာ သူငယ်ချင်းတဲ့လားဟင်"

"ချိန်းတွေ့တယ် ဟုတ်လားနွယ်"

မေက မခံချင်သလိုပြန်မေးသည်။

"ဟုတ်တယ်လေ နွယ့်ကွယ်ရာမှာ မင်းစောနဲ့ချိန်းတွေ့တာ"

"တော်ပါ နွယ်၊ စောကို အစကထဲက လက်မခံခဲ့တာ ခုလို မင်းနဲ့ လက်ထပ်ပြီးမှ မေ ပိုမစဉ်းစားသေးတယ်။ စောကို လိုချင်မှတော့ နွယ့်လက်ထဲတောင် အရောက်ခံစရာ မလိုဘူး"



Book Sharing

Scanned by CamScanner

"အဟင်း မင်းက ဒါကိုနောင်တရနေတာလား မေ၊ ဘာလဲ လွတ်သွားတဲ့ငါးက ပိုကြီးလို့လားဟင်"

ခါးလေးထောက်ကာ နွယ်၏အမေးကြောင့် မေမျက်နှာလေး တစ်ခုလုံးရဲလို့။

"နွယ့်စကားတွေက မေ့ကိုသိပ်စော်ကားနေပြီ"

"ဟုတ်လား အဟင်းဟင်း၊ ဒါဆို နွယ်က စကားလောက်ပဲရှိသေးတယ်၊ မင်းကတော့ လက်တွေ့ပဲ နွယ့်ကိုစော်ကားလိုက်တာ မေ"

မေညိုစိမ့် သိလိုက်ပါပြီ။ နွယ်ဝတီတစ်ယောက် စောဘုန်းဖြူကို သိပ်ချစ်၍ သဝန်တိုနေတယ်ဆိုတာ။ အေးလေ စောဘုန်းဖြူကလည်း ခွဲမက်ဖွယ် ယောကျ်ားတစ်ယောက်ကို။

"နွယ့်စကားတွေ သိပ်လွန်လာပြီနော်"

"အဲဒီတော့ မင်းကဘာလုပ်ချင်လဲ မေ"

မိန်းမနှစ်ယောက်၏ မျက်ဝန်းများခေပ်ကြာကြာဆုံသွား၏။ နှစ်ယောက်လုံး အကြည့်မလွှဲပေ။ ဟင်း သက်ပြင်းချရင်း မေအကြည့်လွှဲလိုက်၏။

"မင်းပြန်ပါ နွယ်၊ မင်းနဲ့တို့စကားမပြောချင်ဘူး"

ထို့နောက် မေညိုစိမ့်က နွယ်ဝတီကို ကျောခိုင်းလိုက်၏။

"ဒီမှာမေ စောနဲ့ကင်းကင်းနေပါ"

နောက်ဆုံးနွယ်မှာ နိုင်တာဒါပဲရှိ၏။ မေညိုစိမ့်လို အေးစက်သော မိန်းကလေးမျိုးကို နွယ်မုန်းသွားသလိုပင်။

ဖြူ ဖြူ ဖြူ





☆ ☆ ☆

အစက အဆင်မပြေသော အိမ်ထောင်ရေးသည် ယခုတော့ ပို၍ အေးစက်လာကြ၏။ မိုးလင်းမှထွက်ကာ မိုးချုပ်မှပြန်လာသည်။ ထို့ကြောင့် သူ့ကိုအရွဲ့တိုက်ကာ နွယ်ကလည်း အိမ်မှုကိစ္စ လစ်လျူရှုကာ မနက်မိုးလင်းတာနှင့် အလှပြင်ပြီး ထွက်ပျော်သည်။

သူမတို့ အိမ်ထောင်ရေးအဆင်မပြေတာကို လူကြီးမိဘတွေကလည်း မသိကြပေ။ ကိုယ့်အိမ်နှင့်ကိုယ်နေတာမို့ အနီးကပ် သတိမထားမိခြင်းဖြစ်သည်။ နှစ်ဖက်မိဘများကလည်း အလုပ်ကိုယ်စီ ဖြင့် မအားကြပါ။

တစ်နေ့တစ်နေ့ နွယ်သည်ဈေးဝယ်ထွက်ခြင်း သူငယ်ချင်းတွေ အိမ်လျှောက်လည်ခြင်း၊ ရုပ်ရှင်ကြည့်ခြင်းဖြင့် အချိန်ကို ကုန်စေ၏။

"ကွို"

"အို ဟင်"

သည်နေ့တော့ နွယ်အိမ်မှထွက်လာစဉ် တစ်ဖက်မှလာသော မြိုင်ကားတစ်စီးနှင့် မျက်နှာချင်းဆိုင်မလိုဖြစ်သွား၏။

ကံကောင်း၍ တစ်ဖက်မှ ဘရိတ်အမြန်အုပ်လိုက်နိုင်ခြင်းကြောင့်ပါ။

"တောက် . . .ကားကိုဘယ်လိုမောင်းတယ် မသိဘူး"

အပြင်ပန်းမှာတော့ အလှတွေပြင်ကာ ဘာမှ မဖြစ်သလို နေပေမယ့် တကယ်တမ်း နွယ့်ရင်ထဲမှာ ဒေါက်တာစောဘုန်းဖြူနှင့် ပတ်သက်ကာ တစ်ခုံတစ်ရာ မကျေနပ်မှု အမြဲဖြစ်နေတာ မဟုတ်လား။

ထို့ကြောင့် ယခုလိုအခြေအနေကြုံလာတော့ ရင်ထဲက ဒေါသလေးပေါက်ကွဲချ[illegible]၏။ ကားရပ်သွားတာနှင့် နွယ်စပ်သွက်သွက်လေး ဆင်းလိုက်သည်။

"ဟေ့ မင်းဂကားမမောင်းတတ်ဘူးလားကွ ဟင်၊ ငါ့ကားတစ်စီးလုံး လာနေတာ မမြင်ဘူးလား"

"ဗျာ"

ရွှေအိုရောင်ကားလေးပေါ်မှဆင်းကာ ဒေါသလေးဖြင့် လာရောက် ရန်ထောင်သော ချောမောလှပသည့် မမကိုကြည့်ပြီး ဓာနည်အံ့သြသွား၏။ တကယ်တမ်း လမ်းမှားတာက မမ။

"ဘာ ဗျာလဲ မင်းတို့ချာတိတ်တွေ ဒီလိုပဲ ကားပေါ်ရောက်တာနဲ့ တစ်ကမ္ဘာလုံး လူမထင်တော့ဘူး"

"ဒါတော့ မမလွန်ပြီ လမ်းမှားတာက ကျွန်တော်မဟုတ်ဘူး မမ"

"ဟင်"

မြိုင်ကားလူငယ်လေးပြောမှ နွယ့်ကအမှားကို သတိပြုမိသွား





၏။ မှန်တာပြောရလျှင် နွယ့်စိတ်တွေ ဒီရက်ပိုင်း လွတ်နေသလိုပါပဲ။

"ကျွန်တော်သာ အချိန်မီ ဘရိတ်မအုပ်လိုက်ရင် ဒီအချိန် ကားချင်းနမ်းပြီးပြီ၊ ပြီးတော့ မမနဲ့ ကျွန်တော်လည်း . . ."

"တော်စမ်း . . ."

"ဗျာ ကျွန်တော်က . . ."

"မင်းတို့ချာတိတ်တွေ စကားကို ဒီလို အဆင်ခြင်မဲ့ပြောရသလား ဟင်"

မျက်နှာနီနီလေးဖြင့် နွယ်မေးတော့ ဓာနည်ခေါင်းခါရမ်းသည်။

"မမမှားနေပြီ ကျွန်တော်ပြောတာက ကျွန်တော်တို့လည်း အခန့်မသင့်ရင် ဆေးရုံရောက်လောက်ပြီလို့"

"ဟင်"

သည်တော့မှ နွယ်သက်ပြင်း ချနိုင်၏။ စောစောက ဒီကောင်လေးပါးစပ်သရင်းမည်ထင်ကာ တားလိုက်ခြင်းပါ။

"အဟွန့် မမက ဒေါသတော်တော်ကြီးတာပဲနော်"

လူလေး လှသလောက် ဒေါသကြီးနေသော သူမကို ခပ်ပြုံးပြုံးကြည့်ပြီး ဓာနည်ပြောသည်။ သူမ မျက်နှာလေးရဲသွား၏။

"နောက်ဆိုကားကို သတိထားမောင်းပါ"

ပြောပြီး သူမက လှည့်အထွက်

"နေဦးလေ မမ"

"ဟင် မင်း"

လူငယ်က ရှေ့မှာလာရပ်၏၊ နွယ်မျက်မှောင်လေးတွန့်သွားသည်။



Scanned by CamScanner

"ဒီကိစ္စမှာ မမက မှားတာပဲ အနည်းဆုံး ကျွန်တော့်ကို တောင်းပန်သင့်တယ် မဟုတ်လား"

"ဘာကွ မင်းကိုတောင်းပန်ရမယ် ဟုတ်လား အဓိပ္ပာယ်မရှိတာတွေ ဖယ်စမ်း"

စောဘုန်းဖြူနှင့်ပတ်သက်ပြီး ယောကျ်ားတွေကို အထင်သေးနေသော နွယ်သည်မျက်စောင်းတစ်ချက်ထိုးကာ ရှောင်အထွက် . . .

"ဒီလိုတော့ မရဘူးနော် မမ၊ မမကလည်း မှားသေးတယ် ကျွန်တော့်ကိုလည်း ပောက်သေးတယ်ဆိုတော့"

"ဒီတော့ မင်းက ဘာလုပ်ချင်လဲ"

စိတ်မရှည်ချင်တော့တာမို့ နွယ်သည် ခါးလေးထောက်ကာ လူငယ်ကိုမေးလိုက်၏။ ရွှေအိုရောင်ကားလေးပေါ်မှ ရွှေအိုရောင် ဝတ်စုံလေးနှင့် အစွမ်းကုန်ချောမောလှပနေသော မမကို ဇာနည် တောက်ပသော မျက်လုံးများဖြင့် ကြည့်သည်။

"အင်း အနည်းဆုံး မမရဲ့နာမည်လေးလောက်တော့ သိသင့်တယ်ဗျာ"

"ဘာ ငါ့နာမည် ဟုတ်လား။ အေး ငါ့နာမည်တော့ မပြောဘူး ဟော့ဒီမှာ"

"ဖျန်း"

"ဟာ"

လုံးဝမထင်မှတ်သော အပြုအမူကို နွယ်ပြုလုပ်လိုက်သည်၊ ဒါကတော့ ဇာနည်ကို ပါးရိုက်လိုက်ခြင်းပါ။





ဇာနည်အံ့သြသလိုကြည့်စဉ် နွယ်ကားပေါ်တက်ကာ မောင်းထွက်ခဲ့၏။ နာကျင်သွားသော ပါးပြင်ကိုစမ်းလျက် ကျန်ခဲ့တာဇာနည်။

သေချာတယ် ဇာနည်ဘဝမှာ မိန်းမတစ်ယောက်နှင့် ပတ်သက်ပြီး ဒါပထမဆုံးအကြိမ် အသားနာကျင်ခဲ့တာပဲ။

အဝေးရောက်သွားသော ရွှေအိုရောင်ကားလေးကိုကြည့်ပြီး ဇာနည်ခပ်မဲ့မဲ့ပြုံးလိုက်၏။

"မမက ဒီပုံစံနဲ့ ကျွန်တော့်ရင်ထဲရောက်အောင် လုပ်လိုက်တာပဲ"

ဇာနည်နှုတ်မှတိုးတိုးပြောပြီး ကားပေါ်တက်၏။ ထို့နောက် ရွှေအိုရောင်ကားလေးနောက်သို့ . . .

"ဟင် ဟိုကောင်လေး လိုက်လာတယ်"

အနီရောင်ပြိုင်ကားလေး နောက်မှပါလာတာကြောင့် နွယ် စိုးရိမ်သွား၏။ တကယ်တော့ ယခုဖြစ်ပျက်သမျှ သူမ လွန်တာသိပေမယ့် ယောကျ်ားတစ်ယောက်ကို မတောင်းပန်ချင်။ စောဘုန်းဖြူနှင့် ပတ်သက်ပြီး နွယ် ယောကျ်ားတွေကို အထင်မကြီးနိုင်တော့ပေ။

"ကြည့်စမ်း မမက ငါလိုက်လာမှန်းသိလို့ ကားအရှိန်ပါ မြှင့်လိုက်ပါလား၊ အဟွန်း ဖျင်းပါသေးတယ် မမရာ"

ရှေ့မှကားကိုမှီရန် ဇာနည်စက်ရှိန်ပိုမြှင့်လိုက်စဉ် . . .

"ရှီး"

ဓရာမှတ်သံကြောင့် ကြည့်လိုက်တော့ ယာဉ်ထိန်းရဲ။ သူ သက်ပြင်းချကာ ကားရပ်လိုက်၏။

"ဒီက ညီလေးကားမောင်းတဲ့အရှိန်ဟာ မြို့ထဲမောင်းနှုန်း သတ်

မှတ်တာထက် ပိုနေပါတယ် ဒါကြောင့်လိုင်စင်ပေး"

"ဟာ သွားပြီ"

ဓာနည်စိတ်ပျက်စွာ လိုင်စင်ထုတ်ပေးလိုက်၏။ ရွှေဒိုရော့် ကားလေးကြည့်လိုက်တော့ မြင်ကွင်းထဲက ပျောက်သွားပြီ။

"တစ်နေ့ပြန်တွေ့ကြတာပေါ့ မမရယ်"

ထိုအချိန်တွင် နှယ်သည် မယဉ်ဆီရောက်နေပြီ။ မယဉ်က စီနီပွဲ စားဖို့ နှယ်လာ၍ သင်ယူနေခြင်းလည်း ဖြစ်သည်။

"မောလိုက်တာ မယဉ်ရယ်"

"ဘာတွေများ မောလာရတာလဲ နှယ် အအေးသောက်လိုက်ဦး"

သည်တစ်ခါတော့ မယဉ်ချပေးသော အအေးကို နှယ်ကမန်းကတမ်း သောက်လိုက်၏။

"အမယ်လေး ဖြည်းဖြည်းသောက်ပါ နှယ့်ရယ်၊ နောက်က ကျားလိုက်တဲ့အတိုင်းပဲ၊ ဘာလဲ ဒေါက်တာနဲ့ ရန်ဖြစ်လာတာလား နှယ်"

"မဟုတ်ဘူး မယဉ်ရေ အဲဒီဒေါက်တာနဲ့ ရန်ဖြစ်ဖို့ ခုတစ်လော သူနဲ့နှယ် မျက်နှာချင်းကို မဆိုင်ဖြစ်တာ"

"ဒါဆို"

"ချာတိတ်တစ်ယောက်ကြောင့် မယဉ်ရေ"

"ဟင် ချာတိတ်တစ်ယောက်"

နှယ်က ယခုမှအသက်ရှူချောင်သွားလျက် လမ်းမှာဖြစ်ပျက်ခဲ့တာတွေ ပြောပြလိုက်၏။ နှယ့်စကားဆုံးတော့

"နှယ်မှားတာပဲ သူ့ကို မတောင်းပန်တဲ့အပြင် ပါးရိုက်ခဲ့တယ်





ဆိုတော့"

"အင်း နှယ်ကလည်း နှယ့်ကိုမထိလေးစားလာလုပ်တယ် ထင်ပြီး ရိုက်မိတာ၊ ပြီးတော့ ယောကျ်ားဆိုရင် နှယ် မုန်းနေမိတာ မဟုတ်လား"

ဒေါက်တာ စောဘုန်းဖြိုးနှင့် ပတ်သက်ပြီး နှယ့်ခံစားချက်ကို မယဉ်နားလည်၏။

"အော် နှယ်လည်း ဒေါက်တာတစ်ယောက်နဲ့ ပတ်သက်ပြီး ယောကျ်ားအားလုံးအပေါ် ရမ်းနေပါလားဟင်"

"ရမ်းနေတာ မဟုတ်ဘူး မယဉ်၊ သူတို့ကိုက အထင်ကြီးစရာမရှိ အလကား ကြီးကြီးငယ်ငယ် ဒီပုပ်ထဲက ဒီပဲတွေ"

မျက်နှာထား တည်တည်ဖြင့် နှယ်ပြောသမျှ မယဉ်ခေါင်းတ ညိမ့်ညိမ့် နားထောင်၏။ လူတွေဟာ ကိုယ့်ခံစားချက်နဲ့ ကိုယ်မဟုတ်လား။

"ဒါပေမဲ့ စောစောကချာတိတ်ကိုတော့ နှယ် မရိုက်သင့်ဘူး။ ခုခေတ်လူငယ်တွေက အဆင်ခြင်မဲ့တော့ တော်ကြာ နှယ့်ကို"

"အို နှယ်မကြောက်ပါဘူး မမယဉ် သူနဲ့လည်း နောက်ထပ် တွေ့စရာမရှိပါဘူး"

"အေးလေ. မယဉ်က နှယ့်အတွက် စိုးရိမ်လို့ပြောတာပါ။ ကဲ သွားစို့ ဒီနေ့ ချိန်းထားတဲ့ ဖောက်သည်ဆီ"

နှယ့်ကားနှင့် ထွက်လာခဲ့ကြ၏။ ကားမောင်းရင်း မယဉ်ပြောတာကို စဉ်းစားမိသည်။ သေချာတယ်။ လူငယ်ကလော့ နှယ့်ကို ဘယ်လိုမှ ကျေနပ်မည်မဟုတ်။

ကောင်လေးက ဖြူဖြူချောချောလေးဖြစ်သည်။ ပိုက်ဆံရှိထဲက



Scanned by CamScanner

ပုံဖြစ်၏။ နားမှာ တစ်လုံးတည်း အရည်ကောင်းသည့် စိန်နားကပ်နှင့်၊ အသက်က နှစ်ဆယ်ဝန်းကျင်ပေါ့။ သူဌေးသားတစ်ယောက်ကို ပဲးရိုက်ခဲ့မိတာဆိုလျှင် မယဉ်ပြောသလို စိုးရိမ်စရာ။ သူတို့က အိမ်မှာအလိုလိုက်ခံထားရတဲ့သားတွေ မဟုတ်လား။

ꩤ ꩤ ꩤ





☆ ☆ ☆

"အို ရှာတိတ်ကား"

ကြည့်စမ်း ဒီနေ့လည်း နွယ်သတိမထားလိုက်ခင် အနီရောင် မြင်းကားလေးနောက်မှ ပါလာတာပဲ။

နောက်ကြည့်မှန်မှ ထိုကားလေးကို နွယ်သတိထားမိခြင်းပါ။ မြင်းကားလေးက နွယ့်ကားနောက်မှာ ထပ်ချပ်မကွာ။ ကောင်လေးက နေကာမျက်မှန်အနက်တပ်ထား၏။

"ဂွီ"

လူရှင်းတဲ့နေရာမှာ နွယ်ကားကို လမ်းဘေးရပ်လိုက်သည်။ မြင်းကားလေးလည်း နောက်မှရပ်သွား၏။

နွယ်ကားပေါ်ကဆင်းပြီး မြင်းကားလေးဆီ လျှောက်သွား လိုက်သည်။

"ဒီမှာ မင်း ငါ့ကိုဘာသဘောနဲ့ လိုက်နောက်ယှက်နေတာလဲ ရှာတိတ်"



Book Sharing

Scanned by CamScanner

"ဗျာ ကျွန်တော် မမကို ဘာများနှောင့်ယှက်မိလို့လဲ၊ကျွန် တော့်လမ်း ကျွန်တော်သွားနေတာပါ"

မသိချင်ဟန်ဆောင်ကာ လူငယ်အပြောကြောင့် သူမ မျက်နှာလေး နီသွား၏။

"ဘာလဲ ဟိုတစ်နေ့က ကိစ္စကို မင်းမကျေနပ်လို့"

"ဘယ်နေ့က ကိစ္စလဲ ကျွန်တော်မသိပါလား မမ"

သူမမျက်နှာလေးတင်းသွား၏။

"မင်းရှူးချင်ယောင်ဆောင်မနေနဲ့၊ အဲဒီကိစ္စ မကျေနပ်လည်း အတတ်နိုင်ဘူး မင်းကိုတော့ ငါတောင်းပန်မှာ မဟုတ်ဘူး"

လက်လေးပိုက်ကာ ခေါင်းလေးမော့၍ ပြောဟန်ကြောင့် ဓာနည်ဖျတ်ခနဲ ပြုံးလိုက်၏။

"မာနကြီးလှချည်လား မမရယ်"

"ကဲ မင်းငါ့ကို ဆက်ပြီး မနှောင့်ယှက်ပါနဲ့"

ပြောပြီး သူမက ထိုနေရာမှ ထွက်လာစဉ်

"နေပါဦး မမ၊ ကျွန်တော် မမနောက်လိုက်နေတာ မမကို မကျေနပ်လို့ မဟုတ်ပါဘူး"

"ဒါဆို"

ချာတိတ်က သူမမျက်နှာကို စပ်စူးစူးကြည့်၏။ ထို့နောက်

"ကျွန်တော် မမနဲ့ ခင်ချင်တယ်"

"ဘာ"

"ဟုတ်တယ် မမ တစ်နေ့က မမကိုယ်တိုင် ကျွန်တော် မေ့လို့မရ





အောင် နှာကျင်မှုပေးခဲ့တယ် မဟုတ်လား။ ကျွန်တော့် အသားနာကျင်တာကို စိတ်ဆိုးရမယ့်အစား မမမျက်နှာကိုပဲ မြင်ချင်နေမိတယ်"

"တော် . . .တော်စမ်း မင်းက ငါ့ကို ဒီလိုနည်းနဲ့ ချဉ်းကပ်ပြီး ကလဲ့စားချေမလို့ မဟုတ်လား၊ ဒါမျိုးတွေ ရိုးနေပြီ ချာတိတ်"

နောက်လှည့်မကြည့်တမ်း သူမထွက်ခဲ့၏။ မယဉ်ပြောသလို စိုးရိမ်စိတ်ဖြစ်လာပြီလား။ သို့သော် ချာတိတ်မျက်နှာက တည်တည်ကြည်ကြည်။

စိတ်ရှုပ်ရှုပ်ဖြင့် သူမဗိုလ်ချုပ်ဈေးထဲရောက်ကာ ဈေးလျှောက်ဝယ်သည်။ အဆင်ဆန်းတွေကြား ထိုကိစ္စမေ့သွားစဉ် . . .

"အို"

"ဟာ"

လက်ထဲမှာ ပစ္စည်းတွေအပြည့်နှင့် သူမတစ်ဖက်မှလာသောသူကိုမမြင်ဝင်တိုက်မိတော့၏။

"မမ"

"ဟင် မင်း"

ကြည့်စမ်း သူမဝင်တိုက်မိတာ ချာတိတ်၊ ပစ္စည်းတွေက ဖြန့်ကျဲလို့။

"ဒါ ဒါ မင်းတမင်လုပ်တာ မဟုတ်လား ချာတိတ်"

"ဗျာ ကျွန်တော်"

"မင်း ငါ့နောက်ကို လိုက်လာတာမဟုတ်လား"

သူမရန်ထောင်နေစဉ် ချာတိတ်က ဖြန့်ကျဲနေသော ပစ္စည်းတွေ



Scanned by CamScanner

ကောက်ယူပြီး . . .

"ဒီမှာ မမပစ္စည်းတွေ မမ မနိုင်ရင် ကျွန်တော်ကားနားငဲ့လိုက်ပို့မယ်"

"အို မလိုဘူး ပေး"

"ကျွန်တော့်ကို အလုပ်သမားလို့ပဲ သဘောထားပါ မမ လာ"

ပတ်ဝန်းကျင်မှ လူတစ်ချို့ ကြည့်လာတာမို့ နွယ် ဘာမှ မပြောတော့ဘဲ ဟန်မပျက်ထွက်လာ၏။ ချာတိတ်က နွယ့်ကားကို မှတ်မိနေသည်။

တကယ်တော့လည်း ပစ္စည်းတွေများလွန်း၍ နွယ်မနိုင်တော့ပါ။ စိတ်ရှုပ်ရှုပ်နှင့် နွယ်ဘာတွေဝယ်မိမှန်း မသိပေ။

ကားပေါ် ပစ္စည်းတွေ ရောက်တာနှင့် သူမက ပိုက်ဆံအိတ် ဖွင့်သည်။

"ကဲ ပြောမင်းကို ဘယ်လောက်ပေးရမလဲ"

"ထောင့်ငါးရာ"

"ဘာကွ"

"အပွန်း အလကားစတာပါဗျာ မမ ကျွန်တော့်ကို အအေးတိုက်ရင် ရပါပြီ"

ကောင်လေးက ပြုံးလိုက်တော့ ပိုနုသွား၏။ သူမ သက်ပြင်းချကာ . . .

"အေးလေ ငါလည်းအုန်းနို့ကျောက်ကျောသောက်ချင်နေတာနဲ့"

နှစ်ယောက်သား အအေးဆိုင်ဆီ လာခဲ့၏။





"ဟင် . . .နွယ်"

"အော် မယဉ်"

အအေးဆိုင်မှာ မယဉ်နဲ့လာတွေ့နေ၏။ မယဉ်က နွယ်နှင့် အတူရှိနေသည့် ချာတိတ်လေးကို အကဲခတ်ကြည့်၏။

"နွယ့် မိတ်ဆွေလား"

နွယ်နားကပ်ပြီး မယဉ်တိုးတိုးမေးသည်။ နွယ် မသိမသာ ခေါင်းညိတ်ပြလိုက်၏။ ဒါကို နားပါးသော ချာတိတ်က

"ဟုတ်ကဲ့ ကျွန်တော် မမ မိတ်ဆွေပါ အန်တီ၊ စာနည်တဲ့"

"အော် . . .အော် . . ."

ကိုယ့်ဘာသာ မိတ်ဆက်နေသော စာနည်ကို နွယ် မသိမသာ မျက်စောင်းထိုးမိ၏။

"နွယ်ရေ မနက်ဖြန် အိမ်လာဦး"

"ဟုတ်ကဲ့ မယဉ်"

"ကဲ စာနည် အန်တီ့ကို ခွင့်ပြုဦး"

"ကောင်းပါပြီ အန်တီ"

အမယ် ဒီချာတိတ်တော်တော် လူကြီးလုပ်နေပါလားဟု နွယ် တွေးမိ၏။ မယဉ်က သဘောကျဟန် တပြုံးပြုံး။

မယဉ်ထွက်သွားတာနှင့် နွယ်က သူ့ကိုမျက်နှာတည်တည်ဖြင့် ကြည့်၏။

"နေပါဦးမင်းကို ဘယ်သူက မိတ်ဆက်ခိုင်းလို့လဲ"

"အော် မမနဲ့အတူတွဲနေမှတော့ ကျွန်တော့်နာမည်တောင် မမ



Scanned by CamScanner

မသိရင် စောစောက အနိတိတစ်မျိုးထင်မှာပေါ့"

"အမယ် သူ့ကိုပဲ ကျေးဇူးတင်ရဦးမယ် ဟင်း"

နှယ် မျက်စောင်းထိုးတော့ ဇာနည်ရယ်၏။ သည်လိုကြတော့ ကောင်လေးက ခင်မင်စရာပါလား။

"ကဲ သွားမယ်"

"နေပါဦး မမ"

"ဘာလဲ"

"ကျွန်တော် နာမည်တော့ မမသိပြီး မမနာမည်ကော"

သူမ မျက်စောင်းထိုးကာ

"ငါက မင်းလိုမိတ်ဆက်ချင်တာမှ မဟုတ်ပဲ"

"ဟာဗျာ မမက ညစ်ပြီ"

"ဒီမှာ မင်း ငါ့နောက်ကို ဘယ်မဟုတ်မှ မလိုက်နဲ့"

ချာတိတ်ပုခုံးတွန့်၏။

"ကျွန်တော်က ကိုယ့်လမ်းကိုယ်သွားတာ မမနဲ့ လာဆုံတာ ဘယ်တတ်နိုင်ပါ့မလဲ"

"အပိုတွေ ပြောမနေနဲ့ ဖယ်"

"နှယ်ထွက်လာခဲ့၏။ သို့သော်

"မမနှယ်"

"ဟင်"

နောက်လှည့်ကြည့်လိုက်တော့ ဇာနည်သည် အပြုံးဖြင့် သူမကို ကြည့်လို့။





"မင်း ငါ့နာမည်ကို"

"စောစောက အနိတိခေါ် လိုက်တာ ကျွန်တော်ကြားသားပဲ"

"ကြည့်စမ်း ဒါမျိုးနားသိပ်ပါးပါလား"

"ကျွန်တော်နဲ့ မမနှယ် ခုချိန်ကစပြီး မိတ်ဆွေနော်"

"မသိဘူး"

စိတ်ထဲကတော့ ရယ်ချင်သလိုလို၊ သူမနားဖွတ်ကပ်ကာ နာမည်သိအောင် လုပ်တဲ့ချာတိတ်ပါလား။

သူမကားလေးထွက်လာတော့ ဖြိုင်ကားလေးနောက်မှ ပါလာပြန်၏။ သူမအရှိန်လျှော့ကာ

"မင်း လိုက်လာပြန်ပြီလား"

"မမရယ် ဒေါသကြီးလှချည်လား၊ ဒီနေ့ မမနာမည်သိလို့ ကျွန်တော် ကျေနပ်တယ်သွားပြီ"

"အို . . ."

ဇာနည်က သူမကိုလက်ပြပြီး ကားကိုဝေ့ခနဲ မောင်းထွက်သွား၏။ ကျော်တက်သွားသော ဇာနည့်ကားလေးကိုကြည့်ပြီး သူမ ပြုံးမိသည်။

သူမကို လိုက်နှောက်ယှက်နေတာ မဟုတ်ပဲ တကယ်ခင်ချင်တာလားဟု တွေးစရာ။ မှန်တာပြောရလျှင် နှယ့်မှာလည်း မောင်၊ ညီမ မရှိတော့ ဇာနည်၏ နုနယ်သော မျက်နှာလေးကို ဘာကြောင့် ခင်ချင်သလို ဖြစ်သွားတာပါလိမ့်။

အိမ်ရောက်တော့ ဒေါက်တာ စောဘုန်းဖြူက ကြိုရောက်နေ၏။



Scanned by CamScanner

"ဒါ မင်းဘယ်ကပြန်လာတာလဲ နွယ်"

"အို ကျွန်မဘာသာဘယ်သွားသွားပေါ့ ဒေါက်တာ၊ ဒေါက်တာလည်း သွားချင်သလိုသွားနေတာပဲ မဟုတ်လား"

"တောက်"

သူကပဲ ဒေါသဖြစ်ရသေး၏။ သည်လိုပုံစံကို သူပဲချထားတာ မဟုတ်လား။ သူထွက်သွားတော့ ခပ်မဲ့မဲ့ပြုံးမိ၏။

ရှင် မေညိုစိမ့်ဆီ သွားတာ မဟုတ်လား ဒေါက်တာ။

ကောင်းပြီ ကျွန်မအသည်းနာရသလို ရှင့်ကိုလည်း အသည်းနာအောင် လုပ်ရမှာပေါ့လေ အလှည့်ကျ မခွဲ့စတမ်းပေါ့ ဒေါက်တာ။





☆ ☆ ☆

"ဇာနည်တဲ့ ကောင်လေးကမဆိုးပါဘူး လူကုံထံထဲကထင်တယ် ဖြူဖြူချောချော သန့်သန့်လေးပဲ"

မယဉ်က ဇာနည်ကို ဝေဖန်သမျှ နွယ်နားထောင်နေမိ၏။

"နွယ်နဲ့ မိတ်ဆွေတွေဖြစ်တာ ဘယ်လောက်ကြာပြီလဲ"

"ဟင့်အင်း နွယ့်တို့သိတာ မကြာသေးဘူး ဟိုတစ်ခါ နွယ် ပြောပြတဲ့ ချာတိတ်လေ"

"ဟင် နွယ်ပါးရိုက်လိုက်တယ်ဆိုတဲ့ ကောင်လေးလား"

"အင်း"

နွယ်ခေါင်းညိတ်တော့ မယဉ်အံ့သြသွားပုံ။ နောက်မှ

"ဒါနဲ့ နွယ်တို့ဘယ်လိုဖြစ်ပြီး အတူရှိနေကြတာလဲ"

"အဲဒီ ချာတိတ်ကြောင့်ပဲ ဒီရက်ပိုင်း နွယ့်နောက်ကိုပဲ လိုက်နေတယ်လေ"

"ချာတိတ်ကြည့်ရတာ နွယ့်ကိုများ စိတ်ဝင်စားနေသလား ဟင်"

"အို မယဉ်ကလည်း"



Scanned by CamScanner

"တကယ်ပြောတာနွယ်၊ ဒေါက်တာစောဘုန်းဖြူကသာ နွယ့်အလှကို သတိမပြုမိတာ တစ်ခြားယောကျ်ားတွေ မျက်ဝန်းထဲမှာတော့ နွယ်ဟာ အလှဘုရင်မလေ"

မယဉ်ပြောမှ နွယ်သည် မနေ့က စောဘုန်းဖြူ၏ အပြုအမူကို သတိရကာ နာကျင်သွားမိ၏။

"ဟင်း နွယ်တော့ သူ့ကိုလက်စားချေချင်တယ် မယဉ်"

"ဘယ်လို ဘယ်သူ့ကိုလဲ နွယ်"

"ဒေါက်တာ စောဘုန်းဖြူကိုပေါ့ မယဉ်၊ သူ မေညိုစိမ့်နဲ့ တွဲနေတာလေ"

"အော် . ."

လှပသော နွယ် မျက်နှာလေးမှာ သူ့အကြောင်းပြောလျှင် နာကြည်းဟန် တကယ်တော့ လစ်လျူရှုခံရသည့် မိန်းမသားတစ်ယောက်ရဲ့ ဝေဒနာပါ။

"နွယ်နာကျင်သလို သူ့ကိုနာကျင်စေချင်တယ်"

"နွယ်က ဘယ်လို လုပ်ချင်တာလဲ"

"မစဉ်းစားရသေးဘူး မယဉ်၊ မနေ့ကလည်း မေညိုစိမ့်ဆီ သူသွားတယ်လေ"

"သေချာလို့လားကွယ်"

"အို သေချာတာပေါ့ နွယ့်ကိုတောင် သူကအပြစ်ရှာလိုက်သေးတယ်၊ နွယ် သိပ်စံပြင်းတာပါ မယဉ်"

ပြောရင်းနွယ့်မျက်နှာလေး နာကြည်းမှုကြောင်း မှိုင်းညို့လာ၏။





ချမ်းသာပြည့်စုံပါလျက် အိမ်ထောင်ရေး အဆင်မပြေတာကြောင့် စိတ်ချမ်းသာမှု မရှိပေ။

"မယဉ်တော့ နွယ်တို့ကို သိပ်နားမလည်တော့ဘူး။ ဒီလောက်မှ အစင်မပြေဖြစ်နေရင် ကွာရှင်းလိုက်ပါလား"

"ဒါတော့ မဖြစ်သေးဘူး မယဉ် မိဘတွေက ဘယ်လိုမှ ကွာရှင်းခွင့်ပြုမှာ မဟုတ်ဘူး"

"ဒါဆို ဘယ်လိုလုပ်မလဲ"

"သူပြောလာတဲ့နေ့ကို စောင့်ရုံပေါ့ မိဘတွေကို သူပြောလိမ့်မယ်"

သူမတို့ အိမ်ထောင်ရေးယခုတိုင် တည်မြဲနေတာဟာ မိဘတွေကြောင့် ဖြစ်သည်။ နှစ်ဖက်မိဘတွေက သူတို့ဖြစ်ချင်သလို ဖြစ် ပေးကြမှာ မဟုတ်။

ဒေါက်တာ စောဘုန်းဖြူဘက်က အပြစ်ဝလာလျှင် သူမ အလိုက်သင့်ကွာရှင်းပေးယုံမှင်။

"နွယ်က ဒေါက်တာကို တကယ်ပဲ စွန့်လွှတ်နိုင်လို့လားကွယ်"

ထိုအမေးကြောင့် နွယ် ငိုင်စနဲ့ဖြစ်သွား၏။ နောက်မှ သက်ပြင်းချကာ

"ခုလည်း စွန့်လွှတ်နေရတာပဲ မဟုတ်လား မယဉ်"

"ကွာခြားချက်ကတော့ ရှိသေးတယ်လေ လောလောဆယ်မှာတော့ ဒေါက်တာဟာ နွယ့်လက်ထဲမှာပဲ မဟုတ်လား"

မယဉ်ပြောတာ ဟုတ်နေပြန်၏။ အချိန်တန်လျှင် သူသည် အိမ်ပြန်လာရတာပဲ မဟုတ်ပါလား။



Book Sharing

Scanned by CamScanner

"နွယ်တော့ ဘာလုပ်ရမှန်းမသိတော့ဘူး မယဉ်"

"ဒီလိုလုပ်ပါလား နွယ်"

"ဘယ်လိုလုပ်ရမှာလဲ မယဉ်"

နွယ်က မယဉ်ကို အားကိုးသလိုကြည့်မိ၏။ မယဉ်က နွယ့် နားကပ်ကာ

"ဒေါက်တာ နွယ့်ဆီစိတ်လည်လာအောင် ဓာနည်နဲ့ တွဲပြလိုက်"

"ဟင် . . ."

"ဟုတ်တယ် နွယ် ဒါမှ ဒေါက်တာသဝန်တိုလာမယ်။ ဒေါက်တာရဲ့ အာရုံ နွယ့်ဆီရောက်လာလိမ့်မယ်"

မယဉ်က အကြံကောင်းတွေပေးနေ၏။ နွယ် စဉ်းစားစရာ ဖြစ်သွားသည်။

ဟုတ်တယ် ဒေါက်တာရှေ့ကို ဓာနည်နဲ့ တွဲပြလိုက်လျှင် . . .

"ဖြစ်ပါ့မလား မယဉ်"

"ဘာလို့ မဖြစ်ရမှာလဲ နွယ်ကဖောက်ပြန်တာမှ မဟုတ်ပဲ သူ့ကို ရွဲ့ချင်လို့ အပေါ်ယံသဘောလောက်တွဲပြတာ"

"တော်ကြာ ဓာနည်က တစ်မျိုးထင်ရင်"

"အော် နွယ်ရယ် ပွတတ်ရန်ကော အဲဒီအချိန်ရောက်လာရင် နွယ့်မှာ ဒေါက်တာစောဘုန်းမြို့ရှိတယ်လို့ ဖွင့်ပြောလိုက်ပေါ့။ ဒါဆို ဓာနည်အလိုလို နောက်ဆုတ်သွားပါလိမ့်မယ်"

သည်လိုတော့လည်း ဖြစ်နိုင်တာပဲဟု နွယ် တွေးမိ၏။ ဘာပဲဖြစ်ဖြစ် ယခုအချိန်မှာ ဒေါက်တာစောဘုန်းမြို့နှင့် မေညိုစိမ့်ကို နွယ်





အရှုံ့တိုက်ချင်သည်။ ထို့ကြောင့် . . . .

"ကောင်းပြီလေ တစ်ပွဲတစ်လမ်းတော့ တွေ့ကြသေးတာပေါ့ မယဉ်၊ ဒါနဲ့ သူတကယ်ပဲ သဝန်တိုနိုင်သလား မယဉ်"

သူမနဲ့ ပတ်သက်ရင် ဒေါက်တာစောဘုန်းမြို့၏စိတ်တွေ အေးစက်နေတာမို့ မသေချာသလို မေးလိုက်သည်။

"သေချာပါတယ် နွယ် လောကမှာ ယောကျ်ားတွေဟာ သူတို့ကသာ သစ္စာဖောက်ပြီး ပွေရှုပ်ချင်ကြတာ၊ ကိုယ့်ဇနီး မယားကိုတော့ ဘယ်ယောကျ်ားမှ မျက်လုံးလေးနဲ့ကြည့်တာတောင် ခံချင်တာ မဟုတ်ဘူး နွယ်ရဲ့"

တကယ်လို့ ဒီနည်းလမ်းသာ မှန်ကန်လျှင် သူ၏အချစ်ကို သူမ ရရှိနိုင်သည်။ ဒါပေမယ့် မေညိုစိမ့် ရှိနေတော့

"သူချစ်တာ မေညိုစိမ့်ကိုပဲ မယဉ်"

"မဖြစ်နိုင်ဘူး၊ ဒေါက်တာသာ မေညိုစိမ့်ကို တကယ်ချစ်ခဲ့ရင် နွယ်နဲ့လက်ထပ်ခဲ့မှာ မဟုတ်ဘူး၊ ဒေါက်တာကြည့်ရတာ မပြည့်စုံတဲ့ မေညိုစိမ့်ကို သနားနေတာပဲ ဖြစ်မယ်"

အသက်လေးဆယ်ဝန်းကျင်ရှိသော မယဉ်သည် နွယ်ထက်တော့ လောကအတွေ့အကြုံရှိမှာပါ။ မယဉ်ပြောသလိုသာဖြစ်ခဲ့ရင် ဘယ်လောက်ကောင်းမလဲ တကယ်ဒီလိုသာဆိုလျှင် မေညိုစိမ့် လိုအပ်တာကို နွယ်ကတောင် ထောက်ပံ့လိုက်ချင်ပါသည်။

"မယဉ်ပေးတဲ့ နည်းလမ်းကို နွယ်စမ်းကြည့်မှာပဲ"

"လုပ်ပါနွယ် ဒါမှ နွယ်တို့ရဲ့ ဓာတ်လမ်းအဖြေပေါ်လာမှာ"



Scanned by CamScanner

အားပေးသူရှိနေတော့ နှယ်ခိဘ်ခာတ် တက်ကြွလာ၏။

"ဟုတ်တယ် ဘာပဲဖြစ်ဖြစ် နှယ့်ကို ဂရုစိုက်တဲ့ ယောကျ်ား ရှိတယ်ဆိုတာ သူသိစေရမယ်"

"ဒါမှပေါ့ နှယ်၊ ကဲ ခုချိန်ကစပြီး ကိုယ့်ကိုကိုယ် ပိုလှ အောင်ပြင်ပေတော့၊ အော် ဇာနည့်ကို လည်း မာမာထန်ထန် မဆက်ဆံနဲ့နော် ကိုယ်လိုရာ ရောက်အောင် အလိုက်အထိုက်ဆက်ဆံ"

"ဟုတ်ကဲ့ပါ မယဉ် ဒါနဲ့ခက်တာက ဇာနည်ကို ဘယ်လို တွေ့နိုင်မှာလဲဆိုတာပဲ"

နှယ့်စိတ်တွေ တင်းမာနေတုန်းက ဇာနည်အပေါ် ကောင်းကောင်းမဆက်ဆံမိခဲ့ပေ။ ထို့ကြောင့် ဘယ်မှာနေလဲဆိုတာမသိ အနည်းဆုံးဟန်းဖုန်းနံပါတ်လေးတောင် မမေးမိခဲ့ပေ။

"ဒါ ဘာခက်တာမှတ်လို့ နှယ်၊ ဒီရက်ပိုင်း ဇာနည်က နှယ့်နောက်လိုက်နေတာဆို"

"အင်း ဟုတ်တယ် ဒါပေမဲ့ ဒီနေ့တော့ အိမ်ကထွက်လာကတည်းက ဇာနည်အရိပ်တောင် မတွေ့မိဘူး မယဉ်ရဲ့"

မြင်နေကျပြိုင်ကားလေး မတွေ့တော့ သူမစိတ်ထဲ တစ်ခုခု လိုနေသလိုပါပဲ။

"မပူပါနဲ့ နှယ်ရယ် တစ်နေ့နေ့ ဆုံဦးမှာပဲ အဲဒီအခါသာ အခွင့်အရေးကို အသုံးချပေါ့"

"ချာတိတ်ကိုတော့ နှယ့်အနေ နဲ့ မောင်လေးတစ်ယောက်လို ခင်နိုင်ပါတယ်၊ အနီးကပ်ဆက်ဆံကြည့်တော့ ချာတိတ်လေးက မဆိုး





ပါဘူး"

ညီညာသောသွားဖြူဖြူဖွေးဖွေးနှင့်ခွန်းလေးတွေပေါ် အောင် ရယ်တတ်သော ဇာနည်သည် စိတ်ဆိုး စိတ်ယုတ်ရှိမှာ မဟုတ်ပေ။

"မယဉ်လည်း အကဲခတ်မိပါတယ် လူရည်မွန်လေးပါပဲ မျက်နှာလေးကလည်း ကြည်ကြည်လင်လင်နဲ့ အတော်လည်း ချောတယ် နှယ်"

"ဟုတ်တယ် မယဉ် အဲ့ဒီချာတိတ်ကို မိန်းကလေးတွေ ဘယ်လောက်များ သဘောကျမလဲ မသိဘူး"

"ဒါကြောင့် နှယ့်ကို မစိုးရိမ်ဖို့ ပြောတာပေါ့ ဇာနည်မှာ လက်ရှိ ရည်းစားတောင် ရှိနေမှာ"

"အင်း ဟုတ်တယ်နော်"

ကောင်ချောလေးဆိုတော့ ဆယ်ကျော်သက်ကောင်မလေးတွေနဲ့ ထည်လဲတွဲနေမလား။ သို့သော် ချာတိတ်၏ အကြည့်တွေက သူမ အပေါ် လေးနက်ကာ သတိပြုမိသည်။

"မမ"

ထိုခေါ်သံလေးက သူမရင်ကို ငြိမ်းအေးစေသလိုပါပဲ။ မောင်လေး အရင်းတစ်ယောက်က ခေါ်သလိုလေ။

"ဒီကောင်လေး ဒီနေ့တောင် ရည်းစားနဲ့လျှောက်လည်နေလား မသိဘူး နှယ်"

"ဟုတ်မှာပေါ့ မယဉ် သူ့မှာရည်းစားရှိနေရင် ပြီးတာပါပဲ။ နှယ့်ကိစ္စ ရှင်းအေးရတာပေါ့"



Scanned by CamScanner

"အေးကွယ် ဇာနဉ်ကို အားစာခံလုပ်တာ မဟုတ်ပေမယ့် နွယ်တို့အိမ်ထောင်ရေး အဆင်ပြေဖို့ မယဉ်အကြံပေးရတာ"

"နွယ်ကတော့ ဒေါက်တာကို နာကျင်စေချင်တာပဲ"

"အဲဒါ အချစ်ကြောင့်ပေါ့နွယ် အမုန်းဟာ အချစ်နဲ့ ဆန့်ကျင်ဘက်ပဲ"

ယခုချိန်မှာတော့ နွယ့်အနေနဲ့ ဒေါက်တာစောဘုန်းမြင့်ကို ချစ်နေသေးလားဟု မတွေးနိုင်တော့ပေ။ သူ့အပေါ် အနိုင်ယူချင်တာပဲ သိ၏။





☆☆☆

"စောလုပ်ပုံတွေ မှားနေတယ်လို့ မေထင်တယ်"

ဘယ်တော့မှ မတွေ့ပါဘူးရယ်လို့ မေအောင့်မေ့ထားပေမယ့် စောဘုန်းမြင့်က အိမ်အထိ ရောက်လာတော့ ရင်ဆိုင်ရသည်။

"ဘာကို မှားတာလဲ မေ"

သူကမသိချင်ယောင်ဆောင်ကာ မေးနေသလိုပါပဲ။ မေ သက်ပြင်းချသည်။

"စော ဘာကြောင့် မေ့ဆီလိုက်လာတာလဲ တကယ့်ဆို မေတို့က မတွေ့သင့်ဘူး မဟုတ်လား"

"ကိုယ်က ဆရာဝန်တစ်ယောက်ပါမေ၊ ကိုယ့်လူနာဆီ ကိုယ်လာတာပါ"

နွယ်နှင့်တွေ့ပြီး မကြာခင်မှာပဲ မေ၏ဖခင်ဆေးရုံကဆင်းသွားသည်။ ရောဂါသက်သာတယ်ဆိုပေမယ့် စိတ်ချရသေးတာမဟုတ်။ အနည်းဆုံးဆေးရုံမှာ တစ်ပတ်လောက်ထားလျှင် ပိုသက်သာမည်။



Scanned by CamScanner

သို့သော် မာနရှိသော မေက သူကိုမတိုင်ပင်တော့ပဲ လုပ်သွားခြင်းဖြစ်၏။ သည်တော့ သူကပဲ လူနာဆီလိုက်လာရ၏။

"အဖေ့ရောဂါအတွက်လာတာဆိုရင် သက်သာနေပါပြီ စော။ သက်သာရင်လည်း ဒီရပ်ကွက်မှာရှိတဲ့ ဆရာဝန်နဲ့ ပြမှာပါပဲ။ စော တမင်လာစရာ မလိုဘူး ထင်ပါတယ်"

စိမ်းကားသော မေ့စကားတွေကြောင့် သူမျက်နှာပျက်သွားသည်။

"ဘယ်လိုပြောလိုက်တာလဲမေ၊ ကိုယ့်ကိုနှင်ထုတ်နေတာလားဟင်"

"နှယ့် အထင်လွဲတာကို မေ ဒီထက်မခံယူပါရစေနဲ့ စော"

တကယ်တော့ မေကိုယ်တိုင်လည်း ငယ်သံယောဇဉ်ဖြင့် သူကို ဘယ်မှာပြောချင်ပါ့မလဲ။ သို့သော် သူဟာအရင်လို လွတ်လပ်သူ မဟုတ်[illegible]းလေ။ ထို့ကြောင့် မေ့ဘက်က ဆင်ခြင်ရမည်။

"အော် နှယ့်ကိုဂရုစိုက်တာ တစ်ခုတည်းနဲ့ ကိုယ်တို့ရဲ့ ငယ်သံယောဇဉ်ကို ဖျက်မယ်ပေါ့ မေ ဟုတ်လား"

သူရင်နာစွာမေးပေမယ့် မေ ဘာမှ ပြန်မပြော ဆိတ်ငြိမ်နေလိုက်သည်။

"တကယ်တော့ နှယ်နဲ့ လက်ထပ်ဖြစ်တာလည်း မေ့ကြောင့်ပဲ"

"ဟင်"

"မေက ကိုယ့်ကိုငြင်းလိုက်လို့ မေလက်မခံလို့ မိဘတွေ သဘောတူတဲ့ နှယ့်ကို ကိုယ်လက်ထပ်လိုက်တာ"

"အံ့သြစရာပါလား စော၊ နှယ့်လိုချောမောလှပတဲ့ မိန်းမ တစ်





ယောက်ကို စောကိုယ်တိုင်ချစ်ပြီး လက်ထပ်ခဲ့တာ မဟုတ်ဘူးလားဟင်"

သူမျက်နှာကိုကြည့်ပြီး မေက မေးလိုက်သည်။ သူက မျက်မှောင်ကြီးတွန့်ကာ

"ကို[illegible] ချစ်တာ ဘယ်သူလဲလို့ မေမသိသေးဘူးလား"

"ဒ[illegible]င့်အင်း"

ခပ်[illegible]တည်ပင် မေခေါင်းခါရမ်းလိုက်၏။ များသောအားဖြင့် ယောကျာ်း[illegible]တွေက မိန်းကလေးလှလှကို ချစ်တတ်တာ မဟုတ်လား။ မေမသိချင်[illegible]ဟင် ဆောင်တော့ သူသက်ပြင်းချသည်။

"ကောင်းပါတယ် မေ၊ မေက ဘာမှ မသိချင်ယောင်ဆောင်လေ ကိုယ်ခံစား[illegible]လေပါပဲ"

"ခုချိန်မှာ မေ့ကိုဒါတွေပြောနေမယ့်အစား နှယ့်ကို ဂရုစိုက်ရင် မကောင်းဘူးလား စောရယ်"

"မေက ဘာကြောင့် နှယ့်အတွက် ပူနေရတာလဲဟင်၊ ဒီမှာ မေ နှယ်ဟာ ကိုယ်ဂရုမစိုက်လည်း အားရုံပြည့်စုံတဲ့မိန်းကလေးပါ မေကသာ"

"ဆက်ပြောလေ စော မေကတော့ ဘဝမှာ ဘာမှ မပြည့်စုံတဲ့ မိန်းမတစ်ယောက်မို့ စော သနားနေတာ မဟုတ်လား"

သူ[illegible]စကော်သော စကားကို [illegible] [illegible]က်ပေးလိုက်၏။ သူအားနာသွားသည်။

"ကိုယ် ပြောချင်တာက"

"စောကို မေနားလည်ပါတယ် တကယ်တော့ စောနဲ့ မေဟာ ငယ်သူငယ်ချင်းတွေဖြစ်ခဲ့တယ်။ အဲဒီသံယောဇဉ်နဲ့ မေ့ကို သနားကရုဏာ

ဖြစ်နေတာ၊ စောမေ့ကိုချစ်တာ မဟုတ်ပါဘူး မေ့ကို သနားနေတာပါ"

သူ့ရဲ့စိတ်ကို မေကလှမ်းမြင်နေသယောင် သူဟာ ဆရာဝန် တစ်ယောက်လည်း ဖြစ်တာမို့ ဂရုဏာစိတ်နဲ့ကြင်နာစိတ်က ရှိပြီးသားပင်။

"ဘာပဲဖြစ်ဖြစ် ကိုယ်တို့အရင်အတိုင်းပဲ နေကြပါစို့ မေ"

"မေ လက်မခံနိုင်ဘူး စော၊ ကဲ မေ စောကိုမေးမယ် အခု စောတို့အိမ်ထောင်ရေး သာယာရဲ့လား အဆင်ပြေရဲ့လားဟင်"

ထိုသို့မေးတော့ သူ ရုတ်တရက်မဖြေနိုင်။ လက်ထပ်ပြီးချိန် မှစကာ ခုချိန်ထိ အဆင်မပြေခဲ့ပါ။ ဒါကလည်း သူဘက်မှစတယ် ထင်၏။

"မေ သိပါတယ်စော၊ မေ့ကြောင့် စောတို့အိမ်ထောင်ရေး အဆင်မပြေကြဘူး မဟုတ်လား။ မေဟာ ကုသိုလ်ကံနည်းလို့ ဒီဘဝမှာ မပြည့်စုံရတဲ့အထဲ နောက်ထပ်အကုသိုလ်မရောက်ပါရစေနဲ့ စော မေ့ကြောင့် စောတို့အိမ်ထောင်ရေး အဆ…ပြဘူးဆိုရင် မေ ငရဲရောက်တာနဲ့ အတူတူပဲ"

"ဟင်"

ပြောရင်းမှ မေသည် နာကျင်ဝမ်းနည်းလာ၏။ ရစ်ဝဲလာသော မျက်ရည်စတို့ကို အံကြိတ်ကာ တင်းခံထားသည်။

"မေ့ကို တကယ်ခင်တယ် သနားတယ်ဆိုရင် နွယ်နဲ့အဆင် ပြေအောင်နေပါ။ စောနဲ့နွယ်ဟာ မေ့သူငယ်ချင်းတွေပါ။ စောတို့ နှစ်ယောက်အဆင်ပြေတယ်ဆိုရင် မေ စိတ်ချမ်းသာတယ်"

"လွန်ကုန်ပြီ မေ၊ ခုဆိုကိုယ်နဲ့နွယ်ဟာ တစ်ယောက်ကိုတစ်ယောက် မျက်နှာချင်းဆိုင်ဖို့တောင် ခက်တယ်၊ ကိုယ်တို့ နှစ်ယောက်





ကွဲကွာမယ့်အချိန်ကို စောင့်နေကြတာ"

လက်ရှိအဖြစ်မှန်ကို သူပြောလိုက်၏။ မေ မျက်နှာပျက်သွားသည်။

"ဘာပြောတယ် စော၊ စောနဲ့နွယ် ကွဲကြမယ် ဟုတ်လား။ ဟင့်အင်း ဟင့်အင်း စောဒီလို မလုပ်ရဘူး၊ မေသိတယ် နွယ်က စောကို ချစ်နေတာ စော ဂရုမစိုက်လို့ နွယ်ခံစားနေရတာပါ။ ဒါကြောင့် မေ့ကိုယ်စား နွယ့်ကိုဂရုစိုက်လိုက်ပါ စော"

သူက မေ့ကိုငေးကြည့်မိ၏။ နွယ်က မေ့ကိုအထင်လွဲသလောက် မေ့ဘက်မှ ခွင့်လွှတ်နိုင်လွန်းပါလား။

"နွယ့်ကို မေ စိတ်မနာဘူးလားဟင်"

"ဟင့်အင်း မိန်းမသားချင်းမို့ မေကိုယ်ချင်းစာပါတယ်။ နွယ် ဟာ သနားစရာပါ စော"

နွယ်ရန်လာတောင်စဉ်က မေ့စိတ်ထဲနာကြည်းသလိုရှိခဲ့ပေမယ့် သေချာစဉ်းစားကြည့်တော့ မိန်းမသားတစ်ယောက်ရဲ့ ဝေဒနာကို ကိုယ်ချင်းစာမိသည်။ ထို့ကြောင့် နွယ့်ကို ခွင့်လွှတ်နိုင်ခဲ့တယ်။

"မေရယ် မေက ဒီလိုစိတ်သဘောထားကြီးလေ နွယ့်ကြောင့် ကိုယ်စိတ်မကောင်းရလေပါပဲဗျာ"

"အို နွယ့်ကြောင့် မဟုတ်ဘူး တကယ်တော့ စောကြောင့်"

"ဗျာ"

မေစွပ်စွဲတော့ သူအံ့သြသွားသည်။ မေက သူ့ကို စေ့စေ့ ကြည့်၏။



Book Sharing

Scanned by CamScanner

"ဟုတ်တယ် စော၊ လက်ထပ်ပြီးမှတော့ ယောကျ်ားကောင်းတစ်ယောက်အနေနဲ့ စောဟာ ချစ်သည့်ဖြစ်စေ မချစ်သည့်ဖြစ်စေ နွယ့်အပေါ် ဂရုစိုက်ကြင်နာရမယ်၊ စောရဲ့ စိတ်ဟာ နွယ့် အပေါ်ရှိ နေရင် ဒီလိုတွေ ဖြစ်လာစရာမရှိဘူး"

မေကပြတ်သားစွာ ဝေဖန်သည်။ သေချာစဉ်းစားကြည့်တော့ မေပြောသလို သူ့အပြစ်တွေ မြင်လာ၏။ လက်ထပ်ပြီးကတည်းက မေနဲ့ ပတ်သက်၍ နွယ့်အပေါ် စပ်စိမ်းစိမ်းဆက်ဆံခဲ့တာပဲ။ တကယ်တော့ နွယ်က သူလက်ထပ်ခဲ့တဲ့ ဇနီးမယားတစ်ယောက်လေ။

"ကောင်းပါပြီ မေ ကိုယ်သိပါပြီ မေ ဖြစ်စေချင်သလို နွယ့်အပေါ် ဂရုစိုက်ပါတော့မယ်"

"နေဦးစော မေ ဖြစ်စေချင်တယ်ဆိုတာထက် စောရဲ့ စိတ်ကိုယ်က နွယ့်အပေါ်လေးနက်နေရမှာ"

"အဟွန်း မေရယ် ကိုယ့်ကိုတိကျစွာ စံစားခိုင်းနေတာလားဟင်"

သူ မချိသလိုပြုးကာပြောတော့ မေ သက်ပြင်းချသည်။

"စော အတွက်ပါ"

"ဟုတ်ပြီလေ ကိုယ့်စိတ်က နွယ့်ကိုဇနီးမယားတစ်ယောက် [illegible]လေးနက်နက် ဆက်ဆံပါ့မယ်ဗျာ၊ ကဲ ကျေနပ်ပြီလား"

"မှာင့်အင်း အဲဒါကို စောလက်တွေ့ပြနိုင်မှ"

"ဗျာ ဘယ်လို လက်တွေ့ပြရမှာလဲ မေ"

"ဒီလိုလေ စောနဲ့နွယ်တို့နှစ်ယောက် မေ့ဆီကို စိတ်တူ ကိုယ်တူ မောင်နှံတွေအဖြစ် ပျော်ပျော်ရွှင်ရွှင် လာနိုင်မှမေယုံမယ်"





သူသိလိုက်ပါပြီ။ နွယ်နှင့် ပတ်သက်ကာ သူ့ကိုတစ်ခါတည်း ရှည်နေခင်ပို့ မေကြိုးစားနေတာပါလား။ သူပြုံးလိုက်၏။

"ကိုယ်ကြိုးစားမယ် မေ"

"အမြန်ဆုံးနော် စော၊ စောတို့နှစ်ယောက်အတူ လက်တွဲလာတာကို မေ ဝမ်းသာစွာ စောင့်နေမယ်"

"မေရယ်"

စိတ်ထားဖြူစင်လွန်းတဲ့ ငယ်သူငယ်ချင်းမလေးကို သူပီတိဖြင့် ငေးကြည့်မိ၏။ ခုချိန်ကစလို့ မေ့အပေါ်မှာ ညီမတစ်ယောက်လို ငယ်သူငယ်ချင်းတစ်ယောက်လို သူစိတ်ထားတော့မည်။

"စောကို မေ့ရဲ့ သူငယ်ချင်းအဖြစ် တစ်သက်လုံး အသိအမှတ်ပြုချင်ပါတယ်"

"ကောင်းပြီမေ ကိုယ်ကလည်း ခုချိန်ကစပြီး မေ့ကို ညီမတစ်ယောက်အဖြစ် သဘောထားပါ့မယ်ဗျာ"

ထိုစကားကြောင့် မေပြုံးလိုက်၏။ ထို့နောက် သူ့ကို အသာ ခေါင်းညိတ်ပြလိုက်သည်။

"ကိုယ်သွားတော့မယ် မေ"

"ကောင်းပါပြီ စော"

သူကျောခိုင်းထွက်ခွာသွားရာသို့ မေလိုက်လံငေးကြည့်မိ၏။ အံ့သြစရာကောင်းစွာ မေ့ပါးပြင်ပေါ်သို့ မျက်ရည်များ စီးကျလာပါသည်။

စောရယ် . . .။

★★★

"မမ"

"ဟင် စာနည်"

နှယ်အလိုရှိတဲ့အချိန်မှာ စာနည်ကို တွေ့လိုက်ရ၍ ဝမ်းသာသွား၏။ သည်နေ့ ရန်ကင်းစင်တာသို့လာတာ သူမ မှန်သွားပြီ။ ထုံးစံအတိုင်း စာနည်သည် ကြည်စင်စော မျက်နှာလေးဖြင့် နှယ့်ကို ကြည့်၏။

"အတော်တိုက်ဆိုင်တာပဲနော် ကျွန်တော်နဲ့ မမက ကံဆုံတယ်ဗျာ ဒီမှာလာဆုံရတယ်"

"ဟုတ်လို့လား စာနည် မင်း တို့နောက်က လိုက်ခဲ့တာ မဟုတ်လား"

"ဟာဗျာ မမကလည်း"

မှန်တာမေးတော့ စာနည်မျက်နှာရဲသွားသည်။ အသားဖြူသူမို့ သူရှက်သွားပုံက သိသာ၏။ နှယ် စိတ်ထဲမှကြိတ်ပြုံးလိုက်သည်။





"ကံပါရလ တွေ့မှတော့ မင်း တို့ဈေးဝယ်တဲ့နောက်လိုက်ခဲ့"

"ဗျာ ဈေးဝယ်လား မမ"

စာနည်ဝမ်းသာဟန်ဖြင့် မေးသည်။ သူမပြုံးကာ

"အင်း အိတ်ဆွဲဖို့လေ"

"အဟား ရပါတယ်ဗျာ မမနိုင်းရင် ကျွန်တော်က တောင်ကိုးတောင် ထမ်းဦးမှာ"

"အဝိုတွေ"

သည်လောက်ပဲပြောပြီး သူမထွက်လာခဲ့၏။ စာနည်က သူမ နောက်မှ အပြေးလေးပါလာသည်။ သူမတစ်ဆိုင်ဝင်တစ်ဆိုင်ထွက် ဝယ်သမျှ စာနည် မညည်းညူတမ်း အိတ်တွေဆွဲ၏။

"ဒီအရောင်လေးက မမနဲ့သိပ်လိုက်တယ်၊ ဟောဒီအကျီက မမ ဝတ်လိုက်ရင် အရမ်းလှသွားမှာ"

စာနည်ကပဲ သူမကို အဝတ်အစားတွေ ကူရွေးပေးနေပြန်၏။ ဒေါက်တာမောဘုန်းမြူကျတော့ သူမကို ဒီလိုတစ်ခါမှ လိုက်မပို့ဘူးပါ။

စာနည် နေရမှာ ဒေါက်တာစောဘုန်းမြူဆို ဘယ်လောက်ကောင်းမလဲ။ အို သူ့ကို ငါဘာကြောင့် တမ်းတနေတာပါလိမ့်။ သူမ ကြင် ကိုယ်စိမ်းယုံပေါ့။

"မမ မမ"

"ဟင် ဘာလဲ စာနည်"

သူ့သိအတွေးရောက်သွားသော သူမမှာ စာနည်နှစ်ခွန်းဆင့် ခေါ်လိုက်မှာ သက်ဝင်လျက် ကမန်းကတန်းလေး ထူးလိုက်မိ၏။



Scanned by CamScanner

"မမက ဒီစင်တာတစ်ခုလုံး ဝယ်မှာ မဟုတ်ပါဘူးနော်"

"ဘာ ဘယ်လို"

ဓာနည့်အမေးကြောင့် သူမနားမလည်သလိုမေးရင်း ကြည့်မိတော့ . . .

"အို . . ."

ရုတ်တရက် ပြုံးချင်သွား၏။ ဟုတ်ပါရဲ့ ဓာနည်လက်နှစ်ဖက်လုံးမှာ သူမအဝတ်အစားအိတ်တွေအပြည့် ဒါကြောင့် ဓာနည် စောစောက မေးခွန်းမေးတာကိုး။

"မင်း သိပ်ညောင်းနေပြီလား ချာတိတ်"

"ဟဲ ဟဲ နည်းနည်းပါးပါး"

မမစိတ်မဆိုးအောင်ပြောလိုက်ရပေမယ့် တကယ်တမ်း ဓာနည်ဆိုတာ ဒီလိုလေးလံတာမျိုး တစ်ခါမှ မသယ်ဖူးပါ။ အမြဲတမ်း ကိုယ်ကသာ သူများကို ခိုင်းခဲ့တာ မမကိုတော့ တမင်အလျှော့ပေးထားတာလေ။

"မင်းပစ္စည်းတွေ လေးနေမှာပေါ့၊ တို့ ဒီလောက်ပဲ တော်ပါပြီ ဓာနည်"

အင်း မမသာမှတော်ရင် ဓာနည်လက်နှစ်ဖက်ကျိုးမည်လားမသိ။ မမကားပေါ် ပစ္စည်းတွေ တင်ပေးလိုက်၏။

"မောသွားပြီလား ချာတိတ်"

"ကျွန်တော်က မမအတွက်ဆို မမောပါဘူးဗျာ"

"အဟင်း ချာတိတ်က အပြောကောင်းတယ် ကဲ တို့ကား နောက်





ကလိုက်ခဲ့ ဓာနည်"

"ဗျာ"

"မင်းကို ကျေးဇူးတင်တဲ့အနေနဲ့ ထမင်းကျွေးမလို့လေ"

"အဟား ဒါဆို အိုကေ"

မထင်မှတ်ပဲ သူမအခွင့်အရေးပေးမှုကြောင့် ဓာနည်ဝမ်းသာ သွား၏။ ယခုအခါတော့ သူမကားနောက်မှ ဓာနည့်ပြိုင်ကားလေးက စယ်ရဲရဲလိုက်ပါလာ၏။

သူမက ထမင်းဆိုင်ကို ဝေါက်တာစောဘုန်းဖြူ စားနေကျဆိုင်သို့ ရွေးချယ်လိုက်၏။

သေချာတယ် ဒါဟာ ဒေါက်တာစောဘုန်းဖြူကိုစပြီး စိန်ခေါ်လိုက်တာပဲ။

"ဒီဆိုင်က ဟင်းတွေကောင်းတာကွ ခုလည်းစုံတယ် ဓာနည်ကြိုက်တာမှာစား"

"မမအကြိုက်ပဲမှာပါ ကျွန်တော်က မမမှာတာဆို ဘာပဲဖြစ်ဖြစ်စားမယ်"

နွယ်၏ လှပသော မျက်နှာလေးကို စူးစိုက်ကြည့်ပြီး ဓာနည်ပြော၏။ သူမ မျက်စောင်းလေးထိုးကာ ဟင်းများကို မှာလိုက်သည်။

"တို့က ချဉ်ချဉ်စပ်စပ်ကြိုက်တာနော်"

"ရတယ် မမကြိုက်တာ ကျွန်တော် ကြိုက်မယ်"

သည်မျက်နှာကောင်လေးကို အသဲ့တိုက်ပြီး နွယ်က ဟင်းများကို တမင်အစပ်မှာ၏။

မကြာခင် ထမင်းဟင်းများ ရောက်လာသည်။ နေလည်စာ နို့မှ ဆိုင်ထဲမှာ စားသူတွေ များလာ၏။

နွယ်မျက်ဝန်းတွေက တစ်စုံတစ်ယောက်ကို မသိမသာ ရှာမိသည်။

"ဟော လာပါပြီ"

လူအများကြားမှာ ထင်းခနဲမြင်နိုင်သော အသားဖြူဖြူ အရပ်မြင့်မြင့်ဖြင့် ဒေါက်တာစောဘုန်းမြတ်သည် ဆိုင်ထဲဝင်လာ၏။ သူနှင့်အတူ ဒေါက်တာစိုးလွင်လည်း ပါလာ၏။

သူတို့ဝင်လာတာကို သူမမသိချင်ယောင်ဆောင်ကာ

"စာနည် ဟောဒီဟင်းလေးကောင်းတယ် စားကြည့်"

ပြောရင်း စာနည်ပန်းကန်ထဲ သူမ ဟင်းစပ်ထည့်ပေးလိုက်၏။

"ဟာ ဘုန်းမြတ်"

ထိုမြင်ကွင်းကို မြင်သွားတာက ဒေါက်တာစိုးလွင် . . .။

နွယ်ဝတို့ ကောင်လေးတစ်ယောက်ပါလား။

"ဘာလဲကွ စိုးလွင် ဘာဖြစ်တာလဲ"

ဘာမှမမြင်သော စောဘုန်းမြတ်က စိုးလွင်ကို အလန့်တကြားလုပ်ရန်ကောဟုကြည့်၏။

"ဘာ ဘာဖြစ်တာလဲဟုတ်လား။ ဟိုမှာ ဘယ်သူလဲ ကြည့်စမ်း ဘုန်းမြတ်"

"ဟင်"

ယခုမှ ဒေါက်တာစိုးလွင်ပြရာကို သူမြင်သွား၏။





နွယ်နဲ့ ချာတိတ်တစ်ယောက်၊ နစ်ယောက်သား ပျော်ပျော် ရွှင်ရွှင်နဲ့ ထမင်းစားနေလိုက်တာ ကြည့်စမ်း ကြည့်စမ်း တစ်ယောက် ပန်းကန်ထဲ တစ်ယောက်ဟင်းတွေထည့်ပေးလို့။

"ဒါ ဘယ်လိုဖြစ်တာလဲ ဘုန်းမြတ်"

ဒေါက်တာစိုးလွင်က သူ့ကိုနားမလည်သလိုကြည့်ကာ မေးသည်။ သူရှက်သွား၏။

ကိုယ့်ဇနီးလောင်းက တခြားယောကျ်ားတစ်ယောက်နဲ့အတူ တွဲကာ ထမင်းစားနေ၏။

"ငါ သွားမယ် စိုးလွင်"

"ဟာ ဘုန်းမြတ်"

သို့သော် စိုးလွင်တားတာ နောက်ကျသွားပြီ။ စောဘုန်းမြတ်သည် ခြေလှမ်းကြဲများဖြင့် နွယ်တို့စားပွဲဘက် ထွက်သွား၏။

"နွယ်"

"ဟင် အော် . . .ဒေါက်တာပါလား"

အနားရောက်လာသော သူ့ကို သူမက တစ်ခါမှ မမြင်ဘူးသလို ဝေးစက်စက်ကြည့်သည်။

"မင်း ဒီကိုဘာလာလုပ်တာလဲ နွယ်"

ဒေါသကို ထိန်းလျက် စာနည်ကို တစ်ချက်ငဲ့ကြည့်ပြီးမှ သူမဖက်လှည့်၍ မေး၏။

ထိုအခါ နွယ်က မသိမသာလေး ပုခုံးတွန့်ကာ . . .

"ရှင် ကျွန်မဝေ၊ ဒေါက်တာ အဟင်း အခု ကျွန်မ ထမင်းလာ

စားနေတာလေ ဒေါက်တာ၊ သူက ကျွန်မမိတ်ဆွေ ဇာနည်တဲ့"

ဇာနည်က ဒေါက်တာစောဘုန်းဖြိုးကို အကဲခတ်နေသည်။ စော ဘုန်းဖြိုးသည် မျက်မှောင်ကြုတ်ခနဲဖြစ်သွားကာ

"မင်း ငါ့ကို အရွဲ့တိုက်နေတာလား နွယ်"

"အလို ဒေါက်တာဘာတွေ ပြောနေတာပါလိမ့် ကျွန်မ နားမလည်ဘူး"

ကြည့်စမ်း နွယ့်ပုံစံက အရင်နဲ့ လုံးဝမတူ။ လောကကြီးကို အရွဲ့တိုက်ချင်ဟန်နဲ့ ဖြစ်၏။

"မင်းအိမ်ကိုပြန်ပါနွယ်"

"ဟုတ်ကဲ့ ကျွန်မကိစ္စတွေပြီးရင် ပြန်မှာပါ ဒေါက်တာ"

"ကွတ်"

နွယ်၏ မထီမဲ့မြင်ဟန်တွေကြောင့် သူစိတ်ထိန်းကာ နေရာမှ လှည့်ထွက်ခဲ့သည်။

"မမ အဲဒီလူက ဘယ်သူလဲ"

"အလကားပါကွာ ကဲစားလိုက်ဦး ဇာနည် ထမင်းစားပျက် သွားပြီ"

သူမစကားလွှဲကာ ဇာနည်ပန်းကန်ထဲ ဟင်းတွေခပ်ထည့်ပေး လိုက်၏။

"ဘယ်လိုလဲ ဘုန်းဖြိုး ငါ အစကတည်းက မပြောဘူးလား၊ နွယ့် ကို ဂရုစိုက်ပါလို့၊ ခုတော့ နွယ်အရွဲ့တိုက်ပြီ မဟုတ်လား"

စားပွဲသို့ သူပြန်ရောက်တာနှင့် စိုးလွင်အပြစ်တင်၏။ သူသက်





ပြင်းချကာ . . .

"ငါက ဘာလုပ်နေလို့လဲ စိုးလွင်"

"အော် အဟော် နွယ့်ကိုဘေးဖယ်ထားပြီး မင်း မေညိုစိမ့် အပေါ် ဂရုစိုက်နေတာတွေလေ"

"ဘာဖြစ်လဲကွာ မေညိုစိမ့်က ငါ့သူငယ်ချင်းပဲ စိုးလွင်"

"အော် . . .အဟွန်း တရားကျစရာကောင်းပါလား ဘုန်းဖြိုး ဒါ ဆို နွယ်ကလည်း ပြောမှာပါ သူနဲ့ပါလာတဲ့ ချာတိတ် မိတ်ဆွေပါလို့"

"ပြောပြီးပြီ ဇာနည်တဲ့"

မျက်မှောင်ကြီးကြုတ်ကာ သူသဘောမကျဟန်ပြော၏။

"ဘာ မင်းကိုတောင် မိတ်ဆက်ပေးလိုက်တယ်၊ ကောင်လေး က ဖြူဖြူချောချောနဲ့ မင်းတော့ မလွယ်ဘူးထင်တယ် ဘုန်းဖြိုး"

စိုးလွင်၏ စကားအတွက် သူ့ရင်ကိုလာထိစေသည်။ ဖြစ်နိုင်လျှင် နွယ့်ကိုထိုနေရာမှ ချက်ချင်းဆွဲထုတ်ခေါ် ချင်သွားပေမယ့် ဂုဏ်သိက္ခာ ထိန်းရမည်မို့ စိတ်ကိုထိန်းချုပ်လိုက်ရ၏။

ꩤ ꩤ ꩤ



Book Sharing

Scanned by CamScanner

☆ ☆ ☆

"မင်း ငါ့ကို တမင်အရှက်ခွဲနေတာလား နွယ်"

"ဘာရှင့်"

သည်နေ့တော့ သူက သူမထက်အိမ်ပြန်စောနေ၏။ ဒါကိုယ်က နွယ့်အတွက် ထူးခြားရသည်။ ဒေါက်တာ စောဘုန်းဖြူဟာ အမြဲတမ်း သူမထက် အိမ်ပြန်နောက်ကျတာ မဟုတ်လား။

လှပစွာ အိမ်ထဲဝင်လာသော နွယ့်ကိုသူမျက်မှောင်တွန့်ကာ ကြည့်ပြီး ရုတ်တရက်ထိုသို့မေးလာခြင်း။

"နေ့လည်က မင်း ဘာအရှုံးရှုံးလိုက်တာလဲ နွယ်"

"ဒေါက်တာ ဘာကိုဆိုလိုတာပါလိမ့်"

"မင်း မသိချင်ယောင်ဆောင်နေတော့လည်း ပြောတာပေါ့ ဟိုရှာ တိတ်က မင်းနဲ့ဘာလဲကွ ဟင်"

အော် သူက သူမနဲ့ဇာနည်ကို အတူမြင်တော့ ဒေါသတွေ ဖြစ်နေ





တာပါလား။ ရယ်ချင်လိုက်တာနော် သူမ ပခုံးလေး ဖျတ်ခနဲတွန့်ကာ

"ဇာနည်က ကျွန်မမိတ်ဆွေလေ ဒေါက်တာ"

"ဘာကွ မိတ်ဆွေ ဟုတ်လား၊ တစ်ယောက်ပန်းကန်ထဲ တစ်ယောက် ဟင်းတွေခပ်ထည့်ပေးနေတာ မိတ်ဆွေတွေတဲ့လား"

သည်တော့ သူမက သူ့ကိုအေးစက်စက်ကြည့်၏။ ကိုယ့်အလှည့်ကျတော့ သိတတ်ပြီပေါ့ဟု သူ့ကိုမေးလိုက်ချင်၏။

"နေပါဦး ဒေါက်တာ ကျွန်မကိစ္စမှာ ဒေါက်တာ ပြောပိုင်ခွင့် မရှိဘူးထင်တယ်"

"ဟင်"

နွယ်က ခပ်တည်တည်မေးလိုက်တော့ သူနှုတ်တိတ်သွား၏။ သည်လိုစကားပြောခွင့်ရအောင် သူစတင်ခဲ့တာပဲ။

"ဒေါက်တာ ကိစ္စမှာလည်း ကျွန်မဘာမှ ဝင်ရောက်မစွက်ဖို့ မှာထားတယ်လေ၊ ကျွန်မနဲ့ ဒေါက်တာ လက်ထပ်တာလည်း လူကြီး တွေကြောင့်ဆိုတော့ အင်းလေ ဒေါက်တာ ဆန္ဒအတိုင်း ကျွန်မတို့ ကိုယ့်လမ်းကိုယ်လျှောက်နေတာပဲ"

သူသက်ပြင်းချလိုက်၏။ တကယ်တော့ မေနှားချ၍ သူနောင်တ ရနေပြီဖြစ်သည်။

ထို့ကြောင့်နွယ်နှင့် ပြေလည်အောင် ဆက်ဆံမည် စိတ်ကူးခဲ့သည်။ ယခုတော့ နွယ်ကတစ်ဖက်သတ် တင်းမာနေပြီ။

"ဖြစ်ပြီးသား ကိစ္စတွေအတွက် မင်း ကိုယ့်အပေါ် မကျေနပ်ခဲ့ဘူးဆိုတာ သိပါတယ်နွယ် အဲဒီအတွက်လည်း ကိုယ် . . ."



Scanned by CamScanner

"အို ကျွန်မဘာမှ မကျေနပ်စရာမလိုပါဘူး ဒေါက်တာနဲ့ မေညို စိမ့်ကိစ္စကို ကျွန်မ လျစ်လျူရှုလိုက်ပြီလေ"

သူစကားမဆုံးခင် သူမဝင်ပြောတာကြောင့် ခေါင်းခါရမ်းမိသည်။ ဘာပဲဖြစ်ဖြစ် သူ့ဘက်မှ စတင်မှားခဲ့တာမို့ နွယ့်ကို တောင်းပန်ဖို့ ဆုံးဖြတ်ထား၏။

"မဟုတ်သေးဘူး တကယ်ဆို ကိုယ်နဲ့မေက ဘာမှမဆိုင်ဘူး နွယ် စုဆိုမေကလည်း ကိုယ့်ကိုနွယ့်ဆီပြန်သွားဖို့ ပြောတယ်။ မှန်တာ ပြောရရင် အစကတည်းကလည်း မေဟာ ကိုယ့်ကို လက်ခံခဲ့တာ မဟုတ်ဘူး နွယ်"

"အော် . . . အော် . . . မေညိုစိမ့်လက်မခံလို့ ဒေါက်တာ ကျွန်မဆီ ပြန်လာတာကိုး"

ခေါင်းလေးမော့ကာ ခပ်ရွဲ့ရွဲ့လေး သူမပြောဟန်က မထီတရီဟန်။ အရင်က သူစိတ်နဲ့ဆို ပြန်လည်အရွဲ့တိုက်မိပေမယ့် ယခုတော့ နွယ့်ကို ကောင်ချောလေးတစ်ယောက်နှင့် တွေ့လိုက်ရတာမို့ စိတ်မချနိုင်အောင် ဖြစ်နေ၏။

"ဒီလို မပြောပါနဲ့နွယ်၊ တကယ်တော့ နွယ်က ကိုယ်လက်ထပ်ထားတဲ့ ဇနီးမယားတစ်ယောက်ပဲ ဘယ်သူမှ မတိုက်တွန်းလည်း ကိုယ်ပြန်လာရမှာပဲလေ"

"ဟုတ်ပါတယ် ဒီအိမ်က နှစ်ဖက်လူကြီးတွေ လက်ဖွဲ့ထားတော့ ရှင်နဲ့ကျွန်မဆိုင်နေတာပဲ ရှင်လည်း ကြိုက်တဲ့အချိန် ပြန်လို့ရတာပဲလေ။ ကဲ . . .ကျွန်မအနားယူလိုက်ဦးမယ်"





"နေဦး နွယ်"

သို့သော် သူမက သူ့ကို ဂရုမစိုက်ပဲ လှေကားပေါ် ကြော့ကြော့လေး တက်သွား၏။ ပြည့်တင်းအချိုးကျသော သူမ၏နောက်ပိုင်းအလှကို ကြည့်ပြီး သူသက်ပြင်းချ ခေါင်းခါကျန်ရစ်သည်။

နွယ့်စိတ်တွေ ပျော့ပျောင်းလာအောင် အချိန်ယူဖို့လိုသည်။ အရင်က သူ့အပေါ် ဂရုစိုက်တဲ့နွယ့်ကို ပြန်လိုချင်မိလာ၏။

"မယဥ်ရေ မယဥ်ပြောတဲ့နည်းက မှန်နေပြီထင်တယ်"

အခန်းထဲရောက်တာနှင့် နွယ်က မှန်တင်ခုံရှေ့ဝင်ထိုင်ကာ သူမပုံရိပ်ကိုကြည့်ရင်း ခပ်တိုးတိုးပြောလိုက်၏။

ကြည့်စမ်း မှန်ထဲမှာ ဖြူနုချောမောနေသော မိန်းမလှလေးဟာ နွယ်ဝတီတဲ့လား။

"ဒါနည်းလိုကောင် ချောချောလေးနဲ့ တွဲတာမြင်ရင် ဒေါက်တာဟာ နွယ့်အပေါ် သဝန်တိုလာမှာ သေချာတယ်"

မေညိုစိမ့်အပေါ် ရောက်နေသော ဒေါက်တာစောဘုန်းဖြူ၏ စိတ်တွေကို ထိုနည်းဖြင့် ပြန်ဆွဲခေါ်ဖို့ မယဥ်ကနွယ့်အား အကြံပေးခဲ့သည်။

ယခုတော့ ဒေါက်တာဟာ သူမအပေါ် ထူးခြားတဲ့ သဝန်တိုမှုတွေ ပြနေပါလား။ ပထမဆုံး တိုက်စစ်မှာပင် သူမအောင်မြင်သလိုပါပဲ။

သည်အတွက် သူမကျေနပ်၏။ ထို့ကြောင့် ခဏအနားယူပြီး ရေချိုးလိုက်သည်။ အိမ်နေရင်း ပိုးသားပျော့နီညိုရောင် ဂါဝန်လက် ပြတ်



Scanned by CamScanner

ရှည်လေးဝတ်လိုက်၏။ ထိုစဉ် အပေါ်ထပ်သို့ တက်လာသော သူ့ခြေသံကိုကြားရ၏။ သူမရုတ်ချင်း ဟန်းဖုန်းကိုင်ပြီး အပြင်ဘက် ထွက်ခဲ့လိုက်သည်။

"ဓာနည်လား အဟင်း . . မ ပါကွယ်၊ ဘာလဲ မကို မေ့နေပြီလားဟင်"

တစ်ဖက်ခန်းသို့ ဝင်ဖို့ပြင်နေသော ဒေါက်တာစောဘုန်းဖြူ ခြေလှမ်းတုန့်ခနဲဖြစ်သွား၏။

ကြည့်စမ်း အိမ်ရောက်တာတောင် ဖုန်းနဲ့ဆက်ပြီး အလွမ်း သယ်နေကြပါလား။

"မက မမေ့ပါဘူးနော် ဘာလဲ ဓာနည် မနဲ့ မကြာခဏတွေ့မယ်ဟုတ်လား၊ အဟင်း . .ဒါကတော့ စဉ်းစားဦးမယ်ကွယ်"

လွန်ပြီ ယောကျ်ားတစ်ယောက်ရှေ့မှာ ဒီလိုတခြားကောင်နဲ့ ညှိနေတာ သူဘယ်မှ သည်းမခံနိုင်တော့။

ထို့ကြောင့်

"ပေးစမ်း နွယ်"

"အို"

သူမ ဖုန်းကိုယူကာ သူပိတ်ပစ်လိုက်၏။

"ဟင် ရှင် ဒါဘာလုပ်တာလဲ ဒေါက်တာ"

"ဘာလုပ်ရမှာလဲ နွယ်၊ မင်းနဲ့ဟိုကောင်အလွမ်းသယ်နေတာ ငါက ဒီအတိုင်းလက်ပိုက်ကြည့်နေရမှာလားကွ ဟင်"

သိသိသာသာကြီး သဝန်တိုပြနေသော သူ့ကို အံ့သြသလို ကြည့်





မိ၏။ အရင်ဆို ဒီအချိန် သူအိမ်မှာမရှိ ယခုဘာကြောင့်အပြင် မသွားတာလဲ။

"ရှင် . . .ရှင်နဲ့ဘာမှမဆိုင်ဘူး"

"ဘာကွ ငါက မင်းငဲ့ယောကျ်ားပါ နွယ်"

သူမ မျက်နှာကို စိုက်ကြည့်ကာ သူ့အံပြောကြောင့် မထင်မှတ်ပဲ ရယ်ပစ်မိတော့၏။

"အဟင်း ဟင်း တယ်လည်းရယ်စရာကောင်းပါလား ဒေါက်တာ ရှင်နဲ့ ကျွန်မ ဘာမှမဆိုင်ဘူးလို့ စပြောခဲ့တာ ဘယ်သူလဲဟင်"

သူ့ကိုကြည့်ပြီး သူမနာကြည်းဟန်ဖြင့် ခဲ့မေးလိုက်၏။ သူသက်ပြင်းချသည်။

"မင်းအပေါ် ငါမှားခဲ့တာတွေရှိတယ်ဆိုတာ သိပါတယ်နွယ်၊ ဒါကြောင့် စချိန်ကစပြီး အရင်က ကိစ္စတွေ မေ့ပစ်လိုက်ကြပါစို့"

"အလို တယ်လည်းထူးဆန်းတဲ့ စကားပါလား ဒေါက်တာ ဘာလဲ ဒေါက်တာနဲ့ မေညိုစိမ့်တို့ အဆင်မပြေတော့ဘူးလားဟင်"

သူခေါင်းကိုခါရမ်း၏။ မေညိုစိမ့်နှင့် ကိစ္စပြီးခဲ့တာ နွယ်မသိ။

"အစကထဲက ကိုယ်တို့ဘာမှမဆိုင်ပါဘူးနွယ်"

"အို အဟင်း အတော်ယုံစရာကောင်းပါလားရှင်၊ ကျွန်မ ရှေ့မှာတင် နှစ်ယောက်အတူတွေ့ခဲ့ပြီးတော့ ခုမှ မဆိုင်ဘူးတဲ့လားဟင်"

မယုံသလို သူမအပြောကြောင့် သူစိတ်ရှုပ်သွားသည်။ ထို ကိစ္စနှင့် နွယ်တစ်ယောက် သူ့အပေါ် အတော်နာကြည်းသွားတာပါလားဟု သိလိုက်၏။



Scanned by CamScanner

"နွယ်မယုံရင် မေ့ကို လိုက်မေးကြည့်နိုင်ပါတယ်၊ မေဟာ သူ့ကြောင့် ကိုယ်တို့အိမ်ထောင်ရေး ထိခိုက်မှာကို မလိုလားခဲ့ဘူး"

"အော် အော် တော်တော်မိုးကျူးစရာကောင်းတာပဲ ဒေါက်တာ"

ဟိုတုန်းက သူဒီလိုစကားမျိုးပြောလျှင် နွယ်ယုံမိခဲ့မှာပါ။ ယခုတော့ နွယ့်စိတ်တွေ ဒီလိုဖြစ်အောင် သူပဲ ပုံသွင်းခဲ့တာပဲ။

"ကိုယ် တောင်းပန်ပါတယ်၊ နွယ်ကျေးဇူးပြုပြီး ကိုယ့်ကို အရွဲ့မတိုက်ပါနဲ့"

သူမ မျက်နှာကိုလေးနက်စွာကြည့်ပြီး သူပြောသည်။ တည်ငြိမ်သော သူ့ဟန်ကြောင့် သူမစိတ်ထဲမှာ ကြိတ်ကာအံ့ဩမိပေမယ့် အပြင်မှာတော့ တင်းမာဆဲ။

"ဟင့်အင်း ကျွန်မဟာ ဒေါက်တာ ဂရုစိုက်ရမယ့် မိန်းမမျိုး မဟုတ်ပါဘူး။ ဘယ်အချိန်မှာ ဒေါက်တာကျွန်မဆီက ကွာရှင်းစာ လိုချင်သလဲဆိုတာသာ ပြောပါ၊ ဂွဒ်နိုက် ဒေါက်တာ"

သူ့လက်ထဲမှ ဟန်းဖုန်းကိုဖျတ်ခနဲယူပြီး သူမထွက်သွား၏။ သူမနောက်ကျောပြင်ကို ငေးကြည့်ရင်း တစ်ချိန်က . . .

စောရေ မောင်ရေနှင့် သူ့အပေါ် ဂရုစိုက်ခဲ့သော နွယ့် ပုံရိပ်တွေ မြင်ယောင်လာ၏။

ကိုယ်မှားခဲ့တာပါ နွယ် . . .။

တကယ်လို့ နွယ်ကသာ သူ့ကိုကွာရှင်းခွင့် တောင်းခဲ့လျှင် ဟင့်အင်း သူလုံးဝပေးမှာ မဟုတ်။

လူကြီးတွေကလည်း သူတို့နှစ်ဦးကွာရှင်းတာကို ခွင့်ပြုမည် မ





ဟုတ်ပေ။

တကယ်တမ်း နွယ့်ကိုကွာရှင်းရမည်ဆိုတော့ သူ့ရင်ထဲ မှ လောင်လာ၏။ မျက်စိထဲမှာ ရယ်မောနေသော နွယ်နဲ့ ဇာနည်ပုံကို မြင်ယောင်ကာ သက်ပြင်းမကြာခဏချမိလေ၏။

☆☆☆

"တီလ်"

စောစောစီးစီး အိမ်ရှေ့မှ ဘဲလ်မြည်သံကြောင့် မြဲ၀န်းထဲလမ်းလျှောက်နေသော သူတံခါးသွားဖွင့်လိုက်၏။

"ဟင် မင်း"

လှပသောပန်းစည်းနှင့် ဓာနည်ကိုမမျှော်လင့်ပဲ တွေ့လိုက်ရတော့ သူမျက်နှာပျက်သွား၏ ထို့စဉ် . . .

"ဟော ဓာနည်"

"မမ"

ပန်းသွေးနုနုဝမ်းဆက်ဖြင့် လှပနေသော နွယ်က ဘယ်လို ပေါ်လာမှန်းမသိ၊ သူ့ကိုရှိတယ်ဟု မအောက်မေ့ပဲ ဟိုချာတိတ်ကို ပြုံးပြနေလိုက်တာ။

"စောစောစီးစီးပါလား ဓာနည်"

"ဟုတ်တယ် ညကထဲက မမကိုအရမ်းသတိရလို့ အခု ပန်းလာပို့တာ မမ"





"အို သင့်ခ်ယူ ပန်းတွေက သိပ်လှတာပဲ ဓာနည်"

ချာတိတ်ပေးသော ပန်းစည်းကို နွယ် ဝမ်းသာအားရ လက်ခံနေတာကြောင့် သူ့ မျက်မှောင်တွန့်သွားသည်။

"အဟမ်း"

သူချောင်းဟန့်သံပြုတော့ နွယ်က သူ့ကို ဖျတ်ခနဲကြည့်၏။ ထို့နောက် . . .

"ဓာနည် အိမ်ထဲဝင်လေ မမ လက်ဖက်ရည်တိုက်ပါရစေ"

"မဝင်တော့ဘူး မမ၊ မာမီ မိုင်းထားတာရှိလို့ နေ့လည်မှ ဖုန်းဆက်လိုက်မယ်"

"အေးကွယ် ဒါဆိုနောက်ကြုံမှ မမ လက်ရာ ကျွေးတိုက်ရမယ်၊ ပန်းတွေအတွက် ကျေးဇူးပဲ ဓာနည်"

ကားနားထိ သူမလိုက်ပို့သည်၊ တော်တော်နှင့် ကားမထွက်ပဲ နှစ်ယောက်သားရယ်မောကာ စကားတွေ ပြောနေလိုက်တာ။

"နွယ် ကိုယ်အလုပ်သွားဖို့ ဝတ်စုံရွေးပေးဦး"

တမင်သူ လှမ်းခေါ်လိုက်သည်၊ နွယ် ဖျတ်ခနဲကြည့်၏။ သူကလည်း စပ်တည်တည်။

စောနေ ဓာနည်ကားထွက်သွား၏။ နွယ်သည် တင်းမာသော မျက်နှာလေးဖြင့် အိမ်ထဲဝင်လာ၏။

"ဒါ ဘာသဘောလဲ ဒေါက်တာ"

သေးကျဉ်းသော ခါးပေါ်ဖြူနုသောလက်နှစ်ဖက်ထောက်ကာ မေးဟန်ကြောင့် သူ ပခုံးတွန့်လိုက်၏။



Book Sharing

Scanned by CamScanner

"ဘာလဲ ဘာကိုပြောတာလဲ နွယ်"

"အို ရှင်စောစောက ဓာနည်ရှေ့မှာ . . ."

"ဟုတ်တယ်လေ အရင်က ကိုယ့်အတွက်ဝတ်စုံ မင်းထုတ်ပေးနေကြမဟုတ်လား နွယ်"

ထိုစကားကြောင့် သူမမျက်နှာလေး ရဲသွား၏။ အရင်တုန်းက သူ့ကို ချစ်ခဲ့တဲ့စိတ်ကြောင့်လေ ယခုတော့ . . .

"ဒီမှာ ရှင်နဲ့ကျွန်မ ဘာမှမဆိုင်ဘူး ဓာနည်ရှေ့မှာ အထင်လွဲမယ့် စကားမျိုး နောက်ဆိုရှင်မပြောပါနဲ့"

"ဘာကွ"

တကယ်တမ်းမှာ သူနဲ့ သူမသည် တရားဝင်ကွဲကွာရသေးတာ မဟုတ်၊ ပတ်ဝန်းကျင်အမြင်မှာ သူတို့နှစ်ယောက်ဟာ အကြင်လင် မယားပဲ။

"ရှင်နဲ့ မေညိုစိမ့်တို့ ကိစ္စမှာလည်း ကျွန်မဘာမှ ဝင်မပြောခဲ့ဘူး ဒေါက်တာ"

"ဟေ့ ငါနဲ့ မေညိုစိမ့်တို့က မင်းတို့လိုအိမ်အထိ လိုက်ကဲနေတာ မဟုတ်ဘူးကွ"

"အော် . . . အတော်ရယ်စရာကောင်းပါလား၊ ကျွန်မ ကွယ်ရာမှာ ရှင်တို့နှစ်ယောက် မကြာခဏ တွေ့နေကြတာက"

ပြောရင်း သူမမျက်နှာလေးနီလာ၏။ သူမကလည်း မေနှင့် ဖောက်ပြန်တာ မဟုတ်၍ ဒေါသဖြစ်လာသည်။

"လူတွေကို မင်းလိုထင်မနေနဲ့နွယ် မေဟာ ဘယ်လိုမိန်းကလေး





ဆိုတာ မင်း သိပါတယ်"

ကြည့်စမ်း ဒါကိုက မေညိုစိမ့်ကို တန်ဖိုးထားသော စကားပါ လား၊ သူမအံလေးကြိတ်ကာ ကြည့်လိုက်၏။

"သိတာပေါ့ ဒေါက်တာ မေညိုစိမ့်ဟာ သိပ်ကိုတန်ဖိုးကြီးတဲ့ မိန်းမလေ၊ ဒါကြောင့် ရှင် သူ့ဆီကိုပဲ သွားပါ"

"ဟေ့ နွယ် နွယ်"

သူမက နောက်လှည့်မကြည့်တော့။ မေညိုစိမ့်နှင့် နှိုင်းယှဉ်ခံရ တာလောက် သူမအသည်းမှာ နာကျင်တာမရှိ။

သူနောက်မှလိုက်လာ၏။

"နွယ်"

"ဖယ် ဒေါက်တာ ကျွန်မ အပြင်သွားမလို့"

အခန်းပေါက်မှာ သူပိတ်ရပ်ထားတာကြောင့် နွယ်ပြောလိုက်၏။

"ဘာလဲဟင် ဟိုချာတိတ်နဲ့ မင်း သွားတွေ့မလို့လား"

"အို ကျွန်မဘာသာ ဘယ်သူနဲ့တွေ့တွေ့ ရှင်နဲ့မဆိုင်ပါဘူး ဒေါက် တာ"

"ဘာကွ ငါနဲ့မဆိုင်ဘူး ဟုတ်လား၊ အေး ဆိုင်လား မဆိုင်ဘူးလား သိရအောင်"

"အို"

သူက ဖျတ်ခနဲ သူမကိုယ်လေးကို တင်းတင်းပွေ့ကာ မျက်နှာ လေး အနှံ့နမ်းရှိုက်ပစ်လိုက်၏။

ရုတ်တရက် အငိုက်မိသွားသော သူမမှာ သူ့ရင်ခွင်က တော်

တော်နှင့် ရှန်းမထွက်နိုင်။ သူ့အနမ်းတွေ ကြွမ်းလာတော့ . . .

"အို ရှင် ရှင် ကဲ"

"ဟင်"

သူ့ရင်ဘတ်ကြီးကို ဆောင့်တွန်းကာ သူမထွက်ပြေးခဲ့သည်။ မှန်တာပြောရလျှင် နွယ့်ရင်တွေ ခုန်နေ၏။

သူ့ဆီက အနမ်းကိုမျှော်လင့်ခဲ့ပေမယ့် ဒီလိုပုံစံနှင့်မဟုတ်။ ယခုတော့ သူမကို အနိုင်ယူတာမျိုးမို့ လက်မခံနိုင်။

ကားကိုမယဉ်ဆီ မောင်းလာခဲ့၏။ အဆင်သင့်ပင် မယဉ်ကို တွေ့ရသည်။

"ဘယ်လိုလဲ နွယ် ဘာတွေထူးခြားလာလို့လဲ"

မျက်နှာနီနီလေးဖြင့် ကားပေါ်မှ ဆင်းလာသော သူမကို မယဉ်ပြုံးကာ မေး၏။

"ဟင်း ထူးခြားတာတော့ အမှန်ပဲ မယဉ် သူလေ . .သူ . . ."

"ဘာဖြစ်လဲ နွယ်"

"မနေ့က နွယ်နဲ့ဇာနည်ကို တွေ့တဲ့အချိန်ကစပြီး ထူးထူးခြားခြား သဝန်တိုပြနေတာ၊ နွယ့်ကိုလည်း အရင်က ကိစ္စတွေ မေ့လိုက်ကြပါစို့တဲ့"

"ကဲ မယဉ်မပြောခဲ့ဘူးလား နွယ်၊ ယောကျ်ားတွေဟာ သူတို့သာ ပွေရှုပ်ချင် ပွေရှုပ်မယ်၊ သူတို့ မိန်းမတွေကိုတော့ ဖြူစင်စေချင်ကြတယ်ဆိုတာ"

မယဉ်က ကျေနပ်အားရဟန့်ဖြင့် ပြောသည်။ နွယ် ခေါင်းညိတ်၏။





"အဲတာကတော့ လက်တွေ့ပဲ မယဉ် ဒီမနက်လည်း ဇာနည်ပန်းစည်းလာပို့တယ်လေ အဲဒီမှာလည်း သူသဝန်တိုပြန်ရော"

"အဟင်း ဟင်း ဒီလိုပဲ ပြောရမယ်လေ နောက်ဆုံးတော့ ခေါက်တာဟာ နွယ့်ဆီပြန်ရောက်လာတာပဲ မဟုတ်လား"

သူကနွယ့်ကို ခွင့်လွှတ်ဖို့ပြောသည်။ ဒါဟာ နွယ့်ဆီပြန်လာချင်တာလား။ သို့သော် မေညိုစိမ့်ကိုတော့ ယခုချိန်ထိ သူအထင် ကြီးတာကိုလည်း နွယ်မကြိုက်ပေ၊

"နွယ် စဉ်းစားတာက မေညိုစိမ့်ကိုတော့ သူဘယ်လို သဘောထားလဲဆိုတာပဲ မယဉ်"

"အဲဒီ ကိစ္စနဲ့ပတ်သက်ပြီး ခေါက်တာက ဘာပြောလဲ မယဉ်"

"သူကတော့ သူနဲ့ မေညိုစိမ့်ဟာ အစကတည်းက မဆိုင်ဘူးတဲ့"

"မေ့အကြောင်းကို မင်းသိပါတယ် နွယ်" သူက ထိုသို့ ပြောခဲ့၏။ တကယ်တမ်း ပြန်စဉ်းစားကြည့်တော့ မေညိုစိမ့်သာ သူ့ကိုလက်ခံချင်လျှင် ဟိုအရင် သူချစ်ခွင့်ပန်ကတည်းက လက်ခံခဲ့မည်ဖြစ်၏။ နွယ့်ဆီရောက်မှတော့ မေညိုစိမ့်သည် နာမည်ဖျက်ခံကာ လက်ခံမည်မဟုတ်။

"ဒါလည်း ဖြစ်နိုင်တာပဲ နွယ်၊ တစ်ဖက်မိန်းကလေးက သာ အပိုင်ချည်ထားရင် နွယ်ဘယ်လိုပဲ လုပ်လုပ် ခေါက်တာနွယ့်ဆီပြန်လာစရာအကြောင်းမရှိဘူး"

မယဉ်ကပါ ဝိုင်း၍စဉ်းစားပေးလေ၏။

"သူက နွယ့်ကို မချစ်ခဲ့ဘူးလို့ ပြောခဲ့တာကော မယဉ်"

"အော် နွယ်ရယ် သူတို့ဟာ သူတို့ဘာသာ ဘယ်လို မိန်းမတွေကိုချစ်တယ်ဆိုတာတောင် သိတာမဟုတ်ပါဘူး။ နွယ်လိုချောမောလှပတဲ့ မိန်းကလေးကို ဘယ်ယောကျ်ားမချစ်ပဲနေမလဲ"

"ခုချိန်ထိတော့ သူ နွယ့်ကိုချစ်တယ်လို့ မပြောသေးဘူး မယဉ်"

အဓိက သူမ လိုချင်တာ သူ၏အချစ်ဖြစ်သည်။ မေညိုစိမ့်ဆီရောက်နေတဲ့ သူ့အချစ်တွေ သူမပြန်ရဖို့ ဖြစ်၏။

"အဲဒီအတွက် မပူပါနဲ့ နွယ်၊ မယဉ်ပြောသလို သူ့ရှေ့မှာ ဓာနည်နဲ့သာ ဆက်တွဲပါ။ သူတစ်နေ့ ပေါက်ကွဲပြီး နွယ့်ကိုချစ်တယ်ဆိုတဲ့ စကားပြောလာမှာပဲ"

"နွယ်ကတော့မထင်ဘူး မယဉ်၊ သူချစ်တာမေညိုစိမ့်ကိုပဲ"

သူနှင့် မေညိုစိမ့်သည် ငယ်သံယောဇဉ်ကြီးသူများ ဖြစ်၏။ ထိုခိုင်မြဲသော သံယောဇဉ်ကို ဘယ်လိုမှ ဖြတ်နိုင်မည်မဟုတ်ပေ။

"ဒါက အချိန်ပေါ် မူတည်ပါတယ် နွယ်၊ ယောကျ်ားတစ်ယောက်ဟာ မိန်းမတစ်ယောက်ကို လက်ထပ်ကာ အချစ်မပါပဲနဲ့ တော့ ဖြစ်မှာမဟုတ်ပါဘူး။ ဘာကြောင့်လဲဆို~~ထောရာအချစ်~~တို့မှာ ရွေးချယ်ခွင့်တွေရှိနေတာပဲလေ"

တစ်ဖက်က မယဉ်ပြောတာလည်း မှန်၏။ အစကတည်းက သူသည် မေညိုစိမ့်ကို ရွေးချယ်ခွင့်ရှိပါလျက် သူမကို ဘာကြောင့်လက်ထပ်ခဲ့သလဲ။

လူကြီးတွေကြောင့်ဟုဆိုလျှင် ဒါဟာ အကြောင်းပြချက် တစ်ခုပဲ။

"ဒီမှာ နွယ် သူက ချစ်တယ်လို့ ဖွင့်မပြောမချင်း အလျှော့မပေးနဲ့





လောကမှာ ကိုယ်လိုချင်တာကို နွယ် ရအောင် ယူတတ်ရမယ်"

"တကယ်လို့ သူကချစ်တယ်ပြောခဲ့ရင်ကော မယဉ်"

"အမယ်လေး နွယ်ရယ် ဒါမေးစရာလား ဘာလဲ ချစ်တယ်လို့ပြောလာတဲ့ ဒေါက်တာကို နွယ်ကနှင်ထုတ်ဦးမှာလား"

"အို မယဉ်ကလည်း . . ."

နွယ်ရှက်မျက်စောင်းထိုးတော့ မယဉ်ပြုံး၏။ ကိုယ်လက်ထပ်ထားတဲ့ ယောကျ်ားတစ်ယောက်ရဲ့ အချစ်ကို ပြန်ရဖို့ကြိုးစား နေရတဲ့ နွယ်ဟာ သနားစရာ မိန်းကလေးတစ်ယောက်ပါလား။

ဖ ဖ ဖ

☆☆☆

"ဟင် ဒါကဘာလဲ"

သည်မနက် သူမအိပ်ရာမှ နိုးတာနှင့် အခန်းဝတွင် ပန်းစည်းကြီးကိုင်လျက် သူ့ကိုတွေ့ရတာကြောင့် အံ့သြစွာမေးမိ၏။

"မင်းအတွက် ပန်းလေနွယ်"

"ဘယ်သူပို့တာလဲ ဒေါက်တာ"

စိတ်ထဲမှာ ဇာနည်လာပို့ခဲ့တယ်ထင်ကာ မေးမိ၏။ သူ့မျက်နှာပျက်ကာ

"ဘယ်သူလာပို့ရမှာလဲ ကိုယ်ပေးတာကွ"

"ဟင်"

သူ့စကားကြောင့် သူမအကြီးအကျယ် အံ့သြသွားရ၏။ သူက သူမကို ပန်းစည်းပေးတာတဲ့။ သူမရုတ်တရက် မယုံသေးဘဲ သူ့ကို နားမလည်သလိုကြည့်၏။

"နေပါဦး ဒေါက်တာကို ကျွန်မပန်းစည်းလိုချင်တယ်လို့ တစ်ခါမှ





မပြောမိပါလား"

အသားဖြူသော်သူမို့ မျက်နှာရဲသွား၏။ တကယ်တော့ ဒီလို လုပ်ဖို့သူအတော်စဉ်းစားခဲ့ရတာပဲ။ သည်ရက်ပိုင်းမှာ သူ့မျက်စိထဲ နွယ်ကပိုမိုလှပလာတယ်ဟုထင်၏။ ထို့ကြောင့် ဟိုချာတိတ် ပန်းလာမပေးမီ သူအရင်ဦးထားခြင်းဖြစ်၏။ သူမအပြောကို သူခပ်တည်တည်ပင်။

"အေး မင်းမပြောခင် ကိုယ်ပေးတာပဲ၊ ငါ ဒီပန်းမပေးရင် မင်း ဟိုချာတိတ်ပေးတဲ့ပန်းကို ယူမှာမဟုတ်လား နွယ်"

အလို ဇာနည်ပန်းပေးတာကို သူမနာလိုဖြစ်နေတာပါလား။ စိတ်ထဲက သူမကြိတ်ပြုံးလိုက်၏။ ယခုတော့ ချာတိတ်တစ်ယောက်နှင့်ပြိုင်ကာသူပန်းလုပေးနေတဲ့အဖြစ်။

သူမ ပခုံးလေးတွန့်ကာ . . .

"ဒါကတော့ ကျွန်မ့သဘောပေါက်ပါတယ် ဒေါက်တာ"

"ဒီမှာ မင်း အဲဒီချာတိတ်နဲ့ အဆက်အသွယ်ဖြတ်တော့ နွယ်"

အမိန့်လို ပြောလာတာကြောင့် လှပသော သူမမျက်ခုံးလေး တွန့်သွားရ၏။

"ဒေါက်တာမှာ ကျွန်မကို တားပိုင်ခွင့်မရှိဘူးထင်တယ်"

"ငါ့ကိုအရွဲ့ဆက်မတိုက်နဲ့နွယ်၊ မင်းလုပ်ရပ်တွေကို ငါဒီထက် ပိုပြီး သည်းမခံနိုင်တော့ဘူး"

ပြောရင်း သူ့မျက်နှာကြီးတင်းမာလာ၏။ သူမက နည်းနည်းလေးမှ အရေးစိုက်ဟန်မပြပေ။

"ဒီတော့ ဒေါက်တာ ဘာလုပ်ချင်ပါသလဲ၊ ကျွန်မတို့ ကွာရှင်း

ကြမလား"

"ဘာ ဘာပြောတယ် ကွာရှင်းမယ်ဟုတ်လား နွယ်"

သူ့ဘက်မှ အလျော့ပေးဖို့ဆုံးဖြတ်ထားချိန်ရောက်မှ သူမဒီလို ပြောလာတော မျက်စိ မျက်နှာပျက်ရ၏။

"ကျွန်မတို့ သဘောချင်းမတိုက်ဆိုင်ရင် ကွာရှင်းဖို့ သဘောတူထားတာမဟုတ်လား ဒေါက်တာ"

"အေး အခု ငါ့ဘက်က အဲဒီစည်းကမ်းကို ဖြင်လိုက်ပြီနွယ် ကွာရှင်းတယ်ဆိုတာ တို့နှစ်ယောက်တည်းနဲ့ပြီးတဲ့ ကိစ္စမဟုတ်ဘူး နွယ် လူကြီးမိဘတွေက ဒါမျိုးလုံးဝလက်ခံမှာ မဟုတ်ဘူးကွ"

သည်ကိစ္စကို သူယခုမှသိလားဟု သူမမေးလိုက်ချင်၏။ မေညို စိမ့်တုန်းက လူကြီးတွေဆိုတာ သူထည့်တွေးခဲ့လို့လား"

"ဒီလိုဆိုရင်၊ ကျွန်မ ကိစ္စမှာ ဒေါက်တာ ဝင်မပါပါနဲ့"

"ဟင်"

သူနှင့် သူမတစ်ယောက်ကိုတစ်ယောက်စိုက်ကြည့်မိ၏။ သူ့မျက်နှာမှာ သိသာစွာနီရဲလာသည်။

သူမအကြည့်လွှဲကာ နေရာမှအထ . . .

"နေဦး ဒီပန်းကို မင်း မယူဘူးလား"

"အော် မိဘုတ်ရေ၊ ဒီပန်းစည်းကို ဘုရားပန်းလဲလိုက်ပါကွာ"

အိမ်မှာခိုင်းသည့် ကောင်မလေးကိုပြောပြီး သူမထွက်လာခဲ့၏။ မိဘုတ်ကတာဝန်ကျေစွာ ဒေါက်တာစောဘုန်းဖြူလက်ထဲမှ ပန်းကို ယူကာ ဘုရားပန်းလဲလေ၏။





"ဟင်း" ခနဲ သက်ပြင်းချကာ ဒေါက်တာ စောဘုန်းဖြူဝင့်ဆိုတာလည်းတတ်ပါလား။ နွယ် တစ်ယောက်သူ့အပေါ် ဂရုစိုက်တုန်းကတော့ လုံးဝအရေးမထားခဲ့။

ယခုတော့ နွယ်သည် သူ့ကို နည်းနည်းလေးမှ ဂရုမစိုက်ကာမှ ထိုအကြင်နာတွေကိုပြန်လိုချင်ရမိ၏။

နွယ်ကတော့ ရေချိုးပြီး။ အေးအေးဆေးဆေး အလှပြင်၏။ စိတ်ရှည်စွာ အချိန်ယူပြီး တစ်စိတ်ခြင်းပြင်တာကြောင့် ပြီးဆုံးသော အခါ လူမှားလောက်အောင် နွယ်လှနေသည်။ ကျောလယ်ရှိ ရွှေညို ရောင်ဆံပင်လေးများကို အဖျားတွင် ရေလှိုင်းကြီးကောက်လုပ်ထားသဖြင့် ဆံပင်ပုံစံက အစပန်းပွင့်လေးလို။

နွယ်ခန္ဓာကိုယ်က အဆီမရှိ ချပ်ရပ်ကာအရိုးကျနေတာကြောင့် ဘာအဝတ်အစားပဲဝတ်ပါစေ လိုက်ဖက်တင့်တယ်၏။

ယခုလည်း ဖြူနုသောအသားမှာ ချယ်ရီရောင်ဝတ်စုံလေးဝတ်လိုက်သည်။ နှုတ်ခမ်းက အစချယ်ရီရောင်မို့ ပန်းနုရောင်ပွင့်ဖက် လေးလိုနုသစ်လန်းဆန်းနေသည်။

"ဒါ ဘယ်လဲ နွယ်"

စက်ဘုမိတ်လည်သာနီညိုရောင်အိတ်ယူကာ အောက်ထပ်ဆင်းလာသည့် သူမကို သူ ခပ်စူးစူးကြည့်ရင်းမေး၏။

"အော ဒေါက်တာ အလုပ်မသွားသေးပါလား၊ ကျွန်မ အပြင်သွားမလို့လေ။

သာမန်ပုံစံဖြင့် သူမကအေးအေးဆေးဆေးပြောလိုက်၏။ သို့



Book Sharing

Scanned by CamScanner

သော် သိပ်လှနေသော သူမကိုကြည့်ကာ စိုးရိမ်စိတ်တွေဝင်လာတာက ဒေါက်တာ စောဘုန်းဖြူ . . .

"နေပါဦး မင်းက ဘာကိစ္စ အပြင်ကိုနေ့တိုင်းထွက်နေရတာလဲ နှယ်"

"အို ကျွန်မ အိမ်ထဲမှာ တစ်ယောက်တည်း ပျင်းပြီး မနေနိုင်ဘူး ဒေါက်တာ"

"ဘာကွာ မင်းဟာ အိမ်ရှင်မ တစ်ယောက်ဆိုတာ မေ့နေသလား နှယ်၊ အနည်းဆုံး အိမ်မှုကိစ္စတွေ စီမံပါလား"

ယခင်အချိန်တွေတုန်းကတော့ သူပြောစရာမလိုအောင် အိမ်ရှင်မပီသအောင် နှယ်နေခဲ့၏။

ယခုသူက ထိုပုံစံပြန်ဖြစ်စေချင်သည်တဲ့။ သူမ၏လှပသော နှုတ်ခမ်းလေးမဲ့ခနဲပြုံးလိုက်၏။

"ကျွန်မက အိမ်ရှင်မ ဟုတ်လား ဒေါက်တာ . . . ကျွန်မက ဘယ်သူ့ရဲ့ အိမ်ရှင်မလဲဟင်"

"ဟင် မင်း မင်း . . ."

ထိုစဉ် အိမ်ရှေ့မှ ဇာနည်၏ ကားဟွန်းသံပေါ်လာသည်။ ဒေါသထွက်နေသောသူကို သူမ ဖျတ်ခနဲပြုံးကြည့်သည်။ ထို့နောက် . . .

"ကဲ ကျွန်မ သွားလိုက်ဦးမယ် ဒေါက်တာ"

သူဘာမှ မပြောနိုင်ခင် သူမကိုနေရာကလှစ်ခနဲထွက်ခဲ့၏။ သူကိုအရွဲ့တိုက်ပြီး သူမကားကိုပင် မယူတော့။ ဇာနည်ကားနှင့် လိုက်ခဲ့သည်။

ဇာနည်ကတော့ သူမနှင့် ယခုလို အတူတွဲကားစီးရတာကို ကျေ





နပ်မဆုံး။ သူမထံမှလတ်ဆတ်ဖျော့တော့သော ရေမွှေးနံ့သည် ဇာနည် စိတ်ကို ကြည်စေ၏။

"ဒီနေ့ မမ သိပ်လှတာပဲဗျာ"

"ဟုတ်လား"

သူမအပြုံးလေးဖြင့် ဇာနည်ကို အသာငဲ့ကြည့်သည်။ ဇာနည်ကိုယ်တိုင် ခေတ်မီအဝတ်အစားများဖြင့် ချောမောနေ၏။

"တကယ်ပြောတာ မမ၊ ပြောပါဦး မမရယ် ဒီနေ့ဘာကြောင့် သိပ်လှနေရတာလဲဟင်"

"အဟင်း၊ ဇာနည်နဲ့လျှောက်လည်ရမှာမို့လေ"

"ဟာ တကယ် . . ."

ဇာနည်တို့ ပျော်သွားပုံ ပြောစရာမရှိ သည်လိုလှပတဲ့ မမနဲ့ ခင်မင်ရင်းနှီးမှုရတာ ဇာနည်အတွက် ကံကောင်းလို့ပင်။

ကားမောင်းရင်း သူမမျက်နှာကိုဇာနည်မကြာခဏလှည့်ကြည့်ရတာအမော။ နှယ်ကတော့ သူမထွက်လာစဉ် မျက်နှာကြီး နီရဲကာကျန်ခဲ့သော ဒေါက်တာ စောဘုန်းဖြူကို သတိရတိုင်းစိတ်ထဲမှ ကျေနပ်မဆုံးပေ၏။

"ဟေး ချာတိတ်၊ ကားကိုလည်းကောင်းကောင်း မောင်းဦးကွ"

"အဟား ပိုင်ပါတယ် မမရဲ့၊ ဒီအချိန်မှာ ကျွန်တော်ကလေ ပိုပြီးတောင်မသေချင်သေးပါဘူးဗျာ၊ ဘာကြောင့်လဲသိလား ဟော့ ဒီက သိပ်လှတဲ့ မမအနားမှာရှိလို့"

"ဟင်"



Scanned by CamScanner

သူမမျက်စောင်းထိုးတော့ ဓာနည်လွှတ်လပ်ပေါ့ပါးစွာရယ်၏။ ဓာနည်နှင့်အတူ သူမပါ လိုက်ပြုံးသည်။ တကယ်တော့ ဓာနည်နဲ့ ခင်ရတာ သူမအတွက်စိတ်တစ်မျိုးပျော်စရာကောင်း၏။

"ဒါနဲ့ မမ၊ မမ အစ်ကိုကြီးကိုဘာပြောခဲ့လဲ"

ဒေါက်တာ စောဘုန်းဖြိုးကို သူမ၏အစ်ကိုတစ်ယောက်ဟုသာ ဓာနည်နားလည်ထား၏။ ဓာနည်ထိုသို့မေးတော့ သူမရယ်ချင်သွားသည်။

"ဒေါသဖြစ်ပြီး ကျန်ခဲ့လေရဲ့"

"အဟဲ ဟုတ်မှာပဲ ညီမက သူချစ်သူနဲ့ ထွက်သွားတာကိုး"

"ဘယ် . . . ဘယ်သူ ချစ်သူ"

မျက်နှာလေးတည်ကာ သူမ မေးတော့ ဓာနည်ဆတ်ခနဲပခုံးတွန့်၏။

"ဆော်ရီး ကျွန်တော်နဲ့ မမ ထွက်သွားတာ အစ်ကိုကြီးဒေါသဖြစ်မှာပေါ့ ပြောတာပါ"

"ဟင်း မင်းနော် . . ."

"ဒါနဲ့ မမရဲ့ အစ်ကိုကြီးက ခန့်ချောကြီးပဲနော် . . .သူ ခု ချိန်ထိ မိန်းမ၊ မယူသေးဘူးလားဗျ"

"အို သူလိုလူ ဘယ်မိန်းမကယူမှာလဲ ဓာနည်၊ အလကားနေ ဒေါသကြီးနေတဲ့ လူမျိုးကို"

သူ့ကို ဒီလိုပြောလိုက်ရသဖြင့် သူမအားရမိသည်။ သူသာ သူမတို့ပြောနေတာတွေကြားလိုက်ရင်ဘယ်လောက်ဒေါသထွက်မလဲ"





"ဟာ ဒါတော့ ဟုတ်တယ် ကျွန်တော့်ကိုတောင် မျက်မှောင်ကြီးကုပ်ကြည့်တာ . . .ဒါမျိုး မိန်းကလေးတွေ သွားကြည့်ရင် လန့်ပြေးပြီပေါ့ မမ ဟား ဟား"

"အဟင်း ဟင်း ဟုတ်တယ် ဟုတ်တယ် ဓာနည်"

နှစ်ယောက်သား သဘောကျစွာရယ်မိသည်။ သူတို့ရယ်သံက လေထဲလွှင့်ပါလို့ တကယ်လို့ ဒေါက်တာစောဘုန်းဖြိုးဟာ သူမရဲ့ ခင်ပွန်းဆိုတာသာ ဓာနည်သိရင် ဒီလိုရယ်နိုင်ပါ့ဦးမလား။



Scanned by CamScanner

☆ ☆ ☆

သည်တစ်ကြိမ်နဲ့ဆို သူဒီမှာ လမ်းလျှောက်နေတာ ဘယ်နှစ်ခေါက်မြောက်မှန်းမသိတော့။ လည်ပင်းကိုဆန့်ကာ အိမ်ရှေ့သို့ မကြာခဏကြည့်ရတာလည်းအမော။

ကြည့်စမ်း ဒီအချိန်ထိ သူမပြန်မလာသေးတာ ဘာသဘောလဲ ဟိုချာတိတ်နဲ့ ဘယ်တွေသွားနေတာလဲ စိုးရိမ်ပူအောင်စိတ်တွေက သူ့ရင်ထဲ အလိုလိုဝင်လာ၏။

စောဘုန်းမြို့ . . .

မင်း နွယ်အတွက် တကယ်ပဲစိုးရိမ်တတ်လာပြီးကိုး ဒါဆို နွယ်ကို မင်းချစ်နေမိပြီပေါ့။ သူ၏ လုပ်ရပ်တွေကိုပြန်လည်သုံးသပ်ရင်း သူ့ စိတ်ကို သူပြန်မေးမိလိုက်ခြင်း . . .။

သေချာတာပေါ့ သူ နွယ့်ကို ချစ်နေတာ အရင်က အလုပ်ပြီးလည်း အိမ်မပြန်သောသူသည် ယခုတော့ ရုံးဆင်းပြီးတာနှင့် အိမ်သို့





တန်းပြန်လာ၏။ သူမမျက်နှာကိုတွေ့ချင်လို့ပေ . . .

သို့သော် သူကသာအိမ်ပြန်လာခဲ့ရတာ၊ သူမက အိမ်မှာရှိမနေပါ။ ထို့အတွက်သူ သက်မမောချရတာ မကြာခဏ။

ယခုလည်း မနက်ကထဲကထွက်သွားသော နွယ်နောက် သူ ကလေးကလားဆန်စွာ နောက်ယောင်ခံလိုက်မိ၏။

ဟိုချာတိတ်နဲ့ သူမဘယ်တွေသွားလဲဆိုတာ သိရအောင်လေ၊ သူက နွယ်နှင့်ဇာနည်သည် ရပ်ကွက်တစ်ခုရှိ အိမ်လေးတစ်လုံးဆီသို့လည်းကောင်း၊ ဒါမှ မဟုတ် ချောင်ကျတဲ့ တိုက်ခန်းတစ်ခုခုသွားမည် ထင်ခဲ့ပေမယ့် . . .

တကယ်တမ်းမှာ သူ့အထင်အလွန်လွဲသွား၏။ ကြည့်ဦးလေ နွယ်နှင့် ဇာနည်သွားတာက စင်တာတွေ တစ်ခုပြီးတစ်ခု ပစ္စည်းတွေ လျှောက်ကြည့်ဝယ်ကြသည်။

ထို့နောက် မုန့်စားလိုက်ကြ စင်တာပြန်ကြည့်လိုက်ကြနှင့် မသိမသာ နောက်မှ လိုက်ခဲ့သောသူပင် သူမတို့အစားခြေညောင်းနေပြီ။

ဈေးဝယ်ချင်တာတွေ ဆုံးတော့သွားတာက မြကျွန်းသာတဲ့၊ ဟတ်ပီးဝေါလ်တဲ့၊ ကလေးတွေလို နှစ်ယောက်သား မိုးပျံရထားစီး၊ တိုက်ကားတွေစီးကြ၊ သရဲရထားပင် စီးလိုက်ကြသေး၏။

ဟူး . . . သူမှာတော့ နွယ်ဒီလောက်ပြင်ဆင်တာ ရိုန်းတွေ့ကြတာလားလို့ ယခုမှ သူမတို့နားကစွာ၍ သူပြန်ခဲ့ခြင်းပါ။

နွယ်တို့ကိုမကြာခင် ရောက်လာမည်ထင်ကာစောင့်ရင်း တဖြည်းဖြည်းနောက်ကျလာတော့ဒေါသဖြစ်လာရ၏။



Scanned by CamScanner

"ဟော သား တစ်ယောက်တည်းလားကွယ်"

"ဟင် အန်ကယ်နဲ့ အန်တီ"

မမျှော်လင့်ပဲနွယ့်မိဘတွေ အိမ်လာကြတာမို့ သူ အံ့ညြသွားသည်။

"သမီးကော သား"

"ဗျာ ဟို . . .သူ"

သူအဖြေရခက်စဉ် သူမ မာမီက . . .

"ဘာလဲ ဒီအချိန် အပြင်သွားနေတာလား သား"

"ဟာ မ . . . မဟုတ်ပါဘူး အန်တီ စောစောကမှ တိတ်ခွေငှားချင်တယ်ဆိုပြီးထွက်"

"ဟော့ ဒီအချိန် သမီးကိုတစ်ယောက်တည်း လွှတ်ရသလား သားရဲ့ မင်းလိုက်မသွားဘူးလား"

"ဗျာ . . ."

အလိုလိုနေရင်း အဖြေမတတ်တော့ဘူး အပြစ်ဖြစ်နေရ၏။ လူကြီးတွေဘက်မှကြည့်တော့လည်း ဟုတ်တာပဲ။

သည်လိုမှောင်တဲ့အချိန်မှာ သူမကိုတစ်ယောက်တည်းလွှတ် တာ သူ့အပြစ်ပဲ။

"တော်သေးတယ် အဖေကြီးရေ၊ ကျွန်မတို့ ဘုရားက အပြန် လှည့်ဝင်လာလို့"

"အင်း ဒီခေတ်လူငယ်တွေ မပူမပင်တတ်တာ ခက်တယ်"

ကဲ သား စုပဲ သမီးနောက်လိုက်သွားပေါ့ ချေ။





"ဗျာ ဟုတ် ဟုတ်ကဲ့ အန်ကယ်"

ယောကျ်ားကြီးက သူ့ကို အလိုမကျဟန်ကြည့်ပြီး စပ်မာမာ အမိန့်ပေး၏။ ဒါမှတကယ့်ပြဿနာ သူက နွယ့်ကို ဘယ်လိုက်ခေါ် ရမှာလဲ၊ ထိုကြောင့် စဉ်းစားနေစဉ်။

"ဟော့ မောင်ဘုန်းမြူ ဘာလုပ်နေတာလဲကွယ်၊ သမီး အိမ်ကိုမ လာတာကြာလို့ ငါတို့ဝင်လာတာ၊

မင်းက အလုပ်အားတဲ့အချိန် သမီးကို နည်းနည်းပါးပါး ဂရုစိုက် ပြီး အိမ်ကိုလိုက်ပို့မှပေါ့ကွယ် . . ."

သူနဲ့ နွယ်အဆင်မပြေဖြစ်တာ လူကြီးမိဘတွေကို လစ်လျူ ရှုသလို ဖြစ်ခဲ့၏။ ယခုတော့ လူကြီးတွေ ဒေါသဖြစ်နေကြပြီ။

"ဆို ကျွန်တော်ကလည်း နွယ်ရောက်တယ်ထင်လို့"

"ဘယ်နှယ့် ရောက်ရမှာလဲ မင်းကို ပြုစုနေရတာနဲ့ တို့သမီး မရောက်တာကြာပြီကွယ်"

အိမ်ရှင်မတစ်ယောက်ရဲ့ ဝတ္တရား ဘယ်လောက်များပြားတယ် ဆိုတာ မင်းတို့ ယောကျ်ားတွေ မသိသေးပါဘူးကွယ်"

ယောကျ်ားမကြီးပြောစကားကြားရတော့ သူအော်သာရယ်လိုက် ချင်၏။ အပြင်ကိုနေ့တိုင်းထွက်နေတဲ့ အိမ်ရှင်မတစ်ယောက်ရဲ့ ဝတ္တရား ကို သူ ဘယ်လိုပြောရမလဲ။

ထိုစဉ်

"ဟော နွယ်"

မြို့ထဲသို့အထုတ်ကြီး၊ အထုပ်ငယ်ဆွဲကာ ဝင်လာသောသူမကို



Scanned by CamScanner

မြင်ရတော့ သူ ဝမ်းသာသွားသည်။ ထို့ကြောင့် ဘာမှမစဉ်းစားနိုင်ပဲ သူမဆီပြေးသွားကြို့မိ၏။

"နွယ်ကလဲ မိုးချုပ်လိုက်တာကွာ၊ အကျီတွေ ရွေးလာတာလား။ ပေး . .ပေး . .သယ်ပေးမယ်"

"အို ဘာတွေပြောနေတာလဲ"

လမ်းမှာ စာနည်ကားပျက်သွားတာမို့ နွယ်ဆက်မစောင့်ပဲ လမ်းလျှောက်ပြန်ခဲ့ခြင်းဖြစ်သည်။ လူက မောလာရတဲ့အထဲ အိမ်ရောက်တော့ ဒေါက်တာအုကြောင်ကြောင်လာလုပ်နေ၍ နွယ်ဒေါသလေးဖြစ်ချင်သွားရ၏။

သူမဒေါသဖြစ်နေသလောက်သူက အပြုံးမပျက်၊ နွယ့်နားကပ်ကာ

"တိတ်တိတ်နေနွယ်၊ အိမ်မှာ မင်းမိဘတွေ ရောက်နေတယ်ကွ"

"ဟင် ဒယ်ဒီတို့"

"ဟုတ်တယ် ဘုရားက အပြန်ဝင်လာတာတဲ့ နွယ်ကို မေးလို့ တိတ်ခွေသွားငှားတယ်ပြောလို့ စုပဲ လိုက်ခေါ်ခိုင်းနေတယ်"

"အို . . ."

ယခုမှပဲ မိဘတွေကို သတိရကာ ပျာမလန်သွားရ၏။ သည်လူနဲ့ အဆင်မပြေတာမို့ ထင်သလိုနေခဲ့မိ၍ မိဘတွေ အိမ်သို့ပင် မသွားခဲ့ပေ။

"အော် ဒေါ်နွယ်ဝတီ ပြန်လာပြီကို"

"မာမီ"





အိမ်ပေါက်ဝမှာ ခါးထောက်လျက် စောင့်ကြိုနေသော မာမီကို တွေ့ရတော့ သူမမျက်နှာငယ်လေးဖြစ်သွား၏။

"ဘာမာမီလဲဟင် နေပါဦး ရပ်ကွက်ထဲ တိတ်ခွေသွားငှားတာ ဒီလောက်ပဲကြာသလား၊ လက်ထဲကဘာထုတ်တွေလဲ"

"တစ်ဦးတည်းသောသမီးပေမယ့် အပျိုဘဝကထဲက ဒီလို စည်းကမ်းမဲ့သွားလာတာမျိုး မိဘတွေ လုံးဝခွင့်မပြုပေ။

"ဟို သ သမီး အဝတ်အစားတွေ ရွေးလာတာပါ မာမီ"

"ငါကို ကြည့်ညာစမ်းနွယ်ဝတီ၊ မျက်နှာမိတ်ကပ်နဲ့ ပိုက်ဆံအိတ်နဲ့ ဒီပုံလား စက်ချုပ်ဆိုင်က ပြန်လာတာ

ညည်း သားကအလိုလိုက်တိုင်း စည်းကမ်းမဲ့နေတယ်ပေါ့လေ ဟုတ်လား"

မာမီစကားကြောင့် သူမျက်နှာကို ဆတ်ခနဲ သူမကြည့်မိ၏။ သူကတော့ ဒီတစ်ခါလောက်ယောက္ခမကြီးကို ကျေးဇူးတင်တာမရှိ ဒါ သူမကိုပြောချင်နေတဲ့ သူရင်ထဲက စကားတွေသာ။

"ဟို မာမီ သမီး"

"တော်စမ်း နွယ်ဝတီ၊ ဒီလို မိုးချုပ်မှ အိမ်ပြန်လာတာ၊ အိမ်ရှင်မ တစ်ယောက်အလုပ်လားဟင်

ညည်း ဒီလိုတွေ စည်းကမ်းပျက်နေတာ ဘယ်လောက်ကြာပြီလဲ"

သူကို ကူပြောပေးမလားကြည့်မိပါသည်။ အမယ် ကိုယ်တော်ချောက မသိချင်ယောင်ဆောင်ကာ မျက်နှာတစ်ဖက်လွှဲလို့။



Book Sharing

Scanned by CamScanner

"သမီး ပြောပါရစေဦး မာမီ"

"ဟုတ်ပါတယ် အမေကြီးရယ်။ သမီးကို ပြောခွင့်ပြုလိုက်ပါဦး"

ဒယ်ဒီက သူမဘက်မှဝင်ပြော၏။ သည်တော့မှ မာမီမျက်စောင်းလျော့သည်။

"ကဲ ဘာပြောမှာလဲ"

"အင်း မာမီကလဲ၊ သမီးလေ မာမီပြောသလို၊ အိမ်ရှင်မဝတ္တရားနဲ့အညီ နေပါတယ် . . .

မယုံရင် မောင့်ကို မေးကြည့်ပါလား မောင် ဟုတ်တယ်နော်"

နှယ်တို့လည်ပုံ၊ သူ့နားကပ်ထိုင်ကာအပြုံးဖြင့် လာမေး၏။

"ဗျာ အင်း"

"အဟင်း မောင်က နေ့တိုင်းလိုလို ဂျူတီရှိနေတော့ နှယ် တစ်ယောက်တည်း အိမ်မှာသိပ်ပျင်းတာ မာမိရဲ့ ဒါနဲ့ဒီနေ့တော့ နှယ်သူငယ်ချင်းလာခေါ်တာနဲ့ အပြင်ထွက်လည်ရင်း၊ ဈေးဝယ်မိတာပါ မာမီ"

သူကတော့ သူမကို မျက်မှောင်တွန့်ကာ ကြည့်မိ၏။

"နှယ် သူငယ်ချင်းက ဘယ်သူဆိုတာ မာမီကို ပြောလိုက်ဦးလေ"

သူဝင်ပြောတော့ သူမမျက်စောင်းလေးဖျတ်ခနဲထိုးပြီးမှ . . .

"မောင်ကလည်း ကျောင်းကသူငယ်ချင်းတွေ မာမီဘယ်သိမှာလဲလို့ . . .

အဟင်း ဘာမှမပူပါနဲ့ မာမိရယ် မာမီသမီးက လိမ္မာပါတယ်"





"အေး နောက်တစ်ခါ ဒီလို မိုးချုပ်အပြင်ထွက်တာတွေ မာမီမကြိုက်ဘူး သမီး၊ ကိုယ်က မိန်းကလေး အစစအရာရာ သတိထားရမယ်"

ယောက္ခမကြီးက သူ့ကိုယ်စား ဝင်ဆုံးမပေးနေတာမို့ ကျေးဇူးတင်မဆုံးပင်။

သူမ မျက်နှာငယ်လေးဖြင့် . . .

"ဟုတ်ကဲ့ နောက်ဒီလို မလုပ်တော့ပါဘူး မာမီ"

ဟု ကတိပေးလိုက်ရ၏။ သူ့ကိုကြည့်လိုက်တော့ ဝမ်းသာအားရပြုံးလို့။

"သားကလည်း သမီးကို အချိန်ပေး ဂရုစိုက်၊ မာမီတို့က ခဏခဏရောက်နိုင်တာ မဟုတ်ဘူးကွယ်၊ သမီး အမှားရှိရင် မာမီတို့ဆီသာ လှမ်းတိုင်"

"စိတ်ချပါ မာမီ"

ထိုစကားကို သူသွက်သွက်ကြီးပြောတော့ သူမမျက်စောင်း ပြင်းပြင်းကြီးထိုးလိုက်တာကို မသိချင်ယောင်ဆောင်နေမိလေ၏။

ꩻꩻꩻ



Scanned by CamScanner

☆ ☆ ☆

"ရှင် ရှင် မာမီတို့ကို တမင်ခေါ်လိုက်တာမဟုတ်လားဟင်"

"ဘာကွ"

မာမီတို့ ပြန်သွားချိန်တွင် သူမက သူ့ကို ရန်လုပ်လေတော့၏။ သူကလည်း မိုးချုပ်မှပြန်ရောက်လာသော သူမကို ဒေါသဖြစ်နေတာမို့ ယခုလို မေးလာတော့ မျက်နှာကြီးတည်သွားသည်။

"ရှင့်ကြောင့် ကျွန်မ မာမီတို့ အဆူခံရတာ ဒေါက်တာ့"

"မင်း ထင်ရာတွေလျှောက်မပြောနဲ့ မင်းကြောင့်သာ ငါ ယောက္ခမတွေအဆူခံရတာကွ"

သူမရောက်မလာခင်အချိန်ထိ သူမှာ ယောက္ခမနှစ်ဦးကြား ဇေ စရာမရှိပေ။ ဒါကို သူမပြောင်းပြန်ပြောနေတာမဟုတ်လား။

"အို ကျွန်မက ရှင့်ကိုဘာလုပ်လို့ အဆူခံရမှာလဲ ရှင့်သာ ရှင် ဘာသာ စည်းဖောက်လို့ အဆူခံရတာနေမှာ"





"ဘာပြောလိုက်တယ်၊ ကိုယ်ကစည်းဖောက်တယ် ဟုတ်လား နွယ်"

"အင်း ဟုတ်တယ်လေ ရှင်နဲ့ မေတို့အကြောင်းကို လူတွေသိ"

"တော်စမ်းနွယ် မင်းက မင်းဖောက်ပြန်တိုင်း လူတွေကို မင်းလို ထင်နေလားဟင်၊ ငါဖောက်ပြန်ချင်မှတော့ ခုလို အိမ်မှာရှိမနေဘူးကွ၊ ပြောစမ်း ဒီအချိန်ထိ မင်းဟိုကောင်လေးနဲ့ဘယ်သွားနေတာလဲ"

အိမ်ဖော်တွေက အောက်ထပ်အိပ်တာမို့ အပေါ်ထပ်မှာ သူတို့ နှစ်ယောက်ပဲရှိတာ တိုက်ပွဲဖြစ်နေ၏။

သူက စိတ်မရှည်တော့တာမို့ သူမပခုံးလေးနှစ်ဖက်ကို ခပ်ကြမ်းကြမ်းလေးလှုပ်ကာမေးလိုက်သည်။

"အို ဖယ်ပါ ကျွန်မတို့ဘာသာ ဘယ်သွားသွား ရှင်နဲ့ မဆိုင်ပါဘူး"

"ဘာ မင်း မင်းဒီစကားမျိုးပဲ အမြဲပြောနေပါလားဟင်၊ ငါဟာ မင်းယောကျ်ားကွ ဆိုင်လား၊ မဆိုင်လားသိရအောင်"

"အို . . ."

အချိန်အတိုင်းအတာတစ်ခုအထိကြိတ်မှိတ်သည်းခံနေသမျှ ယခုတော့ သူစိတ်ကိုပေါက်ကွဲရပြီ။ သူမကိုယ်လေးကို မြောက်ခနဲ ပွေ့ချီလိုက်ကာ အခန်းထဲခေါ်ခဲ့၏။

"အို ဘာလုပ်တာလဲ လွှတ်"

"အဟွန်း ငါနဲ့ ဆိုင်ကြောင်းမင်းကိုပြမလို့လေ"

"ရှင်နော်"



Scanned by CamScanner

သူ့ဘက်ကတင်းမာလာတော့ သူမစိုးရိမ်စိတ်လေး ဝင်လာသည်။ သို့သော် သူမ၏နည့်သောအတွေ့အထိများက သူ့ကို ဘယ်လိုမှ ထိန်းချုပ်မရတော့။ ရင်ခုန်သံများဆူညံသွားစဉ် မီးပျက်ကာ တစ်ခန်းလုံး မှောင်မိုက်သွားတော့၏။ မှောင်ထဲမှာ တွန်းထိုး ရိုက်ခတ်သံများ ပေါ်လာပြီး မကြာခင် တိတ်ဆိတ်သွားလျက် ရှိုက်သံသဲ့သဲ့သာကြား ရတော့သည်။

"နွယ် မငိုပါနဲ့နွယ်ရယ် နွယ့်ကို မောင်ချစ်တယ်"

"အို"

သည်စကားကို သူမများစွာမျှော်လင့်ခဲ့ပေမယ့် ယခုအချိန်မှာ မကြားချင်တော့သလိုပါပဲ။ သူတမင်သူမကို အနိုင်ကျင့်တာ၊ ငိုရှိုက်ရင်း အိပ်ပျော်သွားသော သူမ အိပ်မက်၊ မက်နေ၏။

အိပ်မက်ထဲမှာ ဇာနည်ကသူမကိုလာခေါ်သည်။ သူမလိုက်သွားမယ်လုပ်တော့ ဒေါက်တာစောဘုန်းဖြူပေါ်လာကာ သူမလက်ကို ဆွဲသည်။

"မင်း လိုက်မသွားရဘူး နွယ်" တဲ့။

သူတို့နှစ်ယောက်ကြား သူမဘာလုပ်ရမှန်းမသိဖြစ်ကာ ပြေးထွက်ခဲ့၏။

"နွယ် နွယ်"

သူခေါ်သံကို အဝေးကြီးမှ ကြားရသလိုလို၊ နောက်တော့ တဖြည်းဖြည်းနီးလာသည်။

"နွယ် နွယ်"





"ဟင်"

အနီးကပ်ခေါ်သံကြောင့် သူမ အိပ်ယာမှနိုးလျက် မျက်လုံး ဖွင့်ကြည့်လိုက်တော့ ကြင်နာသောမျက်ဝန်းများဖြင့် သူမကိုငုံ့မိုး ကြည့်နေသည့်သူ။

ကြည့်စမ်း အခန်းထဲအလင်းရောင်ဝင်ကာ မိုးစင်စင်လင်းနေပါလား။

"အိပ်ရေးပျက်သွားလား နွယ်"

"အို . . ."

ယခုမှ ညကအဖြစ်အပျက်ကို သတိရလျက် သူမအိပ်ယာမှ ဘုံးခနဲထလိုက်မိ၏။

"ရေမြန်မြန်ချိုးလိုက်နွယ်၊ ကိုယ်တို့ ဒယ်ဒီနဲ့ မာမီ ကိုသွားကြို ရမယ်"

"ဘာ ဒယ်ဒီနဲ့ မာမီ"

"ဟုတ်တယ် နွယ် ဒီမနက်ပဲ သူတို့ လေယာဉ်နဲ့ ရောက်မယ်တဲ့"

"အို . . ."

"ပြီးတော့ ကိုယ်တို့ဆီမှာပဲတည်းမယ်တဲ့ နွယ်"

"ဟင် . . ."

စစ်တွေက ယောက္ခမတွေရောက်လာမည်ဆိုတာကြောင့် သူမမှာ သူ့ကို ရန်မတွေ့အားတော့၊ အိပ်ယာမှ အမြန်ထကာ ရေချိုးခန်း ပြေးဝင်မိ၏။

ရေချိုးပြီးတာနှင့် အိမ်ဖော်ကောင်မလေးတွေခေါ်ကာ အိမ်ကို



Scanned by CamScanner

ရှင်းလင်းနိုင်းသည်။

ယောကျ္ာမတွေအတွက်အခန်းကိုပြင်ဖို့စဉ်းစားတော့

"ဒယ်ဒီတို့အတွက် ကိုယ့်ဟိုဘက်ကအခန်းကိုပဲ စီစဉ်ထားတယ်နွယ်"

"ဟင် ဒါဆို ရှင်က"

"ကိုယ့် အခန်းက ဒီမှာလေ"

နွယ်တစ်ယောက်တည်းနေခဲ့သော မဂ်လာဦးအိပ်ခန်းကြီးကို လက်ညှိုးဖြင့်ထိုးကာပြုး၍ပြောခ၏။ သူမမျက်စောင်းထိုးကာ

"ဒါ ကျွန်မအခန်း . . ."

"အဟွန်း ဟုတ်လား"

"မမလေး ဒေါ်ထွေးက ဈေးသွားမှာ ဘာချက်ရမလဲတဲ့"

မိဘုတ်ရောက်လာကာ မေး၏။ ဒေါ်ထွေးဆိုတာ သူမတို့အိမ်ရဲ့ ထမင်းချက်ကြီး၊ အရင်က ဒေါ်ထွေးချက်ကျွေးသမျှစားပေမယ့် ယခု ယောကျ္ာမတွေလာမည်ဆိုတော့ သူမဟင်းအထူးစီစဉ်ရသည်။

"ဟို ပုဇွန်ထုပ်"

"ဟာ နွယ်ကလဲ ဒယ်ဒီတို့က အဲတာတွေ ဟိုမှာ စားနေရတာ တစ်ခြားဟင်းစီစဉ်ပါလား"

သူဝင်ပြောတော့ သူမတစ်ခြားဟာပြောင်းစဉ်းစားရ၏။ တကယ်တော့ အိမ်ရှင်မတစ်ယောက်လုပ်ရတာမလွယ်၊ ကိုယ်တိုင် ဝင်မလုပ်နိုင်တောင်မှအိမ်ထဲ၊ မီးဖိုထဲ စီမံကွပ်ကဲနိုင်မှလေ။

"ဆိတ်သားစင်းကောလုပ်တာပေါ့၊ ကျန်တာကို ဒေါ်ထွေး ဘာ





သာကြည့်စီစဉ်လိုက်လို့"

"ဟုတ်ကဲ့"

မိဘုတ်ထွက်သွားမှ သူမကိုယ် သူမ စပ်သွက်သွက်လေးအလှပြင်၏။

"မြန်မြန်လုပ်နွယ်၊ လေယာဉ်ချိန်နီးနေပြီ"

"နွယ် မာမီတို့က လေယာဉ်ကွင်းကြိုရောက်နေမှာတဲ့"

"အမယ်လေး စောစောစီးစီးက မပြောကြဘူး"

ဗီရိုဖွင့်ကာ အဝတ်အစားရွေးပေမယ့် တော်တော်နှင့်မတွေ့၊ များပြားလှသော အဝတ်အစားတွေရှိပေမယ့် ယောကျ္ာမတွေရှေ့မှာ ရိုးရိုးရှင်းရှင်းလေးဝတ်ချင်၏။

နောက်ဆုံးအဖြူဘက်များများပါသော ဝတ်စုံလေး ရွေးလိုက်သည်။

"ရှင်ကော အဝတ်အစားလဲလေ"

သူမကိုလိုက်ကြည့်နေသော သူ့ကို မျက်စောင်းလေးထိုးကာ ပြောမိ၏။

"အဟွန်း သေချာလည်းကြည့်ဦးဗျ ကိုယ်ကလဲပြီးပြီ"

"ဟင် ဒါဆို အပြင်ထွက်"

ဟုတ်သားပဲ သူက အစိမ်းနုရောင် အသားပျော့ ရှပ်လက်ရှည်နှင့် အောက်က အစိမ်းနုရောင်ပုဆိုးဝတ်ထားတာကြောင့် ရှင်းသန့်နေသည်။

သူ့ကိုအပြင်ဘက်တွန်းထုတ်ပြီး သူမအဝတ်အစား သွက်သွက် လဲလိုက်၏။



Scanned by CamScanner

ဆံပင်များကို ခပ်မြင့်မြင့်လေး စုစည်းကာ အဖြူရောင်ပုလဲတီးကုပ်လေးဖြင့် တွယ်ထားလိုက်သည်။ ယခုတော့ သူမသည် အဖြူ တွေ လွှမ်းနေသောဖြူစင်သည့် မိန်းကလေး။

"ပြီးရင် သွားစို့ နွယ်"

"အင်း"

သူမခေါင်းညိတ်ရင်း လက်ကိုင်အိတ်အဖြူလေးယူလိုက်၏။ သူက လှပသောနွယ်ကိုစိုက်ကြည့်နေသည်။

"အို ဘာလုပ်နေတာလဲ သွားမယ်လေ"

"အဟွန်း နွယ်ကသိပ်လှတော့ . . . ကိုယ်သွားဖို့တောင် မေ့သွားတယ်"

"ရှင်နော်"

"အော် အဲတာပြောမလို့ ဒယ်ဒီတို့ မာမီတို့ရှေ့မှာ မောင့်ကို ကောင်းကောင်းမွန်မွန် ဆက်ဆံဗျ မဟုတ်ရင် မာမီတို့နဲ့ တိုင်ရလိမ့်မယ်"

သူမဘက်ပြုံး၍လှည့်ကာသူပြောသည်။ သူမနှုတ်ခမ်းလေးမဲ့ကာ

"အံမယ် တိုင်ပေ့ါ"

"တကယ်လား"

နောက်မှ မာမီတို့ ရိုက်လို့ဆိုပြီး လာမငိုပြနဲ့ဗျ။

"ဟင်း ဘယ်တော့မှ မငိုဘူး"

နှစ်ယောက်သား စကားများလို့မပြီးချင်သေးပါ။ သို့သော် လူကြီးတွေစောင့်နေတာမို့ ကားဖြင့်ထွက်ခဲ့၏။

"နွယ်"





ကားပေါ် မှာတိတ်ဆိတ်၍ပါလာသော သူမကို သူခေါ်သည်။ သူမ ကပြန်မထူး။ သူသက်ပြင်းချသည်။

"နွယ် မောင့်ကို စိတ်ဆိုးနေလားဟင်။ မောင် တောင်းပန်ပါတယ်နွယ်"

"မလိုပါဘူး ရှင် အနိုင်ရပြီမဟုတ်လား ဒေါက်တာ"

"ဘယ်လိုပြောလိုက်တာလဲနွယ်၊ မောင်က နွယ့်ကို အနိုင်ယူစရာ အကြောင်းမရှိပါဘူး။ ညက ကိစ္စမှ . . ."

"အို မပြောနဲ့"

မျက်နှာနီနီလေးဖြင့် နွယ်တားတော့ သူအသံတိတ်သွား၏ ခဏနေမှ . . .

"ဘာပဲဖြစ်ဖြစ် နွယ့်ကို မောင်ချစ်တယ်၊ ဒါကြောင့် အရင်က ကိစ္စတွေအားလုံးမောင်တို့ မေ့လိုက်ကြပါစို့ နွယ်"

ဟင် သူမေ့စေချင်တော့လည်းလွယ်လိုက်တာပါလားဟု သူမ ကြိတ်တွေးမိသည်။ မေ့လိုက်ကြပါစို့တဲ့ သူ့စိတ်ထဲ တကယ်ပဲ မေညို့ စိမ့်ကို မေ့လိုက်ပြီလားဟု သိချင်၏။

ര ര ര



Book Sharing

Scanned by CamScanner

☆ ☆ ☆

"ကြည့်စမ်း ငါ့သမီးက မတွေ့တာကြာလို့ထင်တယ် ပိုပြီးလှလာပါလားကွယ်"

သူမကိုတွေ့လိုက်တာနှင့် ယောက္ခမကြီး၏ လှိုက်လှဲစွာချီးကျူးစကားကြောင့် ကျေနပ်သလိုပြုံးလိုက်မိသည်။ အနားမှာ သူ ရှိနေတာ မဟုတ်လား။

"မာမီက မာမို့သမီးချည်းချီးကျူးနေတာကိုး သားကော"

ကလေးဆန်ဆန်သူဝင်ပြောတော့ လူကြီးတွေပြုံး၏။ ဦးခင်မောင်ဖြူက

"မင်းက ငါ့သမီးနဲ့ပြိုင်စရာလား ဘုန်းဖြူ"

ဟုမေးတော့ သူမျက်နှာအရဲသွား၏။ သည်တော့ သူမ၏ မိဘတွေဖြစ်တဲ့ ဦးကျော်တီနဲ့ ဒေါ်သဇင်နွယ်တို့က သူ့ဘက်မှ

"အို ကျွန်မတို့သားမက်လေးကလည်း သိပ်လိမ္မာတာပါရှင် သမီးကို ကောင်းကောင်းစောင့်ရှောက်သူပါ"





"အဟွန်း ဒါမှ တို့မာမီ"

ယောက္ခမနှင့်သားမက်ပြေလည်နေတာကြောင့် အဝေးကလာသော သူ့မိဘတွေဝမ်းသာကြပုံ။

"အင်း မသဇင်ပြောသလို သား ဘယ်လောက်လိမ္မာတယ်ဆိုတာ အကဲခတ်ဖို့ ဒီတစ်ခေါက် သားနဲ့ သမီးအိမ်မှာတည်းဖို့ စဉ်းစားတာပဲ"

"ကောင်းပါလေ့ရှင်၊

မဖဲတို့ရှိတော့ကျွန်မတို့လည်းမကြာခဏရောက်တာပေါ့လေ မဟုတ်ဘူးလား အဖေကြီး"

ဒေါ်သဇင်နွယ်က ဦးကျော်တီဘက်လှည့်ကာ မေးလိုက်သည်။ ဦးကျော်တီက ပြုံးပြုံးကြီးခေါင်းညိတ်ကာ . . .

"ဟုတ်တာပေါ့ဗျာ ဦးခင်မောင်ဖြူတို့ ဒီမှာ ကြာကြာနေဖို့ အရေးကြီးတယ်"

"ဒါတော့ မဖြစ်ဘူး ဦးကျော်တီရေ၊ ဟိုမှာက အလုပ်တွေ မန်နေဂျာနဲ့ လွှဲထားရတာ အလွန်ဆုံး တစ်ပတ်ဆယ်ရက်ပဲ . ..

မဖဲက သူ့သားနဲ့ သမီး လွမ်းတယ်ဆိုလို့သာ လိုက်ပို့တာ" နှစ်ဖက်မိဘတွေကလုပ်ငန်းရှင်တွေမို့အချိန်အားဆိုတာရှား၏။ သူ့ကို မိဘလုပ်ငန်းမှာ ဦးစီးစေချင်ပေမယ့် ဝါသနာပါတာမဟုတ်၍ မပြောတော့ပေ။

"ဘာပဲဖြစ်ဖြစ် ရောက်တုန်း ရောက်ခိုက် ဒယ်ဒီတို့ အေးအေးဆေးဆေးအနားယူပါ၊ ခုတော့ အိမ်မှာ မနက်စာ အသင့်ပြင်ထားပါပြီ ဒါကြောင့် သွားကြရအောင်"

"မနက်စာက ငါ့သမီးလက်ရာမှ ဟုတ်ရဲ့လားဟင်"



Scanned by CamScanner

"လူကြီးတွေအလယ်မှာ သူမတို့နှစ်ယောက်ကလေးတွေလို့ မာမိ မေးတော့ သူမပြုံးကာ ခေါင်းလေးညိတ်သည်။

"မာမိတို့ အကြိုက်တွေသမီးစီစဉ်တာပေါ့"

"ဟင်း ဟင်း ဒါမှ မာမိ သမီး"

အိမ်ရောက်တာနှင့် လူကြီးတွေဧည့်ခန်းမှာစကားပြောနေစဉ် သူမ မီးဖိုထဲဝပ်သွက်သွက်ဝင်သည်။

"ဒေါ်ထွေး ဟင်းတွေ ကျက်ပြီလားဟင်"

"အဆင်သင့်ပါပဲ မမလေး"

သူကတော့ မိဘတွေအတွက်ပြင်ထားသော အခန်းမှာ ပစ္စည်းတွေယူလာလိုက်သည်။ မိဘတွေရောက်လာတာ သူနှင့် နှယ်အတွက် တစ်နည်းအားဖြင့်ကောင်းတာပဲဟု မှတ်ယူမိ၏။

"ဒီမှာ ဘာလုပ်နေတာလဲ၊ အောက်မှာ ထမင်းပွဲ အသင့်ဖြစ်နေပြီ"

အပေါ်ထပ်တက်လာရင်း သူမက သူ့ကို မျက်နှာတည်တည်လေးနှင့်ခေါ်သည်။ သူက သူမကိုစူးစနဲကြည့်ကာ

"နေပါဦးနှယ်"

"အို . . ."

သေးကျဉ်းသောသူမခါးလေးကိုလှမ်းဆွဲဖက်၏။ ထို့နောက်ပါး ပြင်နုနုကိုရှိုက်နမ်းဖို့ပြင်သည်။

"ဟင် ဖယ်ပါ"

"မဖယ်ဘူး မောင်လို့ခေါ်"





"ရှင်နော် အောက်မှာလူကြီးတွေ စောင့်နေတယ်"

အရေးထဲ အကြပ်လာကိုင်နေသောသူ့ကို မျက်စောင်းထိုးမိ၏။

"မစောင့်စေချင်ရင် မောင်ပြောတာ လုပ်ပေါ့"

ထိုစဉ်လှေခါးတက်လာသောခြေသံကြောင့် . . .

"အို ဖယ်"

ဖျတ်ခနဲ သူ့ရင်ခွင်မှ သူမရုန်းထွက်လိုက်၏။ ကြည့်လိုက်တော့ မိဘုတ်။

"မေမေကြီးက သူ့အိတ်ထဲကမျက်နှာသုတ်ပဝါ ယူခိုင်းလိုက်ပါတယ် မမလေး"

"အော် အေး ခုပဲယူလာခဲ့မယ်လို့ ပြောလိုက်မိဘုတ်"

"ဟုတ်ကဲ့"

မိဘုတ်ပြန်ဆင်းသွားမှ သူမ သက်ပြင်းချမိ၏။ သူကပြုံးစိစိဖြင့်

"ကြောက်သွားလား"

"အပိုတွေမေးမနေနဲ့ မာမိပုဝါယူပြီး ရှင်ဆင်းခဲ့"

ပြောပြီး သူမခပ်သွက်သွက်လေး ထွက်ခဲ့သည်။ မဟုတ်ရင် ဒီလူက မလွှယ်။

"သားကော သမီး"

"ဟို မာမိပုဝါယူနေတယ်။ ဟင်းရှိုနွေးထားလားလို့ သမီး ကြည့်လိုက်ဦးမယ် မာမီ"

လူကြီးတွေရှေ့နေရတာမျက်နှာပူသလိုမို့ သူမ ထမင်းစားခန်းဘက်ထွက်ခဲ့၏။ မကြာခင် သူတို့အားလုံးအထဲဝင်လာ၏။



Scanned by CamScanner

"အတော်ပဲဟေ့ မနက်ကထဲက ကော်ဖီတစ်ခွက်ပဲ သောက်ထားတာ ဟင်းတွေမြိုင်နေပါလား"

လူခြောက်ယောက်စာ ထမင်းစားပွဲတွင် ဟင်းခွက်တွေကအပြည့်။ နှစ်ဖက်မိဘတွေနှင့်အတူ သူနဲ့ နွယ်ပါဝင်ထိုင်လိုက်၏။

"အင်း ဒါ မိသားစုထမင်းလက်ဆုံ မဖျော်လင့်ပဲ စားတဲ့ပွဲပဲ ဝမ်းသာစရာပဲကွယ်"

"ဟုတ်တယ် မာမီ၊ ကျွန်တော်နဲ့ နွယ်လည်း ဒါပထမဆုံးအကြိမ်ပဲ"

"ဘာ"

လွှတ်ခနဲသူပြောတဲ့စကားကြောင့် လူကြီးတွေ နားမလည်ဖြစ်သွား၏။ သူမကတော့ မျက်နှာလေးရဲကာ . . .

"ဟို ဟိုလေ မာမီတို့အားလုံးနဲ့ ဒီအိမ်မှာ ထမင်းအတူ ပထမဆုံးစားတာကိုပြောတာပါ"

"အဟွန်း နွယ်ပြောသလိုပါပဲ မာမီ"

မျက်နှာချင်းဆိုင်မှ သူ့ကို သူမဖျတ်ခနဲသာမျက်စောင်းထိုးမိ၏။ အမှန်တော့ ဒီထမင်းစားပွဲမှာ လက်ထပ်ပြီးကထဲက သူနဲ့ နွယ်တို့ တစ်ခါမှ ထမင်းလက်ဆုံအတူမစားခဲ့ဖူးပေ။ သူပြောသလို ဒါပထမဆုံးပါပဲ။

"အေး အေး မိဘတွေနဲ့အတူ ထမင်းလက်ဆုံစားရတယ်ဆိုတာ ကံကောင်းလို့ကွယ့်၊ စစ်တွေအိမ်မှာကြတော့လည်း အဖိုးကြီးအဖွားကြီးနှစ်ယောက်တည်း ထမင်းစားတဲ့အခါတိုင်း သားတို့ကို သတိရနေတာ"

ထိုစကားကြောင့် သူစိတ်မကောင်းဖြစ်သွား၏။ ကြီးမားခိုင် ခန့်ထည်လှသော စစ်တွေက သူတို့ တိုက်ကြီးကိုမြင်ယောင်မိသည်။





ဒယ်ဒီနဲ့ မာမီနှစ်ယောက်တည်း ဘယ်လောက်ပျင်းလိုက်မလဲ။

"ဒါကြောင့် မာမီတို့ကို ရန်ကုန်ပြောင်းလာဖို့သားပြောတာပေါ့"

"ဇာတိကိုတော့ မခွဲချင်ပါဘူး လူလေးရယ် လူလေးနဲ့ သမီး အားတဲ့အချိန်တွေသာ လာလည်ကြပါ"

"ဒါတော့ဟုတ်တယ် သား၊ ဒယ်ဒီတို့က ကိုယ့်ဇာတိမှာပဲ ခေါင်းချချင်တာ"

လူကြီးတွေ၏ စိတ်အစွဲကိုတော့ ဖွတ်ပယ်ဖျောက်ဖို့မှ နိုင်းလို့မရပါ။ ဒေါ်သဇင်နွယ်က . . .

"အင်း လူကြီးတွေက ကိုယ့်ဇာတိ ကိုယ်ခင်တွယ်ကြတာ မဆန်းပါဘူး အဓိက သူများတွေ မြေးချီတိုင်း မာမီတို့ အားကျတယ်"

"အဲတာတော့ ဟုတ်တယ်ကွယ် မာမီတို့ မသေခင် မြေးချီသွားချင်တယ်"

"အို . . ."

ထိုစကားကြောင့် မျက်နှာလေးရဲကာ ခေါင်းငုံ့သွားတာသူမ၊ သူကတော့ သူမကို ပြုံးပြုံးကြီးသာလှမ်းကြည့်လေ၏။

ညကြတော့ ခရီးပန်းလာသောလူကြီးတွေက စောစောအိပ်ယာဝင်ကြသည်။ သူမတို့နှစ်ယောက်တည်း။

"နွယ်"

"ဒီမှာ ဒေါက်တာ ရှင် စုတင်ပေါ်အိပ်မှာလား၊ ဒရင်းဘက်ပေါ်အိပ်မှာလား"

ခပ်စိမ်းစိမ်း နွယ့်အမေးကြောင့် သူခေါင်းခါရမ်းသည်။

"ဒီအခြေထိ ရောက်ပြီးမှ မောင့်ကို ဘာဖြစ်လို့ စိမ်းကားချင်တာလဲနွယ်ရယ်"

"အို ကျွန်မ မေးတာသာပြောပါ"

သည်တော့ သူက သူမကိုစပ်စူးစူးကြည့်၏။ သူမရှောင်လွှဲပေမယ့်

"မောင်ကတော့ နွယ်ရှိတဲ့နေရာအိပ်ရမှာပဲ"

"ဟင်"

ပြောပြီး သူနေရာမှထလာ၏။ သူမခြေတစ်လှမ်းဆုတ်ကာ

"ရှင်နော်"

"မောင့်ကို မစိမ်းကားပါနဲ့နွယ်၊ မောင် နွယ့်ကို သိပ်ချစ်မိနေပြီ"

"အို"

သူမကိုယ်လေး သူ့ရင်ခွင်ထဲရွေ့ရနဲ့ပါသွား၏။ ထိုနောက်မီးအမှောင်ကျသွား၏။ သူမတွန်းထိုးရိုက်နက်တော့

"ရှူးတိုးတိုးနွယ် ဟိုဘက်စန်းမှာ လူကြီးတွေ နိုးသွားမယ်"

တဲ့ သည်တော့သူမ နှုတ်လေးတိတ်ကာ သူ့ရင်ခွင်မှာအား လျော့လိုက်ရလေ၏။ တကယ်တော့ သူဟာ သူမသိပ်ချစ်လို့ လက်ထပ်ထားတဲ့ယောကျ်ားတစ်ယောက်မဟုတ်လေသည်။

ေ၀ ေ၀ ေ၀





☆ ☆ ☆

တစ်ပတ်ဆိုသည့်ရက်တွေအတွင်းမှာ သူမဘယ်ကိုမှမသွားနိုင်အောင် အလုပ်တွေများလှ၏။ မနက်မိုးလင်းမှ မိုးချုပ်မိဘတွေကိစ္စအိမ်မှုကိစ္စတွေဖြင့် တနေကုန်တော့သည်။

အုံ့ညိုစရာကောင်းတာက သူသည်လည်း အလုပ်ချိန်များမှလွဲ၍အိမ်မှာမြဲနေ၏။ ဂျူတီမရှိသော အချိန်တွေတွင် သူမကိုပင် မီးဖိုထဲကူလုပ်ကိုင်ပေးသေးသည်။

"ဒေါ်ထွေးရှိနေတာပဲနော်၊ နွယ်ကိုယ်တိုင်မလုပ်ပါနဲ့ ပင်ပန်းပါတယ်"

သူက နွယ်ပင်ပန်းမှာစိုး၍တား၏။ ဒါဟာ နွယ့်အပေါ် ဂရုစိုက်လာခြင်းမို့ကျေနပ်ရသလိုပါပဲ။

"ရပါတယ် ဒေါက်တာ ဒေါ်ထွေးလည်း အားတာမဟုတ်ပါဘူးပြီးတော့ ဒယ်ဒီတို့ကို ကျွန်မကိုယ်တိုင် ဟင်းချက်ကျွေးချင်သေးတယ်လေ"

"ကိုယ်ကို ဘယ်အချိန်ထိ ခေါက်တာလို့ ခေါ်နေဦးမှာလဲ နွယ်"

ထိုအမေးကို သူမ မသိချင်ယောင်ဆောင်လိုက်၏။ သူ့ရင်ထဲ သူမအပေါ် တကယ်မေတ္တာစစ်နှင့်ချစ်လာမှသာယုံကြည်နိုင်မည်။

"ခေါက်တာ ရှေ့ထွက်နေပါတော်ကြာမာမိတို့က သူတို့သားကို နိုင်းတယ်ထင်နေပါဦးမယ်"

"အဟွန်း မာမိကလား လုံးဝထင်မှာ မဟုတ်ဘူး၊ သူတို့ သားက မိန်းမကိုချစ်လို့ ကူလုပ်ပေးနေတာကို သဘောတောင်ကျဦးမှာ"

"အို ဘာမိန်းမလဲ"

"ဟောဗျာ အဟွန်း မဟုတ်ဘူးလား နွယ်က မောင့် မိန်းမလေ"

"အို မသိဘူး"

အပြုံးတွေဖြင့်ကြည့်လာသော သူ့ကို ရှောင်လွှဲကာထွက်လာခဲ့၏။ ထိုစဉ် မာမိဝင်လာသည်။

"အင်း သားနဲ့ သမီး ဒီလိုစည်းစည်းလုံးလုံးနေတာမြင်တော့ မာမိတို့ ဝမ်းသာတယ်"

"နွယ်က ကျွန်တော်ကို အိမ်ရှေ့လွှတ်နေတာ၊ မာမိတို့ဆူမှာ စိုးလို့တဲ့"

"အို ဘာကြောင့် ဆူရမှာလဲ၊ သားအဖေလည်း ဒီလိုပဲ မာမိ မီးဖို ထဲဝင်ရင် ကူလုပ်ပေးတာပဲ . . . .

အိမ်ထောင်ရှင် ယောကျ်ားတွေ မိန်းမအပေါ် ဒီလို ဂရုစိုက်တာ ကောင်းတယ် သမီး"

မာမိလိုသဘောထားပြည့်တဲ့ ယောက္ခမမျိုးရတာ သူမအတွက်





ကံကောင်းပါ၏။

"သမီးက မာမိတို့နဲ့ သူ့ကိုစကားသွားပြောခိုင်းတာ၊ မာမိတို့ ဖျင်းနေမှာစိုးလို့လေ"

"အမယ်လေး မပျင်းပါဘူး သမီးရယ်၊ ခုပဲ မာမိ စိတ်ပုတီး ပတ် ရေပြည့်တယ် . . .သမီး ဒယ်ဒီက စာအုပ်သမား"

"ဒယ်ဒီနဲ့ ကျွန်တော်တူတာပေါ့နော် မာမိ"

သူ၏ ဂုဏ်ယူဟန်အမေးကြောင့် သူမ နှာခေါင်းလေးရှုံ့လိုက် သည်။

"လုံးဝ မတူဘူးနော် မာမိ ဒယ်ဒီက ဒီအချိန်ထိ မာမိတစ်ယောက် ကိုပဲ သစ္စာရှိရှိချစ်တာမဟုတ်လားဟင်"

"ဒါပေါ့သမီးရဲ့ နေပါဦး သားက သမီးအပေါ် သစ္စာမရှိလို့ လား"

မာမိစစ်ဆေးလာတော့ သူမျက်နှာပျက်သွား၏။

"မဟုတ်ဘူးနော် မာမိ၊ နွယ်ကကျွာ မာမိ အထင်လွဲအောင် ဘာ တွေလျှောက်ပြောနေတာလဲ"

"အို ဒါကတော့"

မေသိုးစိမ့်နှင့် ပတ်သက်သောကိစ္စကို သူမရင်ထဲ ယခုထိ မကျေ နိုင်ပါ။ အစွင့်သာတုန်းသူ့ကို ပြောချင်မိ၏။

"ဘောဘုန်းဖြိုး မင်းဘာတွေလုပ်ထားလဲ"

"ဟာ ကျွန်တော် ဘာမှ မလုပ်ပါဘူး မာမိ၊ မယုံရင် နွယ်ကိုမေး ကြည့်ပါ နွယ် မောင် နွယ့်အပေါ်သစ္စာရှိတယ်ဆိုတာ ပြောလိုက်လေ"

ယခုတော့ ကလေးတစ်ယောက်လို မျက်နှာငယ်နှင့် သူမကို ပြော



Book Sharing

Scanned by CamScanner

နိုင်းနေသည် မာမိ မသိအောင် သူမ မျက်စောင်းထိုးလိုက်၏။

"ဒီလိုပါ မာမိ၊ သူက ဆရာဝန်တစ်ယောက်၊ ရုပ်ရည်လေးက လည်းရှိတော့ တစ်ချို့မိန်းကလေးတွေ လိုက်ကပ်ချင်ကြတာပေါ့"

"ဟော့ နွယ်"

မေညိုစိမ့်အကြောင်း ပြောမှာစိုးရိမ်ကာ နွယ့်ကို သူမျက်လုံး ကြီးပြူးပြီးကြည့်၏။

"ဒါပေမယ့် သူကတော့ စိတ်မဝင်စားပါဘူး မာမိ"

သည်လိုပြောလိုက်မှ သူသက်ပြင်းချနိုင်၏။ မာမိကပြတ်သား၏။

"ဒါပဲနော် စောဘုန်းဖြူ မင်းဟာ မာမိတို့ရဲ့ တစ်ဦးတည်းသော သားဆိုပေမယ့် အိမ်ထောင်ရေး ဖောက်ပြန်ရင်တော့လုံးဝခွင့်မလွှတ် ဘူး"

"ဟုတ်ကဲ့ပါ မာမိ"

သူမကြိတ်ကာဝမ်းသာသွားသည်။ ဒါနဲ့များ မေညိုစိမ့်နဲ့ ပတ် သက်ပြီး သူမကို ကွာရှင်းမယ်တောင်ဆိုလိုက်သေးတယ်။

"သမီးလည်း မှတ်ထား၊ တကယ်လို့ သားမှာအပြစ်ရှိလာရင် မာမိ တို့ကို ချက်ခြင်းတိုင်"

"စိတ်ချပါ မာမိ"

ထိုကတိကို သူမခပ်သွက်သွက်လေးပေးလိုက်၏။ သူက မာမိ အလစ်မှာ အံကြိတ်ပြသည်။ သူမပြုံးကာ မသိချင်ယောင်ဆောင် နေ လိုက်၏။

"မာမိက သားကို မယုံဘူးလား"





"အို ဒါမျိုးကိစ္စ မင်းတို့ယောကျ်ားတွေကို ဘယ်လိုယုံရမလဲ"

"စိတ်သာအဓိကပါ မာမိရယ် ဒီလိုကိစ္စမျိုးမှာ ယောကျ်ားမှ မ ဟုတ်ပါဘူး မိန်းမတွေလည်း . . ."

"အို မောင်ကလဲ ကိုယ်မဖောက်ပြန်ရင်ပြီးတာပဲ မာမိ စိတ်ရှုပ် အောင် ဘာတွေ လျှောက်ပြောနေတာလဲကွယ်၊ ကဲ ဒယ်ဒီတစ် ယောက်တည်းပျင်းနေတော့ မောင့်သွားပြီး ချက်စ်ကစားလိုက်ပါဦး ကွယ်"

ရုတ်တရက်ကြီး သူမကသူ့ကို မောင်ချင်းထပ်အောင်ခေါ်ကာ ပြုံးပြုံးလေးပြောလာတော့ အံ့သြသွားရ၏။

ကြည့်စမ်း မိနွယ် မိန်းမလည်လေး၊ သူမနဲ့ ဟိုချာတိတ်ကိစ္စ ပေါ်မှာ ကြောက်ကာစကားလွှဲလိုက်တာပဲ။

"နေပါဦး နွယ်မောင် မာမိကိုပြောစရာ "

"အဟင်းမောင်ကလဲ ဒီမှာ နွယ်တို့ မိန်းမသားချင်းစကား ပြော စရာရှိသေးတယ် . . .ကဲ သွားပါကွယ်"

အမယ် သူလက်မောင်းကို သူမလက်လေးဖြင့် တွဲချိတ်ကာ အပေါက်ထိပင်လိုက်ပို့ပေးနေသည်။ သည်တော့ သူဘာတတ်နိုင်မှာ လဲ၊ သူမရဲ့ 'မောင်' ခေါ်သံက သူ့နားထဲစမ်းရေစီးသံလိုလေ"

"မာမိကို ဘာများပြောစရာရှိလဲ သမီး"

နှစ်ယောက်တည်းကျန်တော့ မာမိက စိတ်ဝင်စားစွာမေးလာ၏။

"ဟို တစ်ခြားမဟုတ်ပါဘူး မာမိ၊ ဒီမှာ ရောက်တုန်း၊ မာမိနဲ့ လိုက်မယ့် စိတ်ထည် ပစ္စည်းလေးတွေကြည့်သွားပါလားဟင် သမီး



Scanned by CamScanner

မိတ်ဆွေဆိုင်ရှိပါတယ်"

မာမီသက်ပြင်းချကာ သူမကိုကြည့်သည်။ သူမထံမျှော်လင့်ထား တာတစ်မျိုးလေ။

"ပစ္စည်းကြည့်ဆိုလို့ မာမီအသိတစ်ယောက် အထည်ကြီးကိုင်တဲ့ အထဲကရှိပါတယ်။ ဒါပေမယ့် မာမီသိချင်တာက သမီးတို့ ခုချိန်ထိ ကလေးမယူကြသေးဘူးလား"

"အို မာမီကလဲ . . ."

ပွင့်ပွင့်လင်းလင်းကြီး မာမီမေးတော့ သူမမျက်နှာလေးနီသွား၏။ မာမီက သူမလက်လေးကို နွေးထွေးစွာဆုပ်ကိုင်သည်။

"သမီးတို့က အသက်ငယ်သေးတာပဲ၊ ကလေးရလွယ်မှာပါ ဆေးဝါးတွေများ"

"ဟင့်အင်း မာမီ၊ သမီးဒီလိုမလုပ်ပါဘူး ဟို ရ . .ရကိုမရသေးတာပါ"

မာမီတို့ အထင်လွဲမခံနိုင်တာကြောင့် သူမဖြတ်ပြောလိုက်ရ၏။ ဟင်း ခက်တာက မာမီတို့အမြင်မှာ သူမတို့ အိမ်ထောင်သက်လနဲ့ ချီပြီးထင်ကာမေးခြင်း၊ တကယ်တမ်းမှာ သူမတို့ အိမ်ထောင်သက် ရက်ပိုင်းပဲရှိသေးတာမဟုတ်လား။

"အေးကွယ် မာမီတို့ လူကြီးတွေအဖို့ ဒီအရွယ် မြေးလေးတွေနဲ့ နေရရင် အသက်ပိုရှည်မယ်ထင်တယ်"

"အော် . . .မာမီရယ်"

လူကြီးတွေကို သူမသနားမိပါ၏။ ကိုယ်ချင်းလည်းစာမိပါသည်။





ထို့အတွက် ကလေးရလာရင် သူမယူဖို့အသင့်ပါ။

ညကြတော့သူနဲ့ ရန်ဖြစ်ကြ၏။

"ရှင်က ကျွန်မအကြောင်းတွေပေါ် မလို့ပေါ့ ဟုတ်လားဒေါက်တာ"

"ဘာမင်းကစပြီး မေနဲ့အကြောင်းမာမီကို ပြောချင်နေတာမဟုတ်လား နှယ်"

"အို ကျွန်မက အမှန်တရားပြောမလို့"

သည်တော့သူကဖျတ်ခနဲကြည့်၏။

"အမှန်တရား ဟုတ်လား နှယ် ကိုယ်တို့ကိစ္စက ပြီးပြီ မင်းသာ ဟိုချာတိတ်နဲ့"

"အို ကျွန်မတို့ကလည်း ဘာမှမဖြစ်ဘူး"

"အေး သေချာပါစေနော်၊ အဲဒီချာတိတ်ကို ကျုပ်လုံးဝမမြင်ချင်ဘူး"

သူပြောမှ ဒီရက်ပိုင်းပျောက်နေသော ဓာနည်ကိုသတိရ၏။ အမှန်တော့ သူမ ကံကောင်းတာပါ။

"ရှင်သာ မေညိုစိမ့်နဲ့ ကင်းပြတ်ပါစေ ဒေါက်တာ"

"နေပါဦး နေ့လည်ကတွေ့ မောင်ဆို"

"အို ဒါကတော့"

"မောင်လို့ပဲခေါ်ပါ၊ မဟုတ်ရင် မင်းနဲ့ ဟိုချာတိတ်အကြောင်း မာမီတို့ကို သွားပြောမယ်"

"မောင်နော်"

"ဗျာ"

အို . . . ကြည့်စမ်း ကလေးဆန်ဆန်သူ့၏ ဖြိမ်းခြောက်တာကို ကြောက်လို့ထက်၊ သူမရင်ထဲကများ သူ့ကိုဒီလိုပဲ ခေါ် ချင်နေတာလား မသိတော့ပေ။

၀၀၀





☆☆☆

"မမ မမ"

"ဟင် စာနည်"

မမျှော်လင့်ပဲ ဒီမနက် စာနည်ရောက်လာတာကြောင့် သူမအံ့သြသွား၏။ သည်ကောင်လေးပျောက်နေတာ လေး ငါးရက်ရှိပြီ။

"တော်ပါသေးရဲ့ဗျာ၊ မမရှိနေလို့ ဒီမှာ မမအတွက်ပန်း"

ထုံးစံအတိုင်း စာနည်က သူမအတွက်ပန်းစည်းယူလာ၏။ သူမ ခေါင်းခါရမ်းလိုက်သည်။

"အို ဟင့်အင်း ဒီပန်းတွေ မမ ယူလို့မဖြစ်ဘူး စာနည်"

သည်တော့ စာနည်မျက်နှာကွက်ခနဲ ပျက်ကာ . . .

"ဘာဖြစ်လို့လဲ မမ၊ ကျွန်တော်လေးငါးရက်မလာလို့ မမ စိတ်ကောက်နေတာလားဟင် အိမ်ကနိုင်းလိုက်လို့ အရေးတကြီးကိစ္စနဲ့ ခရီးထွက်သွားရလို့ပါဗျာ"

အရေးထဲ စာနည်က သူထင်တာတွေပြောနေ၏။ သူမသက်ပြင်းလေးချ၏။

"မဟုတ်ဘူး ဓာနည်၊ မင်းကို မမစိတ်ကောက်စရာ ဘာအကြောင်းမှ မရှိဘူး"

"ဒါဆို ဒီပန်းတွေကို လက်ခံပါ"

"ဘယ်လိုမှ မဖြစ်ဘူး အိမ်မှာ လူကြီးတွေရောက်နေတယ်။ ဓာနည်၊ ဒါ့ကြောင့် မင်းအမြန်ပြန်ပါကွယ်"

"ဟင် . . ."

မမ၏ ပြန် ဆိုသောစကားကြောင့် ဓာနည်ဝမ်းနည်းသွားရသည်။ ဒီကောင်ကဖြင့် လွမ်းလိုက်ရတာ။

"ကျွန်တော် မပြန်နိုင်ဘူး မမ၊ မမကို ဘယ်လောက်သတိရ လွမ်းနေတယ်ဆိုတာ သိရဲ့လားဟင်"

"ကျွတ် . . .ဒုက္ခပါပဲ ဒီမှာ မင်းအခုပြန် မမတို့ နောက်မှတွေ့မယ် ဟုတ်လား"

လူငယ်လေးမို့ တစ်ဖွတ်ထိုးလုပ်ခြင်းသော ဓာနည်ကို သူမ ချော့မော့နှစ်သိမ့်လိုက်၏။

"တကယ်လာတွေ့မှာလား မမ"

သူမမျက်နှာကိုသေချာကြည့်ကာ ဓာနည်မေးသည်။ သူမ ခေါင်းလေးသွက်သွက်ညိတ်၏။

"အင်းပါဆိုကွယ် မမ ကတိတည်ပါတယ်"

"ကျွန်တော်ပြန်ဆိုရင်ပြန်ပါ့မယ် ဒါပေမယ့် ဒီပန်းစည်း မမအတွက် ယူလာတာမို့ လက်ခံလိုက်ပါ"

ဖျတ်ခနဲ သူမလက်ထဲပန်းထည့်ပေးပြီး ဓာနည်ပြန်သွား၏။





ဘာပဲဖြစ်ဖြစ် ချာတိတ်ပြန်သွား၍ သူမသက်ပြင်းချနိုင်သည်။

ပန်းစည်းယူပြီး အိမ်ဘက်လှည့်လာစဉ် . . .

"ဒီပန်းက ဘယ်သူလာပေးသွားတာလဲ"

"ဟင် ဒေါက်တာ"

သူနှင့် မျက်နှာချင်းဆိုင်တွေ့ရတာကြောင့် သူမ မျက်နှာပျက်သွား၏။ သူက ခြံအပြင်ဘက်သို့ ခေါင်းမတ်ကြည့်သည်။ တော်သေး၏ ဓာနည်ရဲ့ကားအဝေးရောက်သွားလို့။

"ဟို ချာတိတ် လာပြန်ပြီလား နွယ်"

"အင် သူဖွတ်ပေးသွားတာနဲ့ . . ."

ပက်ပင်းတွေ့နေတာမို့ သူမဝန်ခံလိုက်၏။ ပန်းစည်းယူယုံနဲ့တော့ ဖောက်ပြန်ရာမရောက်ပေ။

"ပေးစမ်း ဒီပန်းစည်း"

"အို . . ."

သူက သူမလက်ထဲမှာ ပန်းစည်းကို ဖျတ်ခနဲ ဆွဲယူလွှင့်ပစ်လိုက်သည်။

"ဘာလဲ မင်းကဒီပန်းစည်းကို သိပ်နှမြောနေလား နွယ်၊ ကောင်းပြီး ဒီထက်မကသာတဲ့ ပန်းစည်းတွေ ငါဝယ်ပေးမယ်ကွ"

တစ်ယောက်တည်း ဒေါသဖြစ်နေသော သူ့ကို သူမစိတ်ပျက်စွာကြည့်မိ၏။

"ကျွန်မက နှမြောတယ်လို့ပြောနေသလား ဒေါက်တာ"

"ဒါဖြင့်"



Scanned by CamScanner

"ဒီပန်းစည်းကို မာမီတို့မြင်သွားရင် ဘယ်လိုပြောမလဲ၊ အမှိုက်ခြင်းထဲ တစ်ခါတည်းထည့်မှပေါ့"

သူမကပင်အကြံပေးလိုက်လေ၏။ သည်တော့သူက သူမကို မယုံသလိုကြည့်၏။

"ဒါဆို မင်း ဟို ချာတိတ်အပေါ် တကယ်ဘာမှမရှိဘူးပေါ့ နွယ်"

"အို ဘာရှိရမှာလဲ သူကို ကျွန်မ မောင်လေးတစ်ယောက်လိုပဲ ခင်တယ်"

ဒါဟာရင်ထဲက အမှန်တရားဖြစ်၏။ အဓိက သူကို အရွဲ့တိုက်တာ စာနည်းနှင့်တွဲပြလိုက်ခြင်းပါ။

"ဒါဖြင့် နွယ်ချစ်တာက"

"အို မသိဘူး"

မျက်နှာလေးဖျက်ခနဲ နီလျက် . . .

သူမရှောင်ထွက်ခဲ့၏။ သူက တစ်စုံတစ်ရာကို သဘောပေါက်စွာ ပြုံးလိုက်သည်။

"နွယ်ရယ်"

တကယ်တမ်း နွယ် ချစ်တာသူကိုပါလား။ လက်ထပ်ပြီးစ နေ့ရက်တွေမှာ သူမက သူ့အပေါ် ဂရုစိုက်ခဲ့တာတွေမြင်ယောင်မိ၏။ ထိုသို့တွေးမိတာနှင့် သူမရှိရာအပေါ် ထပ်လိုက်တက်ခဲ့သည်။

"နွယ်"

"ဟင်"

ပြတင်းပေါက်ကို ကျောပေးလျက်ရပ်နေသော သူမအား နောက်





မှ သိုင်းဖက်လိုက်၏။

"နွယ် ဘယ်သူ့ကိုချစ်တယ်ဆိုတာ မောင်စဉ်းစားမိပြီ"

"ဒီတော့ . . ."

"အဟွန်း နွယ် ချစ်တာ မောင့်ကိုပဲဗျ"

"အို . . ."

သူပြောရင်း သူကိုယ်လေးကို ဆွဲလှည့်ကာ ရင်ခွင်းအပ်၏။ ထိုနောက်မွှတ်သိပ်သောအနမ်းများ . . . ။

"မောင် သိပ်ပျော်တာပဲနွယ်"

"ဘာကြောင့်လဲ"

"အဟွန်း နွယ်က ချစ်တယ်ဆိုလို့"

"အမယ် သူ့ကို ဘယ်သူက ပြောသေးလဲ"

သူ့ရင်ဘတ်ကြီးကိုတွန်းဖယ်ကာ မျက်စောင်းထိုးပြီးမေး၏။ သူရယ်သည်။

"ဟောဒီ နွယ့်မျက်ဝန်းတွေကပြောနေတာလေ"

"အို"

သူမက မလုံမလဲဖြင့် မျက်လွှာချပြလိုက်တော့ သူသဲသောကျစွာရယ်၏။ သူမကိုယ်လေးကို တင်းတင်းဖက်ကာနမ်းရှိုက်မဆုံး။

"မောင့်ကို ချစ်တယ်လို့ပြောပါလား နွယ်"

"ဒေါက်တာပဲသိတယ်ဆို"

"ကျွတ် ဒေါက်တာတဲ့ နွယ်နော် မစိမ်းနဲ့"

သူ့ကို ဒီလိုစရတာ သူမကျေနပ်၏။



Book Sharing

Scanned by CamScanner

"အဟင်း မောင်ပဲ သိတယ်ဆို"

"ဒါပေမယ့် နွယ့်နှုတ်ဖျားကပြောတာ ကြားချင်တယ်"

"နေပါဦး ဟော့ဒီရင်ဘတ်ကြီးထဲမှာ မေညိုစိမ့် ဆိုတာရှိနေတုန်းပဲ မဟုတ်လား"

သူ့ရင်ဘတ်ကြီးကိုလက်ညှိုးနှင့်ထောက်ကာ မကျေနပ်ဟန်ဖြင့် သူမ မေးလိုက်၏။

"နွယ် တစ်ယောက်ပဲရှိတယ်၊ မယုံရင် နွယ်နဲ့အတူ မောင်တို့ မေ့ဆီသွားရအောင်"

"တကယ်လား"

သူမနဲ့အတူနှစ်ယောက်တွဲကာ မေညိုစိမ့်ဆီသွားဖို့ ပြောတာမို့ ယုံချင်သွားပါ၏။

"နှစ်ကယ်ဖျ ခင်ဗျားသာ ဟိုချာတိတ်ကို မောင်းထုတ်"

"အို သူနဲ့က အစထဲက ဘာမှမဟုတ်ဘူး။ မောင့်ကို အရွဲ့တိုက်ချင်လို့တွဲတာ"

"ကြည့်စမ်း ကြည့်စမ်း အဲတာတကယ်အန္တရာယ်ဗျ ကျားကို ဘာမှတ်နေလဲ နွယ်"

သူစိုးရိမ်စွာပြောတော့ သူမပြုံးလိုက်၏။

"ဇာနည်က ရိုးပါတယ်။ မောင် ဒါကြောင့် ခဏတွဲတာပါ"

"ဟို ချာတိတ်ဘက်ကကော"

"ဟင့်အင်း၊ မသိဘူး၊ ဒါပေမယ့် နွယ့်မှာ မောင်ရှိမှန်းသိရင် သူ ရှောင်သွားမှာပါ"





နွယ်၏အတွေးက ရိုးရှင်းလှသည်။ သူ့ခေါင်းခါရမ်းကာ . . .

"မောင်တော့ မထင်ဘူး နွယ်၊ နွယ်က သိပ်လှတော့ ဟိုချာတိတ် တကယ် စိတ်ဝင်စားနိုင်တယ်"

"မစိုးရိမ်ပါနဲ့မောင်၊ နွယ်မှာ ပိုင်ရှင်ရှိမှန်း မသိလို့ပါ"

"ဘာပဲဖြစ်ဖြစ် အဲဒီချာတိတ်ကိုသတိထား နွယ်"

သူမကတော့ မေညိုစိမ့်အပေါ် စိတ်လည်နေတဲ့ မောင်၏ အချစ်တွေပြန်ရတာမို့ ဇာနည်ကို ကြိတ်ကာကျေးဇူးတင်လိုက်သေးသည်။

ဇာနည်နဲ့သာမတွဲပြရင်မောင်တစ်ယောက် သူမကို ဒီလိုချစ်လာမှာမဟုတ်။

"ကျေးဇူးပဲ ဇာနည်"

ꩰ ꩰ ꩰ



Scanned by CamScanner

☆ ☆ ☆

"သမီးရေ ဒီနေ့လည် မာမီဟိုတစ်ခါကပြောတဲ့ စိန်ပွဲစား မိတ်ဆွေဆီသွားမလို့ မာမီကို လိုက်ပို့ပါကွယ်"

"ရှင် ဟုတ်ကဲ့ မာမီ"

နေ့ခင်းဆို မောင်က ဆေးရုံးသွားပြီ မိဘတွေနှင့် သူမကျန်ခဲ့၏။

"မင်းတို့သွားလေ ငါတော့ စာဖတ်နေမယ်"

ဒယ်ဒီက အိမ်မှာ နေခဲ့တာမို့ မာမီနဲ့ သူမနှစ်ယောက်တည်း ထွက်ခဲ့၏။ ရွှေတောင်ကြားရှိ ခြံကျယ်ကြီးတစ်ခုအတွင်းသို့ သူမကား ချိုးဝင်လိုက်သည်။

"ဒေါ်ကေသီက စိန်ကိုအထည်ကြီးတွေပဲကိုင်တာ သမီးရဲ့၊ သူ့ယောကျ်ားက ကုမ္ပဏီပိုင်ရှင်"

ယခုရောက်လာသောအိမ်ရှင်၏ အကြောင်းယောက္ခမကြီးက ရှင်းပြနေသည်။ တိုက်ကြီးမှာ ခေတ်မီတာနှင့်အမျှ ခန့်ငြားလှပ၏။ ကျယ်ဝန်းသော ဆင်ဝင်အောက်သူမကားလေးကိုရပ်လိုက်၏။





"လာ လာ မဖုံ၊ ဖုန်းဆက်ထားလို့ သိကြိုစောင့်နေတာ"

အိမ်ထဲမှ အသက်ငါးဆယ်ကျော်အရွယ်ပေမယ့် နားတွင်အရည်ကောင်းသောစိန်နားကပ်ကြီး တစ်ဖျပ်ဖျပ်နှင့် ခေတ်မီစွာ ဝတ်ဆင်ထားသော ချောမောခန့်ငြားသည့် အမျိုးသမီးကြီးထွက်လာ၏။

"သိက္ခ မတွေ့ရတာကြာလို့ထင်တယ်၊ ပိုန၊ ပိုလှလာပါလားကွယ်"

"အမယ်လေး မဖုံရေ မမြှောက်နဲ့ ဘယ်လောက်ပဲနုပျိုအောင်လုပ်ပါစေ၊ အဖွားကြီးဟာ အဖွားကြီးပါပဲကွယ်"

သို့သော် ဘီးဆံပတ်ထုံးနဲ့ဖြစ်သည့် သူမ၏ ယောက္ခမထက်စာလျှင် ဒေါ်ကေသီက ခေတ်မီစွာဖြင့် အမှန်တကယ်နုပျိုနေပါသည်။

"အဟင်း သိကကောပြောရောမယ်၊ အော် သိ ဒါ တို့ချွေးမလေးနှယ်ဝတီတဲ့"

"အိုကြည့်စမ်း သမီးလေးက ချောလိုက်တာကွယ်၊ မဖုံတို့ ချွေးမရတယ်ကံကောင်းတာပဲ"

ဒေါ်ကေသီ၏ လိုက်လိုက်လှဲလှဲချီးကျူးစကားကြောင့် သူမပြုံးလိုက်သည်။

"ကျေးဇူးပါပဲ အန်တီ၊ ဒါပေမယ့် နှယ်အမြင်မှာ အန်တီက ပိုလှနေတယ်"

"ဟော့ အဟင် ဟင်း၊ လှတယ်ပြောရင် အသက်ကြီးလည်း ကြိုက်တာပါပဲကွယ် မဖုံချွေးမက ရုပ်လေးတင်လှတာမဟုတ်ဘူး၊ စကားပြောလည်း တယ်ကောင်းပါလား ကဲ ဒီနေ့တော့ ထမင်းစားပြီး



Scanned by CamScanner

မှပြန်ကြ"

သဘောကောင်းပုံရသော ဒေါ်ကေသီက သူမတို့ကို လိုက် လိုက်လှဲလှဲ ဧည့်ခံနေ၏။ ထမင်းမစားခင် လက်ဖက်ရည်နှင့် မုန့်သစ်သီးစုံဖြင့် ဧည့်ခံနေသေးသည်။

ဒေါ်ကေသီ၏ကျယ်ဝန်းသောအိမ်ကို ဧည့်ခန်းမှာ အဆင့်မြင့်ပစ္စည်းများဖြင့် သန့်ရှင်းလှပနေသည်။

"ဟင်"

သူမမှာ ဧည့်ခန်းထဲလိုက်ကြည့်ရင်း မမျှော်လင့်ပဲ ဓာတ်ပုံ တွေ့တာကြောင့် အံ့သြသွား၏။ ဓာတ်ပုံဘေးတစ်ဖက်စီတွင်လည်း အမျိုးသားတစ်ယောက်ဆီ။

"သီက သားသုံးယောက်မွေးထားတာလား"

ဒေါ်မင်းဖဲမေးတော့ ဒေါ်ကေသီသက်ပြင်းချ၏။

"ဘာလဲ ဟိုပုံကိုကြည့်ပြီးမေးတာလား မဖဲ"

"အင်းလေ အဲဒါ ကေသီသားတွေမဟုတ်လား"

"ဟုတ်ပါတယ် ဒါပေမယ့် သားကနှစ်ယောက်၊ သမီးတစ်ယောက်"

သို့သော် ဓာတ်ပုံထဲမှာတော့ ဓာတ်ပုံအပါအဝင်ယောကျ်ားလေး သုံးယောက်သာရှိ၏။

"ဒါဖြင့် သမီးကော"

ယောက္ခမကြီးအမေးကို သူမပါစိတ်ဝင်စားနေသည်။ ဒေါ်ကေသီက ဓာတ်ပုံကိုကြည့်ကာ . . .

"အလယ်ကလေ ဘယ်နှယ့်လဲ ယောကျ်ားလေးနဲ့မတူဘူးလား"





"ဟင်"

"အို"

အလယ်ပုံမှာ ဓာတ်ပုံဖြစ်နေတာကြောင့် သူမ မယုံနိုင်စွာ အံ့သြသွား၏။ ဒေါ်မင်းဖဲလည်း အံ့သြနေသည်။

"အကြီးနှစ်ယောက်က သားဖြစ်နေတော့ အငယ်ဆုံးကို သမီးလေးလိုချင်ခဲ့တယ် မဖဲ၊ ကေသီဆုတောင်းပြည့်ပါတယ်။ တကယ်ပဲ မိန်းကလေးမွေးတယ်။ ဒါပေမယ့် အစ်ကိုတွေကြားကြီးလာတော့ ငယ်ငယ်လေးထဲက ယောကျ်ားလေးလိုဖြစ်နေတယ်။ ဝတ်တာစား တာက အစ အစ်ကိုတွေနဲ့အတူတူ၊ ငယ်တုန်းမို့ ဒီလိုပဲနေလိုက်တာ ကြီးလာရင် မိန်းကလေးစိတ်ဝင်ပြီး သူ့ဘာသာပြောင်းလဲမယ် ထင်မိတာ မှားတော့ တာပဲ မဖဲရေ၊ သူကိုယ်သူ တကယ့်ယောကျ်ား လေးလိုဝတ်စားနေထိုင်ပြီး ယောကျ်ားရှာစိတ်ကိုပေါက်နေရော"

ရှောမောနေသောဒေါ်ကေသီ၏မျက်နှာသည် ယခုတော့ သမီးကြောင့်စိတ်ရှုပ်ဟန်ပေါက်နေ၏။

သူမမှာတော့ ဓာတ်ပုံဟာ မိန်းကလေးဆိုတာ သိလိုက်ပြီမို့ အံ့သြမဆုံး၊ လောကကြီးမှာ မထင်မှတ်တာတွေဖြစ်တတ်ပါလား။

"နာမည်က ခင်ဓာတ်လှိုင် အဲဒါ ဘယ်သူမေးမေး၊ သူကိုယ်သူ ဓာတ်ပဲပြောတယ် မသိတဲ့ လူတွေဆိုသူ့ကို တကယ့်ယောကျ်ားလေး မှတ်နေကြတာ"

ထိုအထဲမှာ သူမတောင်ပါခဲ့သေးတာပဲ၊ ဒါကြောင့် ဓာတ် ရှောမောပုံမှာ မိန်းမချောလေးဟုထင်နေခဲ့တာ၊ ကြည့်စမ်း ယောကျ်ား မှတ်



Scanned by CamScanner

ပြီးတွဲမိတဲ့သူမ၊ ဘယ်လောက်ရယ်စရာကောင်းလဲ။

"အင်း ထင်ချင်စရာပဲ သီ၊ တို့တောင် သီ မပြောရင် သားပဲထင်နေမိတာ ခုတော့ သူဘယ်မှာလဲ"

"အမယ်လေး သူငယ်ချင်းတွေဆီသွားတယ် မဖံ တစ်ခုတော်သေးတာက၊ သူ့ သူငယ်ချင်းတွေဆိုတာ မိန်းကလေးတွေမို့လေ"

သူမမှာ ဇာနည်၏ ပိရိပုံကို အံ့သြနေမိသည်။ ဇာနည်က မိန်းကလေးတွေကို အချစ်တော်ဖွဲ့နေတာပါလား။

မောင်သိလျှင်ဘယ်လောက်အံ့သြမလဲ၊ ဇာနည်နှင့် ပတ်သက်ပြီး သူမကို စိုးရိမ်နေတာမဟုတ်လား"

"အင်း သီမှာလည်း ဒီလောက်ပြည့်စုံနေလျက်နဲ့ စိတ်ဆင်းရဲစရာရှိနေတာကိုး လူတိုင်းမှာ ကိုယ့်အပူနဲ့ ကိုယ်ဆိုတာ တယ်မှန်ပါလား"

"အဲတာ မဖံရေ၊ ဟောဒီလို သမီးလှလှလေးတွေမြင်ရင် သီမှာ စံစားရတယ် ပြောရင်း စဉ်းစားမိပြီ သမီးနှယ်ကိုပဲ အကူအညီတောင်းရမယ် တစ်ခေါက်လောက် သမီးညီမနဲ့လာတွေ့ပြီး မိန်းကလေး စိတ်ဝင်အောင် စည်းရုံးပေးစမ်းပါကွယ်၊ သမီးလိုလှပတဲ့ မိန်းကလေး မြင်ရင်၊ သူလှချင်လာမယ်။

"ဟုတ် ဟုတ်ကဲ့ နှယ်ကြိုးစားပါ့မယ် အန်တီ"

ကတိသာပေးလိုက်ရ၏။ သူမစိတ်ထဲကတော့ ဇာနည်ဟာ ကျွန်မကို အချစ်တော်လာဖွဲ့နေတဲ့၊ အကြောင်းဘယ်လိုပြောရမလဲ။

"အေးကွယ် အားကိုးပါတယ်"

"တတ်နိုင်ရင် သမီး ကူညီလိုက်ပါကွယ်။ ဒါမျိုး ကုသိုလ်ရတယ်"





"ကောင်းပါပြီ မာမီ"

အဖြစ်ကဆန်းကြယ်လှ၏။ ဇာနည်ကို မိန်းမစိတ်ဝင်အောင် သူမကပြန်စည်းရုံးရမယ်တဲ့။

"ကဲ ကဲ ပစ္စည်းတွေ ပြပါဦး သီ၊ ဟော့ဒီ သမီးကို ရောက်တုန်း ပစ္စည်းဝယ်ပေးချင်လို့"

"အို မာမီသမီးမှာရှိပါတယ်"

လက်ထပ်တုန်းကလဲ ယောက္ခမတွေလက်ဖွဲ့တာမို့ သူမငြင်းလိုက်ပေ၏။

"ရှိလည်းဘာဖြစ်လဲ သမီးရယ်၊ ပုံဆန်းလေးရှိရင် ယူထား၊ ငယ်တုန်းဝတ်ရတာကွယ့်"

"ဟုတ်တယ် သမီးရေ မဖံမှာ မိန်းကလေးဆိုလို့ သမီးကိုပဲ ဆင်စရာရှိတာ ယူလိုက်ပါကွယ်၊ သမီးအတွက်မို့ အန်တီလည်း ဈေးလျှော့ပေးမှာပါ"

ပြောရင်းဒေါ်ကေသီက ပစ္စည်းများသွားယူ၏။ မကြာခင် အနက်ရောင် ကတ္တီပါဗူးများနှင့် ပစ္စည်းမျိုးစုံပြလာသည်။

"ကဲ သမီးကြိုက်ရာရွေးကွယ်"

ယောက္ခမကြီးကျေနပ်အောင်ရွေးလိုက်ရပေမယ့် တကယ်တမ်းသူမစိတ်တွေရောက်နေတာက ဇာနည်ဆီလေ။

"အင်း မဖံကဆင်စရာသမီးရှိလို့ ကံကောင်းသေးတယ်။ သီမှာတော့ သမီးရင်းရှိလျက် ဘာမှဆင်လို့မရဘူး၊ ဒါတွေကြည့်ပြီး စိတ်ဆင်းရဲရတယ်"



Scanned by CamScanner

ဒေါ်ကေသီ၏ စံစားချက်ကို သူမကိုယ်ချင်းစာသည်။ သည်လောက်ချမ်းသာပြည့်စုံနေတာ တစ်ဦးတည်းသော သမီးလေးကို သူများတွေထက်သာအောင်ဘယ်လောက်ဆင်ချင်လိုက်မလဲ။

"အားမလျှော့ပါနဲ့ အန်တီ ဇာနည် မိန်းကလေးစိတ်ပြန်ဝင်လာမှာပါ"

"အင်း သမီးပြောတဲ့ရက်ကိုပဲ မျှော်လင့်မိပါတယ်ကွယ်"

သူမကတော့ဘာပဲဖြစ်ဖြစ် ဇာနည်ကို စေတနာထားကာ ဘဝမှန်ရောက်အောင် ကြိုးစားဖို့ ဆုံးဖြတ်လိုက်၏။





☆ ☆ ☆

"နေ့လည်က မောင်ဖုန်းဆက်တော့ အိမ်မှာမရှိဘူး နွယ်"

ညနေသူပြန်လာချိန်မှာ ရောက်တာနှင့် သူမကိုမေး၏။

"ဟုတ်တယ် မောင်၊ မာမီနဲ့ အပြင်ထွက်နေတာ"

"တော်သေးတာပေါ့ မာမီနဲ့ သွားလို့၊ မောင်ကနွယ် ဟိုချာတိတ်ကိုသွားတွေ့တယ် မှတ်နေတာဗျ"

"ဘာလဲ ဇာနည်ကိုပြောတာလား"

"အင်း"

သည်တော့ သူမရယ်ချင်သွား၏။ ဇာနည်အကြောင်းသူဘာမှ မသိသေးလို့ ဒီစကားမျိုးပြောနေတာပဲ"

"ဘာပြုံးတာလဲနွယ်"

"အဟင်း ဇာနည်ကို မောင်သဝန်တိုနေလို့လေ"

"ဘာလဲ ကိုယ့်မိန်းမကို ပိုးတဲ့ကောင် မောင်သဝန်မတိုရဘူးလား"



Book Sharing

Scanned by CamScanner

"အဟင်း ဟင်း"

သူဒီလိုပြောလေ၊ မနေ့လည်က ဇာနည်အဖြစ်မှန်ကိုသိလာသော သူမ ရယ်ချင်လေပါပဲ။ ဒါကို မကြိုက်ဟန်ဖြင့် သူမျက်နှာ ကြီးရဲကာ

"နွယ်က အဲဒီချာတိတ်ကို တော်တော်သဘောကျနေလား ဒါပဲ မောင်ပြောထားတယ်နော် အဲဒီချာတိတ်နဲ့ လုံးဝမဆက်သွယ်ဖို့"

"ဒီလောက်တောင်ပဲလား မောင်၊ ရိုးရိုးသားသားတောင် မခင် ရဘူးလား"

မောင့်ကိုချေင်စိတ်နှင့် သူမပြုံးကာမေးလိုက်သည်။

"မရဘူး ဘယ်ယောကျ်ားမှ နွယ့်နားကပ်တာ မောင်မကြိုက် ဘူး"

"သိပ်သဝန်တိုတာပဲ"

သူမမျက်စောင်းထိုးပြောတော့ သူချော့သည်။

"ဒီလိုဖြစ်တာ နွယ့်ကို မောင်ချစ်လို့ပဲဗျ"

"တော်ပါ မေ့ကို"

"ဟော ဟော အဲတာပြောမလို့ ဒီညနေပဲ မေနဲ့ မောင်တို့ သွားတွေ့ ကြစို့"

"မောင်တကယ်သွားမလို့လား"

"ဒါပေါ့ နွယ် အထင်လွဲတာတော့ မခံနိုင်ဘူး"

ယခုလိုပြောလာတော့ သူ့အချစ်ကို ယုံချင်သွား၏။ သူမ မသွားပါ ဘူးဟုငြင်းတဲ့ကြားမှာ မေညိုစိမ့်ဆီ သူခွတ်ခေါ်လာသည်။

"မေ"





"ဟင် စောနဲ့ နွယ်"

မေညိုစိမ့်မှာလည်း မဖျော်လင့်ပဲ သူမတို့နှစ်ယောက်ကို အတူ တွဲတွေ့ရ၍ အံ့သြဝမ်းသာပုံ သူမ မေ့ကို ပြုံးပြလိုက်၏။

"နေကောင်းတယ်နော် မေ"

"အို ကောင်းပါတယ် စောနဲ့နွယ်ကို ခုလို အတူပြုံးပြုံးရွှင်ရွှင် ဘွဲ့ရဟာ မေသိပ်ဝမ်းသာတာပဲ"

တကယ်ပဲ မေညိုစိမ့်မျက်နှာလေးက ဟန်ဆောင်မှုမပါ။သူပြုံး ကာ

"အဲ့တာ မေ့ကျေးဇူးပဲ၊ ခုတော့ နွယ့်ကို ကိုယ်စိတ်မချတော့ဘူး"

"အို မောင်ကလဲ"

အမှန်တော့ မေညိုစိမ့်အပေါ်မှာ မောင်နဲ့ပတ်သက်ပြီး သဝန် တိုတာကလွဲလို့ ခင်ပါ၏။ မေညိုစိမ့်ကတော့ သူမတို့ကိုပြုံးကြည့် သည်။

"စောနဲ့နွယ်ကသိပ်လိုက်ဖက်ပါတယ်။ အမြဲတန်း ပျော်ပျော် ရွှင်ရွှင်နေပါနော်"

"စိတ်ချ မေ၊ ဒီမှာမြင်လား၊ ခုချိန်ကစပြီး နွယ့်လက်ကို ကိုယ် မလွှတ်တော့ဘူး"

သူမလက်လေးကို တင်းတင်းကြပ်ကြပ်ဆုပ်ကိုင်ပြီး သူပြော သည်။ သူမရှက်ပြုံးလေး ပြုံးလိုက်မိ၏။

"မေ့သူငယ်ချင်းက သိပ်ကလေးဆန်တာပဲ"

"ဟုတ်တယ် နွယ်၊ တစ်ခါတစ်ခါ ရိုက်ဆုံးမ . . ."



Scanned by CamScanner

သူ့ပခုံးတွန့်သည်။

"အမျိုးသမီးချင်းစည်းလုံးမိသွားရင်မလွယ်ဘူး။ မေနော် နွယ့်ကို မမြှောက်နဲ့"

"စောက ဆိုးရင်ရိုက်နိုင်းရမှာပဲ။ ဟုတ်တယ်နော်နွယ်"

"အင်း"

အရင်ကအပြုံးအဖေးတွေဘာမှမရှိပဲမေဆက်ဆံတာကြောင့် သူ့မနောင်တရချင်သွား၏။

"မေ့ကို နွယ်တောင်းပန်ပါတယ်"

"အို ဘာ့အတွက်လဲ နွယ်"

မေ့ကို နူးညံ့စွာကြည့်ကာ၊ နွယ်ပြုံးပြလိုက်သည်။

"အရင်က မေ့အပေါ် နွယ်ရိုင်းခဲ့တာတွေအတွက်ပါ"

"မလိုပါဘူး နွယ်ရယ်၊ ဒီလိုဖြစ်တာ စောကို နွယ်ချစ်လို့ပဲ မေ နားလည်နိုင်ပါတယ်"

"မေရယ်"

သဘောထားပြည့်သောမေ့ကိုကျေးဇူးတင်မိရပါ၏။

"အော် မေလည်းအလုပ်ရပြီ စောနဲ့နွယ်"

"ဟင် ဘယ်မှာလဲ မေ"

"အထက်တန်းပြနဲ့ နယ်ကိုသွားရမယ်လေ"

"နွယ် ဝမ်းသာပါတယ်မေ"

"ကိုယ်လည်းဝမ်းသာပါတယ် မေ၊ နယ်ရောက်ရင် မေ အပေါ် ပါ ရှာခဲ့ဟုတ်လား"





"စောနော်"

ယခုတော့ သူတို့နှစ်ယောက်၏ ဆက်ဆံရေးကို နွယ်ကြည် ဖြူစွာကြည့်နေနိုင်ပါပြီ။ သူမတို့ပြန်တော့ မေ ကားနားထိလိုက်ပို့သည်။

"နောက်တစ်ခေါက်မှာ မေက တူ၊ တူမလေးတွေရှိချင်တယ် နော်"

"အို မေကလဲ . . ."

သူမမျက်နှာလေး နီသွား၏၊ သူကတော့ သဘောကျစွာရယ်လို့။

"ကဲ နွယ်ရေအားလုံးက တောင်းဆိုနေကြပြီ"

"မောင်နော်"

သူကိုဆွဲဆိတ်ပစ်လိုက်၏။ ပတ်ဝန်းကျင်က စိမ်းလန်းသာယာ စိုပြေနေသည်။

"ကဲ နွယ့်ရင်ထဲရှင်းသွားပြီလား"

"ဘာကိုလဲ"

"ဟောဗျာ မောင်နဲ့မေ့ကိုလေ"

"အော် အင်းဒါပေမယ့် မေ့မှ မဟုတ်ဘူး တစ်ခြားဘယ်မိန်း ကလေးနဲ့မှ မရှုပ်ရဘူးနော်"

"စိတ်ချပါဗျာ ဒီတစ်ယောက်ကိုတောင်ချစ်လို့ မဝတာ"

"တော်ပါ"

ကားမောင်းနေသောသူ့ပခုံးပေါ် သူမခေါင်းလေးမှီတင်လိုက်၏။ သူ့နှင့်ဒီလိုအဆင်ပြေစွာနေရလိမ့်မည်ဟု သူမထင်ခဲ့ပါ။ ယခုတော့ အား လုံး အဆင်ပြေသာယာသွားတာပါလား။



Scanned by CamScanner

"နွယ်"

"ဟင် မောင်"

"မောင်တို့ နောက်မှာ ကားတစ်စီးပါလာတယ်"

"အို ဇာနည်"

ဟုတ်ပါသည်။ ဇာနည်၏ပြိုင်ကားအနီးလေး သူမတို့ကားနောက်မှ မျက်မှန်နက်တပ်ထားသော ဇာနည်ကိုတွေ့ရ၏။

"ဒီကောင် ဘယ်အချိန်ကထဲက မောင်တို့ နောက်လိုက်နေတယ် မသိဘူးနွယ်"

"နွယ်လည်း သတိမထားမိဘူး"

"တောက် မောင်တစ်ယောက်လုံးပါတာတောင် ဒီကောင် အတင့်ရဲတယ် ကဲ"

"ကျွီ"

မောင်က ကားကို လမ်းဘေးထိုးရပ်ပစ်လိုက်၏။ သူမမျက်လုံးပြူးသွားကာ

"ဟင် ဘာလုပ်တာလဲ မောင်"

"နွယ် အသာနေ"

ကြည့်လိုက်တော့ ဇာနည်ကားကလဲရပ်သွား၏။ မောင်ကဇာနည်ဆီသွားဖို့ပြင်သည်။

"မသွားနဲ့မောင်"

မောင်လက်ကိုဆွဲကာ သူမတားလိုက်သည်။

"ဖယ်ပါ နွယ် မောင် သူနဲ့ စာရင်းရှင်းမယ်"





"အို မလုပ်ပါနဲ့ ဒီကိစ္စ နွယ့်ဘာသာ ရှင်းပါ့မယ်"

"ဘာ နွယ်ကဒီကောင်နဲ့တွေ့ဦးမလို့လား"

မောင့်ဒေါသက သူမဘက်လှည့်လာ၏။ သူမသက်ပြင်းလေးချကာ

"အော် မောင်ရယ် နွယ့်မှာ မောင်ရှိတဲ့အကြောင်းပြောရမယ် မဟုတ်လား"

"မလိုဘူးနွယ် မောင်တို့ အကြောင်း ဒီကောင်သိလို့ လိုက်လာတာ"

"မောင်နော် ဇာနည်ကို မထိနဲ့"

"ဘာ"

ရုတ်တရက် မောင်ကသူ့ကို နားမလည်သလိုကြည့်၏။ သူမမျက်နှာတည်တည်လေးဖြင့်

"ဟုတ်တယ် မောင်နဲ့ ဇာနည်ဘာမှ မပတ်သက်ဘူး ဇာနည်နဲ့ ပတ်သက်တာ နွယ်ပဲ"

"နွယ် မင်းဘာပြောလိုက်တာလဲဟင်၊ ဒီစကားဘယ်ရောက်သွားလဲဆိုတာ မင်းသိရဲ့လား"

မောင့်မျက်နှာကြီးနီရဲလာ၏။

သူမက မောင်မေးတာကို မဖြေပဲ ဇာနည်ကားဆီလျှောက်ခဲ့သည်။

"မင်း သွားတော့ ဇာနည်"

"မမ"

"မနက်ဖြန် ငါဖုန်းဆက်လိုက်မယ် ကဲသွားတော့"

ခပ်ပြတ်ပြတ်လေးအမိန့်ပေးတော့ သူမစိတ်ဆိုးမှာ ကြောက်၍ ဇာနည်လက်လျှော့ပြီးထွက်သွားသည်။

မောင်က သူမကားပေါ်ရောက်တာနှင့် ဝေါခနဲ မောင်းထွက်လေ၏။ တစ်လမ်းလုံးသူမကို စကားမပြောတော့၊ အကြောင်းမသိသေးတော့လည်း မောင်စိတ်ဆိုးဦးပေါ့လေ။





★ ★ ★

"ဘာ ဘာပြောတယ် မမ, ဒေါက်တာ စောဘုန်းမြူဟာ မမ ခင်ပွန်းဟုတ်လား"

ထိတ်လန့်အံ့သြသောမျက်နှာဖြင့် သူမကိုကြည့်ကာ ဇာနည် မေး၏။

သူမတည်ငြိမ်စွာပင်ခေါင်းလေးညိတ်လိုက်သည်။

"ဟုတ်တယ် ဇာနည်၊ မောင်နဲ့ မမလက်ထပ်ခဲ့တာကြာပြီ"

"ဒါ ဒါဆို ကျွန်တော့်ကို မမ . . ."

"မမ တောင်းပန်ပါတယ်၊ ဇာနည် အဲဒီရက်တွေတုန်းက မောင်နဲ့ မမနဲ့ အဆင်မပြေဘူး"

"အော် မမက ကျွန်တော့်ကို အရိုန်ပိုင်း အသုံးချလိုက်တာပေါ့ ဟုတ်လား"

မခံနိုင်သလို ဇာနည်မေးတော့ သူမငြိမ်နေလိုက်၏။ သေချာတွေးကြည့်တော့ ဇာနည်ပြောသလို ဖြစ်သွားသည်။

"မမ တောင်းပန်ပါတယ် ဇာနည်"

"ဘာ ဘာဖြစ် မမကတောင်းပန်တယ်ဟုတ်လား ဘာကို တောင်းပန်တာလဲမမ"

ပျက်ယွင်းသော မျက်နှာနှင့် ဇာနည်မေး၏။ ဇာနည်ဒီလောက် ခံစားရတာ သူမစိတ်မကောင်းပါ။

သို့သော် ဒီလို ပြတ်သားမှုဖြစ်မည်။ မနေ့က ဇာနည်နှင့် ပတ်သက်ပြီး မောင်စိတ်ကောက်ကာ သူမကို အိမ်ရောက်တဲ့အထိ စကားမပြော။ အိပ်တော့လည်း တကြည့်ခန်းထဲမှာ . . .။

သည်မနက်တော့လူကြီးတွေလည်းပြန်ကုန်ပြီး မောင်အလုပ်သွားတာနှင့် သူမ ဇာနည်ဆီထွက်ခဲ့၏။

"မမ မင်းကိုအသုံးချသလိုဖြစ်သွားတယ် ဇာနည်"

"အဟွန်း မမက တောင်းပန်နေချိန်မှာ ဟော့ဒီက ကျွန်တော့်နှလုံးသား ကွဲကြေနေပြီဗျ"

မျက်ရည်တွေဝိုင်းလျက် ပြောနေသော ဇာနည်ကြောင့် သူမ သက်ပြင်းချလိုက်၏။

"ဇာနည် မမကို တကယ်ချစ်တာလားဟင်"

"ဒါ မေးစရာလား မမ ကျွန်တော် ဘယ်လောက်ထိချစ် တယ်ဆိုတာ မမသိသင့်ပါတယ်"

ဇာနည်တစ်ယောက်တကယ်ပဲ အစ်ကိုတွေနှင့်ပေါင်းကာ၊ ယောက်ျားလေးစိတ်အပြည့်ဝင်နေသလား။

"မမကလည်းဇာနည်ကို ချစ်ပါတယ်"

"ဟင်"





ရုတ်တရက် ဇာနည် အံ့သြသွားပုံ၊ ထိုနောက်တဖြည်းဖြည်း ဖြိုးလာကာ

"မမ မမ တကယ်လားဟင်"

"အင်း"

အပြုံးဖြင့် သူမခေါင်းညိတ်လိုက်၏။ ဇာနည်ပျော်သွားသည်။

"ကျွန် . . .ကျွန်တော်ဝမ်းသာလိုက်တာ မမရယ်၊ တကယ်ကိုမယုံနိုင်အောင်ပဲ"

သူမလက်လေးကို ဆုပ်ကိုင်ကာ ပြောသည်။ ယခုမှ သတိထားမိ၏။ ဇာနည်လက်လေးတွေ နူးညံ့လိုက်တာ မျက်နှာလေးကလည်း တကယ်နုဖတ် ချောမောနေသည်။ သည်လောက်ချောတဲ့ ဇာနည်မိန်းကလေးလိုဝတ်လိုက်ရင်၊ ဘယ်လောက်လှမလဲဟု သူမ တွေးမိ၏။

"ကျွန်တော်ကို ဘာလို့ ဒီလောက်တောင် ကြည့်နေတာလဲ မမ"

ရှက်ကိုးရှက်ကန်းဟန်ဖြင့် ဇာနည်မေးသည်။

"အဟင်း ဇာနည်ကချောလို့"

"ဟာ မမကလဲ . . ."

ကြည့်စမ်း ယခုကြတော့ ဇာနည်မျက်နှာလေးနီရဲသွားတာ တကယ့်မိန်းကလေးတစ်ယောက်အတိုင်း။

"တကယ်ပြောတာ မမမျက်စိထဲ ဇာနည်က မိန်းကလေးတစ်ယောက်လိုကိုချောတာကွယ့်"

မိန်းကလေးတစ်ယောက်လို ဆိုတာကြောင့် ဇာနည်မျက်နှာ ကွက်ခနဲပျက်သွားပြီးမှ ချက်ခြင်း . . .



Book Sharing

Scanned by CamScanner

"မမကလဲ ဘာတွေပြောနေတာလဲ၊ ဒီမှာ မမ မမက ကျွန်တော်ကိုချစ်တယ်ဆိုရင် ဒေါက်တာစောဘုန်းဖြူကိုထားပြီး ကျွန်တော်နဲ့ မမ ထွက်ပြေးကြရအောင်လား"

"အို မဟုတ်တာပဲ"

သည်တော့ ဇာနည်မျက်နှာတင်းမာသွာ၏။ သူမကို မကျေနပ်သလိုကြည့်သည်။

"ဘာလဲ မမ ဒါဆို မမက ကျွန်တော်ကိုချစ်တယ်ဆိုတာ ညာပြောနေသလား"

"ဟင်အင်း မမ မညာပါဘူး ဇာနည်၊ မင်းကို တကယ်ချစ်တာပါ"

"ဒါဖြင့် ကျွန်တော့်နောက်လိုက်ရဲရမှာပေါ့ မမရဲ့"

ဇာနည်ဖွတ်ပြောနေ၏။ သူမခေါင်းလေးခါရမ်းကာ .

"မမတို့ဘာကြောင့် ထွက်ပြေးရမှာလဲ ဇာနည်၊ မမကမင်းကိုချစ်တာ ညီမလေး တစ်ယောက်လိုပဲ"

"ဟင်"

"မမ မင်းအကြောင်းတွေ အားလုံး သိပြီးပြီ ခင်ဇာနည်လှိုင်"

"ဘာ . . ဘာ . . ခင်ဇာနည်လှိုင် ဟုတ်လား မမ"

ကြည့်စမ်း ဇာနည်တုန်လှုပ်သွားကာ နောက် မျက်နှာလေး နီမြန်းလျက်မျက်ရည်ဝိုင်းလာ၏။

သူမနေရာမှထကာ ဇာနည်လက်လေးကို ဆုပ်ကိုင်လိုက်သည်။

"အမြင်မှန်ကို ရပါတော့ လှိုင်၊ ညီမလေးဟာ သိပ်ကိုချောတဲ့





မိန်း ကလေးပါ"

"အို ဟင့်အင်း . . ."

ဖြူနုသောပါးပြင်ပေါ် မျက်ရည်တွေစီးကျလျက် ဇာနည်ရှိုက်ငို၏။

"တွေ့စထဲက မမ မင်းကို ဒီလိုထင်ခဲ့တာ၊ ဒါပေမယ့် တစ်နေ့က လှိုင်တို့ အိမ်ရောက်မှ မမအကြောင်းစုံသိခဲ့တာပါကွယ်"

"မမ မမ ကျွန်တော်ကို . . ."

စကားဆက်မပြောနိုင်ပဲ ဇာနည်ငိုနေသည်။ တစ်သက်လုံး ကိုယ့်စိတ်ကိုယ်လှည့်စားကာ နေလာတဲ့ကလေးမဟုတ်လား။

"လှိုင် မာမီတို့ လှိုင့်အတွက်စိတ်မကောင်းဖြစ်နေတာ သမီး တစ်ယောက်အနေနဲ့ လှိုင်ကို တီးတိုးဖော်လုပ်ချင်တယ်လေ"

အခွင့်ရတုန်း သူမက ဇာနည်ကိုနားချနေ၏။ ဇာနည်ငိုကောင်းဆဲ"

"တကယ်တော့ မင်း မမကို ချစ်တာ အစ်မတစ်ယောက်လိုပါ၊ မမလှတာ လှိုင်သဘောကျတယ်လေ၊ အဲဒါ လှိုင်ကိုယ်တိုင် လှချင်လို့ပဲကွယ့်၊ လှိုင်သာ မမလို ပြင်လိုက်ရင် ဟော့ဒီကမ္ဘာမှာ အလှဆုံး မိန်းကလေးဖြစ်သွားမှာပါ"

နူးညံ့ညင်သာသောသူမ၏ စကားတွေကြောင့် ဇာနည် တဖြည်းဖြည်းအငိုစဲလာသည်။ ထို့နောက် သူမကို မျက်လွှာပင့်ကြည့်လာ၏။

"မမ"

"လှိုင်"



Scanned by CamScanner

"ကျွန် . . .ကျွန်တော် ရှက်တယ်"

"အို လှိုင်ရယ် ဒါရှက်စရာမဟုတ်ပါဘူး၊ တကယ်တော့ လှိုင်ကို အဖြစ်မျိုးဟာ မဆန်းပါဘူး။ အစ်ကိုတွေကြားကြီးလာတဲ့ မိန်းကလေး ဒီလို ဖြစ်တာ အတုယူမှားတာပါကွယ်"

သူမအပြုံးဖြင့် ဇာနည်ကိုအားပေး၏။ ဇာနည်ခေါင်းလေးငုံ့ ကာ

"ဒါ ဒါဆို ကျွန်တော်ဘယ်လိုနေရမလဲ မမ"

"အဟင်း မမကူညီမှာပေါ့ကွယ် လှိုင် မာမီက လှိုင့်အတွက် မမကို အပ်ထားတာ"

"ဟင် တကယ်လား"

"ဟုတ်တယ် လှိုင်၊ လှိုင်ကို မိန်းကလေးအသွင်နဲ့ လှိုင်မာမီ မြင်ချင်နေတာ မိဘစိတ်ချမ်းသာအောင်လုပ်ပေးတာလည်း သမီး ကောင်းတစ်ယောက်ဖြစ်တာပဲ လှိုင်"

ဇာနည်က သူမပြောသမျှငြိမ်သက်စွာနားထောင်နေ၏။ သေ ချာတယ် ဇာနည်စိတ်တွေပြောင်းလဲလာပြီဆိုတာ . . .

"သိလား လှိုင်၊ မောင်က လှိုင်နဲ့ မမကို အထင်လွဲနေတာ မနေ့က စိတ်ဆိုးပြီး စကားတောင်မပြောဘူး။"

"အို ကျွန် . . .ကျွန်တော် စိတ်မကောင်းပါဘူး မမ"

ကြင်နာသနားတတ်သောဂုဏ် ဇာနည်တွင်ရှိနေတာဝမ်းသာရ ၏။

"မမအတွက်တကယ်စိတ်မကောင်း . . .ဆိုရင် . . . . . ."

"ဟင် ကျွန်တော်က"





"ရှူး စုရှိန်ကစပြီး လှိုင်ကလို့ပြောနော်"

ရုတ်တရက်နှုတ်ထွက်ခက်နေသော ဇာနည်ကို သူမစိတ်ရှည် စွာ စောင့်လိုက်၏။ ခဏကြာမှ . . .

"လှိုင် . . .လှိုင်က ဘယ်လိုကူညီရမှာလဲ မမ"

"အဟင်း လွယ်ပါတယ် လှိုင် လာ မမနဲ့လိုက်ခဲ့"

ဇာနည် လက်ကိုဆွဲကာ ဗိုလ်ချုပ်ဈေးထွက်ခဲ့၏။ ထိုနောက်စင် တာတွေတစ်ခုပြီးတစ်ခု။

သူတို့ကိုကြည့်နေသော မျက်ဝန်းတစ်စုံကိုမမြင်မိကြ။ ဒါက ဒေါက်တာစောဘုန်းဖြူ၊ ကြည်စမ်း နွယ်နဲ့ ဇာနည် ပျော်ရွှင်ရယ် မောနေလိုက်ကြတာ သူ့ကိုတောင်မမြင်။

"နွယ်"

"ဟင် မောင်"

သူဆက်မကြည့်နိုင်၍ လှည့်ထွက်ပြလိုက်၏။ ဇာနည်ကမျက်နှာ ပျက်နေသည်။

"ဒါ ဘာသဘောလဲ နွယ် မင်းဒီကောင်လေးနဲ့"

"အို မောင် ဘာတွေပြောနေတာလဲ၊ နောက်မှနွယ်ရှင်းပြပါ့မယ်"

"ဘာကွ ဘာမှရှင်းပြမနေနဲ့၊ မင်းနဲ့ ဒီကောင် သစ္စာမဲ့တာ ငါ ဘယ်လိုကြည့်နေနိုင်မှာလဲ"

ဒေါသဖြစ်နေသောသူ့ကို ဇာနည်ဖျတ်ခနဲကြည့်၏။

"ဒီမှာ ဒေါက်တာကြီး . . ."

"အမယ် မင်းကများ ငါ့ကို လေသံမာမာနဲ့ပါလား ရှာတိတ်"

နှစ်ယောက်သားမျက်ဝန်းချင်းဆုံ၏။ ဇာနည်က သဝန်တိုလွန်းသော ဒေါက်တာစောဘုန်းဖြူ့ ခပ်မဲ့မဲ့ပြုံးကာကြည့်သည်။

"ခင်ဗျား မမကိုသိပ်ချစ်တာပဲလား"

"ဒါ မင်း မေးစရာမလိုပါဘူး ဗျာတိတ်"

"အဟင်း လိုတာပေါ့ဗျာ ခင်ဗျားချစ်သလို ကျုပ်ကလည်း မမကို ချစ်တယ်၊ ကဲ မမ မနက်ဖြန်မှတွေ့မယ်နော်"

"အို"

"တောက် ဒီကောင်"

"မောင် . . ."

ခပ်ဆောင့်ဆောင့်လေးထွက်သွားသော ဇာနည်နောက်လိုက် မည်ပြင်နေသည်။ မောင့်ကို သူမလက်လှမ်းဆွဲတားလိုက်ရ၏။

ꩤꩤꩤ





☆☆☆

"ကဲ ဒီကိစ္စဘယ်လိုဖြေရှင်းမှာလဲ ဒေါ်နွယ်ဝတီ"

အိမ်ရောက်တာနှင့် မောင်ဒေါသစခန်းထတော့၏။ သူမကတော့ ခပ်အေးအေးပင်။

"မနက်ဖြန် အဖြေထွက်လာမှာပါမောင်"

"ဘာလဲ ဟိုကောင်ခေါ်ရာနောက်၊ မင်းလိုက်သွားမယ့် အဖြေလား နွယ်"

"မောင်နော် နွယ်ဟာ မောင့်မိန်းမ ဘာကြောင့် သူများနောက် လိုက် ရမှာလဲ"

ထိုစကားကြောင့် သူခပ်မဲ့မဲ့ပြုံး၏။ သူမကိုစိုက်ကြည့်သည်။

"ဒါဆို မင်းဘာကြောင့် မနက်ဖြန် ဟိုဗျာတိတ်နဲ့ချိန်းလဲ နွယ်"

"အို ဒါက"

"ဘာလဲ နောက်ဆုံးလဲထင်တဲ့အတိုင်းပဲ မဟုတ်လားနွယ်"

ခက်ပြီ မောင်၏တစ်ဖက်သက်စွပ်စွဲချက်ကို သူမ ဘယ်လိုဖြေရှင်းရမလဲ"



Scanned by CamScanner

"ဒီမှာ နွယ် မင်းကိုတော့ ငါ ဟိုကောင်နဲ့ အပါမခံဘူး ဒီတော့ မနက်ဖြန် မင်းဘယ်မှမသွားနဲ့ ငါပဲ ဟိုကောင်ဆီသွားမယ်"

"သူက ဒီကိုလာမှာပါ"

"ဘာ အင်းလေ ကောင်းတာပေါ့၊ မနက်ဖြန် ဂျူတီကို လူ စားဝင်နိုင်းလိုက်မယ် တွေ့ကြသေးတာပေါ့ကွာ"

ဒေါသကြီးနေသောသူ့ကို ဘာမှမပြောတော့ပဲ သူမလှည့်ထွက်ခဲ့၏။

မောင် သူမကိုတကယ်ချစ်တာပါလားဟု သိရတော့ဝမ်းသာကြည်နူးရသည်။ ထိုည သူမအိပ်ပျော်ပေမယ့် သူကသက်ပြင်း တစ်ချချနှင့်။

မအိပ်ပဲလမ်းထလျှောက်လိုက် ထိုင်လိုက်လုပ်နေ၏။

"ဘယ်လို ဖြစ်နေတာလဲ မောင် မအိပ်တော့ဘူးလား"

တစ်ရေးနိုးမှာ သူမကရဏာဖြင့်မောင့်ကို ပြောမိ၏။ သူက သက်ပြင်းကြီးချကာ

"ဘယ်လို အိပ်နိုင်မှာလဲ နွယ်၊ ကိုယ့်မိန်းမ သူများလက်ထဲပါမှာ"

"မောင်နော် ဒါ ဘာစကားလဲ စိတ်ချ၊ နွယ့်မှာ မောင်ကလွဲပြီး ဘယ်သူ့ကိုမှ စိတ်မဝင်စားဘူး"

"တကယ်လားနွယ်"

သူမခေါင်းညိတ်လိုက်၏။ သူကသူမကိုတင်းတင်းဖက်ကာ . . .

"နွယ့်ကို မောင်သိပ်ချစ်တယ်၊ တကယ်လို့ နွယ်နဲ့သာခွဲရ မယ်ဆိုရင် မောင်ခံစားနိုင်မှာ မဟုတ်ဘူး"





ဟု လှိုက်လှဲစွာပြော၏။

"နွယ်လည်း အတူတူပါပဲမောင်"

"နွယ်ရယ်"

မောင်က သူမရင်ခွင်ထဲ ကလေးတစ်ယောက်လို တိုးဝင်၏။ နောက်တော့ မောင်အိပ်ပျော်သွားသည်။ သည်တော့မှ သူမသက်ပြင်းချနိုင်၏။

ဓာနည်ရဲ့ ဘဝမှန်ကို သူမနှုတ်ဖြင့် ပြောယုံနဲ့ မောင်လက်ခံမည်မဟုတ် ဒီတော့ လက်တွေ့သက်သေပြတာ အကောင်းဆုံး။

မနက်ကြတော့ သူမထက်အရင်စောစောနိုးနေတာက မောင်၊ အိမ်ရှေ့မှာ မားမားကြီးရပ်လို့။

"မောင် ဘာလုပ်နေတာလဲ"

သူမခြံထဲဆင်းကာ မေးလိုက်၏။ မောင်လှည့်ကြည့်ကာ . . .

"ဟိုကောင်ကို စောင့်နေတာလေ"

"အို မောင်နဲ့စကားတာပဲ သူဘာသာ လာလိမ့်မယ်ပေါ့"

"ဒီကောင်ကို အိမ်ထဲ အဝင်မခံနိုင်ဘူးနွယ်"

မျက်မှောင်ကြီးကြုတ်ကာ မောင်ပြောသည်။ ထိုစဉ် . . .

"ဟော ဟိုမှာ"

"ဟင်"

ဓာနည်၏အနီရောင်ပြိုင်ကားလေးကိုတွေ့ရသည်။ မောင်နှင့်သူမ မျက်တောင်မခတ်ကြည့်နေမိသည်။

"ဟင် ဟိုကောင်ကော . . ."



Scanned by CamScanner

ပြိုင်ကားပေါ်မှဆင်းလာတာ တစ်ခြားလူတစ်ယောက်။

"ဒါ မနှယ်ဝတီအတွက် ဇာနည်ပေးခိုင်းလိုက်တာပါ"

"ဟင်"

လှပသော အဖြူရောင်ပန်းစည်းကြီးသူမလက်ထဲလာထည့်၏။ မောင်မျက်နှာပျက်သွားကာ . . .

"သူကောဗျ"

"နောက်မှာပါ"

ကြည့်လိုက်တော့ မှန်အလုံပိတ်ထားသော အဖြူရောင်လင်ခရုဆာကားတစ်စီး။

ကားကြီးက သူမတို့ရှေ့ရပ်သွားသည်။ ပထမဆုံးကားပေါ်မှ ဆင်းလာတာ အန်တီ ဒေါ်ကေသီ . . .

"ဟင် အန်တီ"

"ဟုတ်ပါတယ် နှယ် အန်တီဖြင့် နှယ့်ကို ကျေးဇူးတင်စကား ပြောချင်လွန်းလို့ ဒီထိလိုက်လာတာပါကွယ်"

ဒေါ်ကေသီက ဝမ်းသာရွှင်လန်းသောမျက်နှာဖြင့် သူမလက်ကို ဆုပ်ကိုင်ကာပြော၏။

"အို မလိုပါဘူး။ အန်တီရယ် တကယ်ဆို နှယ်ဘာမှ မကူညီရပါဘူး"

"ဘယ်နှယ့် ပြောလိုက်တာပါလိမ့် နှယ် အန်တီဖြင့် ဒီဘဝ ခုလိုမျှော်လင့်တောင် မထားဘူး"

မောင်က သူမနှင့် ဒေါ်ကေသီတို့ပြောနေသောစကားတွေကို





နားမလည်ဟန်ဖြင့်ကြည့်၏။

"အော် ဒီသားက"

"နှယ့်ခင်ပွန်းပါ အန်တီ၊ ဒေါက်တာစောဘုန်းပြုံတဲ့"

"အို သိပြီ ၊ မဖဲသား"

ဒေါ်ကေသီကမောင့်ကို ပြုံး၍ကြည့်၏။ သူမက . . .

"မောင်နှုတ်ဆက်လိုက်ပါ၊ မာမီမိတ်ဆွေဒေါ်ကေသီတဲ့"

"ဗျာ ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ် အန်တီ"

"အေးကွယ် အန်တီကလဲ သားတို့နဲ့ သိရတာ သိပ်ဝမ်းသာတာပဲ ခုဆို အန်တီသမီးလေး ဟာ နှယ့်ကြောင့် ဘဝမှန်ကို ပြန်ရောက်သွားပြီ။ အဲ့တာ နှယ့်ကျေးဇူးပဲ"

ဒေါ်ကေသီပြောသဖြင့်မောင်က နားမလည်ဟန်ဖြင့် သူမကို ကြည့် သည်။ သူမပြုံးကာ . . .

"မောင် အန်တီကေသီက ဇာနည်ရဲ့ အမေလေ"

"ဟင်"

"ကဲ သမီးရေ သမီးမဓဆီလာခဲ့ပါတော့ကွယ်"

ဒေါ်ကေသီက ကားဘက်လှည့်ပြော၏။ မကြာခင်နောက်ခန်း တံခါးပွင့်လာကာ ရွှေအိုရောင်လေဒီးရှူးလေးဖြင့် ဖြူနုသော ခြေထောက်လေးတစ်စုံပေါ်လာ၏။

ထို့နောက် . . .

"အို လှိုင်"

"ဟင် . . . မင်း . . ."



BookSharing

Scanned by CamScanner

နေ့ခင်းမှာ လမင်းတစ်စင်းသာလိုက်သလိုပါပဲ။ ရွှေအိုရောင်ဝတ်စုံလေးဖြင့် ဖြူနုလှပနေသော ခင်ဇာနည်လှိုင်ကာ သူမတို့ရှေ့ မျက်လွှာချကာရပ်နေသည်။

"ဒါ အန်တီ သမီးလေး ခင်ဇာနည်လှိုင်ပဲ မောင်စောဘုန်းမြူ"

"ဗျာ"

သူမက ဇာနည် နားသွားလိုက်၏။

"သိပ်လှတာပဲ လှိုင်ရယ်"

"အို မမကလဲ . . ."

ပန်းနုသွေးပါးပြင်နှင့် ဇာနည် ယခုထိရှက်နေတုန်း သူမပြုံးကာ

"မောင့်ကိုနှုတ်ဆက်လိုက်ပါ လှိုင်"

သည်တော့မှ ဇာနည်သည် မျက်တောင်ကော့များဖြည်းဖြည်းပင့်ကာ မောင့်ကိုမဝံ့မရဲကြည့်လာ၏။ ထိုနောက် နူးညံ့ကြည်လင် သောလေသံဖြင့် . . .

"ဒေါက်တာ နေကောင်းတယ်နော်" တဲ့။

မောင်ကတော့ အဖြစ်အပျက်အားလုံးကို နားမလည်ဟန်။

"ကဲ အားလုံးအိမ်ထဲဝင်ကြပါရှင်၊ မောင် မသိနားမလည်တာတွေကို နွယ် ရှင်းပြပါ့မယ်"

ညှိခန်းထဲအားလုံးရောက်လာ၏။ မောင်တစ်ယောက် နှုတ်ဆိတ်လျက် . . .

"ဒီလိုပါ မောင်၊ တကယ်တော့ ဇာနည်ဆိုတာ ယောကျ်ား စိတ်ဝင်နေတဲ့ အန်တီကေသီရဲ့ သမီးအငယ်ဆုံးလေးပါပဲ"





ထို့နောက် သူမက ဇာနည်နှင့်တွေ့ပုံကအစ၊ မာမီစံ ရောက်လာမှ ဇာနည်အကြောင်းများသိပုံ၊ ဒေါ်ကေသီ အကူအညီတောင်းပုံကို အစအဆုံးမောင့်ကိုရှင်းပြလိုက်လေ၏။

ယခုတော့သူ ဇာတ်ရည်လည်သွားလေပြီ။ ဇာနည်ကို ယောကျ်ားအစစ်ထင်ကာ သူ သဝန်တိုခဲ့တာများ သတိရလျက် ရှက်ရျင်သွားရသည်။

"ဘာလို့ ဒီအကြောင်းတွေမောင့်ကို စောစောက မပြောတာလဲ နွယ်"

"အို ဒါက . . ."

သူမဖြေခက်စဉ် ဇာနည်က နေရာမှ ထ၏။

"မာမိ လှိုင်တို့ ပြန်ကြစို့ မမနဲ့ ဒေါက်တာ ဇာတ်လမ်း ဆက်ရှင်းပါစေ"

"ဟင် အေး အေး"

ဒေါ်ကေသီမှာ ဇာနည်တွဲခေါ်ရာ ကားပေါ်သို့ပါသွားလေ၏။ ကားထွက်ခါနီး ဇာနည်က နွယ့်ကို မောင့်အလစ်တွင် မျက်စိတစ်ဖက်မှိတ်ပြသွားတာကြောင့် ပြုံးမိရသည်။

သူမအိမ်ထဲရောက်တာနှင့် မောင်ကို မျက်နှာချင်းဆိုင်လိုက်ရသည်။

"ကဲပြောပါဦး ဘာကြောင့် မောင့်ကို အမှန်တွေ ဖုံးကွယ်ထားပြီး နှိပ်စက်ရတာလဲ နွယ်"

"အဟင်း ဒါကတော့ ရှင်းပါတယ်။ မောင် နွယ့်ကို တကယ်



Scanned by CamScanner

ချစ် မချစ်ဆိုတာ သိချင်လို့ပေါ့"

"အော် တကယ်သိချင်တာပေါ့ ဟုတ်လား၊ ဒီလောက်တောင် မယုံရင် လက်တွေ့ပြရတာပေါ့ဗျာ"

"အို မောင် . . ."

သူမကိုယ်လေး မောင့်ရင်ခွင်ထဲ ခွေခနဲပါသွားစဉ် ဘယ်အိမ် ကမှန်း မသိဖွင့်လိုက်သော ချစ်မိုးကြိုး သဲခနဲ၊ မဲခနဲ ရှာဆိုသည့် တေးသံက သူမ ို့ ပတ်ဝန်းကျင်မှာ မြိုင်ဆိုင်စွာပေါ်ထွက်လာလေ တော့၏။

ချစ်သူတိုင်းပျော်ရွှင်ချမ်းမြေ့ပါစေ။ ။

မြပုလဲသွယ်

ရွှေသမင်စာပေ

Book Sharing

Scanned by CamScanner